


www.burmeseclassic.com
BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com


# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ထုတ်ဝေခြင်း | - | ၂၀၁၃ ခုနှစ်၊ ဇူလိုင်လ၊ ပထမအကြိမ် |
| အုပ်ရေ | - | ၅၀၀ |
| တန်ဖိုး | - | (၁၀၀၀) ကျပ် |
| ထုတ်ဝေသူ | - | ဦးတိုက်မြင့် (သိန်းမင်းစာပေ) အမှတ်(၆၃)၊ ဩဘာလမ်း၊ ကျောက်မြောင်း တာမွေ။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်သူ | - | ဒေါ်အိမွန်သက်လွင် (မြ-၀၈၀၄၂) သစ္စာမွန်ပုံနှိပ်တိုက်၊ အမှတ် (၁၀၆)၊ တာမွေလမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးပန်းချီ | - | Lထင် |
| ကွန်ပျူတာ | - | ပန်းအိစံ |
| ဖြန့်ချိရေး | - | တူးတူး (သစ္စာမွန်) |
| အတွင်းပလင် | - | ကိုအောင်ကျော် |
| စာအုပ်ချုပ် | - | သစ္စာမွန် |

သစ္စာမွန် (T.S.M) Publishing Centre မှ တာဝန်ယူစီစဉ်ပါသည်။

၈၉၅.၈၃

နှိုင်းမဟာ

မုန်တိုင်းနှင်းဆီ/နှိုင်းမဟာ၊ - ရန်ကုန်

သိန်းမင်းစာပေ၊ ၂၀၁၃။

၂၂၂-စာ၊ ၁၂×၁၈ စင်တီ။

(၁) မုန်တိုင်းနှင်းဆီ


ပြည်နယ်ရဲ့အထူးထောက်လှမ်းရေး ကွန်မန်ဒိုတပ်ဖွဲ့ ရှုပ်ဦးအရေးပေါ် အချက်ပေးသံကြောင့် တပ်ဖွဲ့ဝင်အားလုံး ခန်းမကြီးထဲတွင် နေရာယူကြရန် အပြေးအလွှားလာနေကြသည်။

တချို့ရဲဘော်တွေဆိုလျှင် ယူနီဖောင်းကို ပြေးလွှားရင်းဝတ်ဆင်ကြရသည်။

"ဆရာရန်နောင် ဘာတွေထူးလို့လဲ"

ရန်နောင်နှင့်အတူလာနေသော ရဲဘော် ကျော်စိုးအမေးကြောင့်

---

သစ္စာမွန်စာပေ

www.burmeseclassic.com



"ဘယ်သိမလဲ မောင်စိုးရာ၊ အရေးပေါ်ကိုင္ဂတစ်ခုခုပေါ်လို့
နေမှာပေါ့ကွ"

ခန်းမထဲတွင်လူစုံသလောက်ဖြစ်နေလေပြီ။

"အားလုံး သတိ"

"ဖြောင်း..."

ခန်းမထဲတွင်ရှိသောလူအားလုံး သတိဆွဲလိုက်ကြပြီးတိတ်
ဆိတ်ငြိမ်သက်သွားသည်၊ သိပ်မကြာ ရဲမှူးကြီး ရောက်လာသည်။

"အလေးပြု..."

ညီညာစွာအလေးပြုလိုက်ကြသည်။

"အားလုံးနားထောင် ခု အရေးပေါ်ကိုင္ဂတစ်ခုပေါ်လာပြီ"

ရဲမှူးကြီး၏အရေးပေါ်ဆိုသောစကားကို စိတ်ဝင်စားသွား
ကြသည်။

"(× × × × ×)ပလာဇာကို အနုကြမ်းစီးထားတယ်"

"ဟင်..."

"အနုကြမ်းသမားတွေရဲ့ထွက်ပေါက်တွေကိုတော့ ပိတ်ဆို့
ထား ပြီး ဖြစ်ပေမယ့် ဒီကောင်တွေလက်ထဲမှာ ဓားစာခံတွေရှိ
နေတယ်... သူတို့က အဲဒီဓားစာခံတွေနဲ့အကျပ်ကိုင်ပြီးထွက်ပေါက်
တောင်းနေတယ်။ ဒီတော့ ဓားစာခံလုပ်ခံထားရတဲ့လူတွေရဲ့အသက်





ကိုကာကွယ်ရမယ်၊ အနုကြမ်းသမားတွေကိုလက်ရဖမ်းဆီးနိုင်ဖို့အတွက်
ခါတို့တပ်ဖွဲ့က အထူးတာဝန်ယူကြရမယ်၊ ဒီတော့ ဆရာရန်နောင်..."

"အမိန့်ရှိပါ ရဲမှူးကြီး"

"မင်း ဦးဆောင်ပြီး အထူးကွန်မန်ဒိုတပ်ဖွဲ့နဲ့ သွားရမယ်"

"ဟုတ်ကဲ့..."

"အချိန်က သုံးနာရီပဲရမယ်... အထူးကြိုးစားပါ... ဘာ
မေးစရာရှိသေးလဲ"

"မရှိပါဘူး"

"ဒါဆို ခုအချိန်ကစပြီးလှုပ်ရှားတော့"

ရဲမှူးကြီးကို အလေးပြုပြီး တန်းဖြုတ်၍ အပြင်သို့ထွက်လာ
ခဲ့ကြလေသည်။

"ဆရာဇော်ထက်နဲ့ ဆရာဝဏ္ဏ"

"ဆရာရန်နောင် ပြောပါ"

"ခင်ဗျားတို့နှစ်ယောက်က အင်အား (၁၀)ကို ဦးဆောင်ပြီး
တာဝန်ယူပါ။ ကျွန်တော်နဲ့အတူ ကွန်မန်ဒို (၃)ယောက်က အနီးကပ်
ဝင်ပြီးရှင်းနိုင်အောင်ကြိုးစားမယ်"

"ကောင်းပြီ"

ပြည်နယ်ရဲတောက်လှမ်းရေးဌာနချုပ်မှ အနုကြမ်းအမှိုက်



www.burmeseclassic.com

www.burmeseclassic.com



ထားရသော (× × × ×) ပလာဇာဆီသို့ အမြန်ဆုံးလာခဲ့ကြတော့သည်။

ရန်နောင်သေးတွင် ဇော်လှနှင့်မိုးပုံတို့နှစ်ယောက် အနီးကပ်ဆုံးလိုက်ပါလာလျက်၊ ဇော်လှက ကရင်အမျိုးသားတစ်ဦးဖြစ်ပြီး ရန်နောင်နှင့် သက်စွန့်ဆံဖျားပွဲတွေကို ကျောချင်းကပ်ပြီး အောင်ပွဲခံခဲ့သည်မှာ မနည်းပေ။

မိုးပုံ၏နာမည်ရင်းမှာ စောသာ၊ ကရင်လူမျိုးတစ်ဦးဖြစ်ပြီး ကွန်ပျူတာဌာနမှ ရန်နောင်နဲ့အတူ လက်တွဲတာဝန်ယူနေသောသူငယ်ဖြစ်သည်။

"ဆရာ ရန်နောင်"

"ဘာလဲ ဇော်လှ"

"ဒီကောင်တွေက ဘယ်အထပ်မှာရှိနေတာလဲ"

"အပေါ်ဆုံးထပ်မှာ ဓားစာခံတွေခေါ်ထားတယ်လို့ သိထားတယ်"

ရန်နောင်သည် စစ်သုံးမှန်ပြောင်းတစ်လက်ဖြင့် (× × × ×) ပလာဇာ ကို လှေ့လာအကဲခတ်နေမိသည်။ လက်တ နာရီကိုကြည့်လိုက်တော့ သူ ရထားသောအချိန် သုံးနာရီထဲမှ မိနစ်အနည်းငယ် ပွန်းသွားလေပြီ။





"ဆရာရန်နောင် ဘယ်လိုလုပ်မလဲ"

"ဒီကောင်တွေဆီက အဆက်အသွယ်ထပ်ပြီးရသေးလား"

"မရသေးဘူး"

"သူတို့ကို ဆက်သွယ်လို့ရော ရမလား"

"ရတယ်ဆရာ ရန်နောင်၊ ဒီကောင်တွေ ဆက်သွယ်တဲ့ဖုန်းနံပါတ်ကို ရထားတယ်"

"သူတို့ဖုန်းတော့ မဖြစ်နိုင်ဘူး။ ဓားစာခံထဲက လူတစ်ယောက်ယောက်ရဲ့ဖုန်းပဲဖြစ်ရမယ်၊ ဆက်သွယ်ကြည့်ကွာ၊ ငါစကားပြောမယ်"

"ကောင်းပြီ"

အနုကြမ်းသမားတွေကို ဆက်သွယ်တော့

"ရပြီ ဆရာရန်နောင်"

"ငါ့ကိုပေး..."

ဟန်းဖုန်းကိုလှမ်းယူလိုက်ပြီး

"ဟလို"

"ခင်ဗျားတို့ ဘာမကောင်းကြံဖို့ စီစဉ်နေလဲ၊ ကျုပ်တို့လက်ထဲရှိနေတဲ့အသက်တွေက ရာလောက်ရှိတယ်နော်၊ ဘာကိစ္စလဲပြော"

"ကျုပ်တို့လူကြီးတွေက ခင်ဗျားတို့တောင်းတဲ့ အပေးအယူ



www.burmeseclassic.com

www.burmeseclassic.com



ကိစ္စကို ဆွေးနွေးနေပါပြီ"

"ဆွေးနွေးနေတာ အဖြေမဟုတ်ဘူး။ ကျုပ်တို့အတွက် အေးအေးဆေးဆေးထွက်သွားလို့ရအောင် စီစဉ်ပေးဖို့က အရေးကြီးတယ်၊ နို့မို့ဆိုရင်တော့ အောက်ဆုံးထပ်ကနေ အလောင်းတွေကို ကောက်ဖို့သာပြင်ထားပါ"

"ခဏလောက် သည်းခံပေးပါ။ ကျုပ်က ခင်ဗျားတို့ကို စီစဉ်ပေးဖို့လူ ဘယ်လောက်စာအတွက်ဆိုတာ ကြိုပြီး သိထားမှ စီစဉ်ပေးလို့ရမယ်"

"ခင်ဗျားက ဘယ်လောက်ထိ အရေးပါတဲ့သူလဲ"

"ကျုပ်က ရုတပ်ဖွဲ့ရဲ့ ခေါင်းဆောင်ပါ။ လုပ်ပိုင်ခွင့်အပြည့်ရှိတယ်"

"ကောင်းပြီ ဒါဆို ကျုပ်အဖို့လူ (၁၅)ယောက်အတွက် စီစဉ်ပေးပါ"

မြန်မာနှင့်တရုတ်နယ်စပ်နေရာဖြစ်၍ ထွက်ခွာသွားမည်ဆိုလျှင် ခဏလေးနှင့် နယ်စပ်သို့ရောက်ရှိသွားနိုင်သည်။

"ကောင်းပြီ"

"ဖုန်းမချနဲ့ဦး"

"ပြောပါ"





"ကျုပ်တို့ကိုရဟတ်ယာဉ်နဲ့ စီစဉ်ပေးပါ"

"ဖြစ်နိုင်အောင် လုပ်ပေးပါ့မယ်၊ တစ်ခုတော့ တောင်းဆိုချင်တယ်"

"ဘာလဲ...ပြော"

"အချိန်ကို နောက်ထပ် တစ်နာရီလောက်တိုးပေးပါ"

"ခင်ဗျားတို့ ဆွေးနွေးတာ ကျုပ်ပေးတဲ့အချိန်နဲ့ မလုံလောက်ဘူးလား"

"ကျုပ်တို့က နေပြည်တော်က ခွင့်ပြုချက်ကို စောင့်ရမှာမို့လို့ပါ"

"တစ်နာရီ မရဘူး။ နာရီဝက်ပဲရမယ်... ဒါပဲ"

တစ်ဖက်မှ ဖုန်းကိုချသွားသည်နှင့်

"ဇော်လှ"

"ပြောပါဆရာ"

"(×××)ပလာဇာ မြေပုံကို ရအောင်ယူခဲ့"

"စိတ်ချ"

ဇော်လှထွက်သွားပြီး သိပ်မကြာ၊ လူတစ်ယောက်နှင့်ပြန်ရောက်လာသည်။

"ဆရာရန်နောင်သူ့အမည်က ဦးမျိုးလှိုင်ပါ၊ ဒီပလာဇာ



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်ရှင်၊ သူ့ဆီမှာ ပလာဇာရဲ့မြေပုံရှိတယ်"

ရန်နောင် မြေပုံကို ဖြန့်ပြီးကြည့်ကာ

"ဦးမျိုးလှိုင်"

"ပြောပါ ဆရာ"

"ပလာဇာကို အောက်ကသွားလို့ရတဲ့နေရာမရှိဘူးလား"

"ဟာ…ဟုတ်ပြီ… ရှိတယ်ဆရာ၊ မြေအောက် ရေထွက်မြောင်းတစ်ခုတော့ရှိတယ်"

"ဟင်…ဒီနေရာကို ဘယ်ကနေဝင်ရလဲ"

"ဟိုရှေ့က မြက်ခင်းပြင်အောက်မှာ ဝင်လို့ရတဲ့ သံဇကာအပေါက်ကြီးတစ်ခုရှိတယ်"

ဦးမျိုးလှိုင် လှမ်းပြီး ပြလိုက်သောနေရာက အကာအကွယ်မရှိ၊ အပေါ်ကနေကြည့်လျှင် မြင်နိုင်သည်။

အချိန်က တရွေ့ရွေ့ကုန်လာနေပြီ။

"ဇော်လှနဲ့ မိုးပျံ"

"ပြောပါဆရာ"

"ငါတို့ (၃)ယောက် ကားအောက်က နိုပြီးလိုက်မယ်၊ သွားရမယ့် မြက်ခင်းပြင်နေရာကို ဦးမျိုးလှိုင် က မောင်းပါ"

"ကောင်းပြီ"





"ဒါဆို လုပ်ငန်းစတော့"

ရပ်ထားသော ကားအောက်သို့ (၃)ယောက်သား ဝင်လိုက်ပြီး

"လက်တွေမြဲစေနော်"

"စိတ်ချ ဆရာ"

ဦးမျိုးလှိုင် ကားပေါ်သို့ မတက်ခင်

"ဆရာဝဏ္ဏ၊ ဒီကောင်တွေ ကားဘာလို့ ခင်လာတာလဲလို့ မေးခဲ့ရင် ကြည့်ကောင်းအောင် ပြောထားပါ"

"စိတ်ချ"

ကားလေးမှာ မြက်ခင်းပြင်ပေါ်သို့ မောင်းဆင်လာသည်။

ကားရပ်သည်နှင့် မြက်ခင်းပြင်ပေါ်သို့ လက်ဖြုတ်ချကာ မြေအောက်ရေမြောင်းကိုဝင်သည့် သံဇကာကို ဆွဲဖွင့်၍ အထဲသို့ဝင်ကာ လူတစ်ယောက်ချင်းဝင်၍ သွားရမှာဖြစ်သည်။

ဓာတ်မီးအသေးလေးကို ရန်နောင် ပါးစပ်မှာကိုက်ပြီး မီးကျောင်းသွားသွားရသည်။

ရန်နောင် နောက်မှ ဇော်လှနှင့် မိုးပျံတို့ လိုက်ခဲ့ကြသည်။

အထဲကိုဝင်လာရင်း အသက်ရှူပင် ကျပ်သလို ဖြစ်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါတစ်ခါ ရေတွေ မျက်နှာကို ထိသလိုတောင်ဖြစ်လာသည်။

ခြေထောက်နှင့်လက်ကို အားထားပြီး သွားနေရသော ကြောင့်ပွန်းပဲ့ထိရှမှုတွေကို ခံစားနေရပေမယ့် ဂရုမစိုက်နိုင်အားပေ။

နာရီဝက်နီးပါးလောက် သွားပြီးသည်နှင့် အလင်းရောင်တစ်ခုကို တောင်ပြီးတွေ့လိုက်သည်။

"ရောက်ပြီ... အပေါ်ကအသံကို နားစွင့်ဦး"

"ဆရာ ရန်နောင် ဘာသံမှ မကြားရဘူး"

အပေါ်မှ ပိတ်ထားသော သံအဖုံးကို အသာအယာတွန်းပြီး ကြည့်တော့ ဘယ်သူမှ မတွေ့ရချေ။ အန္တရာယ်ကင်းသဖြင့် အပေါ်သို့ တက်ခဲ့သည်။

ရန်နောင်တို့(၃)ယောက် ရောက်နေသောနေရာက ရေစက်နေရာပင်ဖြစ်သည်။

"ချောက်"

သုံးယောက်လုံးလက်နက်ကိုယ်စီအသင့်ပြင်လိုက်ပြီးအသံ တိတ်ကိရိယာတပ်လိုက်သည်။

"လိုအပ်မှ သုံးမယ်"

"အင်း..."





ရေစက်တံခါးကို အသံမမြည်အောင် ဖွင့်ပြီးကြည့်လိုက်တော့ အပေါ်ကိုတက်သော လှေကားရင်းတွင် လက်နက်ကိုယ်စီဖြင့် စောင့်နေသော နှစ်ယောက်ကိုတွေ့နေရသဖြင့် ထွက်၍မလွယ်။

ရန်နောင်သေနတ်ကို သတိထားပြီးကြည့်လိုက်တော့ ခါတ်လှေကားနေရာဖြစ်နေသည်။ ဒါပေမယ့် ခါတ်လှေကားဘက်သို့ သွားဖို့က စောင့်နေသော နှစ်ကောင်ကို မတွေ့အောင်သွားဖို့က မဖြစ်နိုင်။

"ဂျိ...ဂျိ..."

အပေါ်က ခါတ်လှေကားဆင်းလာသောအသံ

"ဂျိုင်း..."

ခါတ်လှေကားအောက်ကိုရောက်သွားပြီး လူ(၃)ယောက် စားစရာ သောက်စရာများနှင့် ရောက်လာပြီး အောက်တွင်စောင့်နေသော နှစ်ကောင်ကို ပေးလေသည်။

"ဒီကောင်တွေ အပေါ်ကိုပြန်တက်မယ့်ပုံပဲ"

"ဟုတ်မယ် ဆရာ"

"ဟုတ်ပြီ။ ဒီပေါ်ကိုတက်ကြ"

အခန်းထဲကိုပြန်ဝင်ပြီး ဘေးနံရံအပေါက်တစ်ခုဆီကိုတက်နိုကြသည်။

"ဒါ ခါတ်လှေကား အတက်အဆင်းနေရာပဲကွ၊ ခါတ်

www.burmeseclassic.com



လေ့ကားပြန်ပြီးတက်တာနဲ့ နိုလိုက်သွားမယ်"

"ကောင်းပြီဆရာ"

"ကိုး..."

ခတ်လေ့ကားအပေါ်သို့ပြန်ပြီးတက်လာသည်နှင့် ခတ်လေ့ကားအောက်မှသံတိုင်တွေကိုကိုင်ကာနိုလိုက်သွားသည်။

"ကျိုင်း..."

(၁၃)ထပ်သို့အရောက် ခတ်လေ့ကားဆုံးသွားပြီး ဆက်ပြီးမတက်တော့ချေ။

"ဇော်လူ ဘေးကအပေါက်ပေါ်ကို တက်တော့၊ မိုးဖျို မင်းဒီဘက် သံကြိုးကနေ ရအောင်တက်ခဲ့"

ဇော်လူနှင့်မိုးဖျိုတို့ ရန်နောင်ပြောသည့်အတိုင်း တက်သွားကြပြီးခတ်လေ့ကားအောက်က ဝါယာကြိုးပိုက်ကိုကိုင်ကာ အရှိန်နှင့်ထွက်ပေါက်ဆီသို့ဆင်းလိုက်သည်။

"ဘုတ်"

"ဟူး..."

အောက်သို့ကျရန် နည်းနည်းလေးသာ ရှိတော့သည်။

"ဆရာ ကျွန်တော့်လက်ကိုဆွဲ"

"အေး..."





ဇော်လူ လှမ်းပေးသောလက်ကိုဆွဲယူပြီး အပေါ်ကို ခြေကန်ကာတက်လိုက်သည်။

"ခြေသံကြားတယ်"

တစ်ဖက်မှလာနေသော ခြေသံကြောင့် ဘေးအကွယ်မှာဝင်ပြီးကပ်နေလိုက်သည်။ ခေါင်းစွပ်အနက် စွပ်ထားသော လူဆိုး(၂)ဦး ရန်နောင်နားဆီသို့လျှောက်လာကြသည်။

"ကွဲကြီး"

"ဘာလဲကွ"

"အစိုးရဘက်က အပေးအယူမလုပ်ရင် ဘယ်လိုလုပ်မလဲ"

"စိတ်ပူစရာမလိုဘူး"

"ဘာလို့လဲ"

"ဆရာကြီးက နယ်စပ်ကနေ ရဟတ်ယာဉ်နဲ့လာပြီး ခေါ်နိုင်းထားတယ်"

"ဒါနဲ့များ အစိုးရဘက်က ရဟတ်ယာဉ်ဘာလို့တောင်းနေလဲ"

"ဒါ ပရိယာယ်ပေါ့ကွာ၊ အစိုးရက ငါတို့တောင်းတာကို အဟုတ်မှတ်ပြီး ခေါင်းစားနေတုန်း ကိုယ့်ရဟတ်ယာဉ်နဲ့ကိုယ် လစ်မှာလေ၊ မဟိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား…ဟား…ဟား…"

အနုကြမ်းသမားနှစ်ဦး သဘောကျစွာဖြင့် ရယ်မောကာ ရန်နောင်တို့အနားသို့အရောက်

"ခုတ်…"

"ဖြောင်း…"

"အင်း…အီး…"

နှစ်ကောင်လုံး ခွေခေါက်သွားလေသည်။

"ဒီကောင်တွေကို လုံခြုံတဲ့နေရာမှာကြိုးချည်ထားပြီးရင် သူတို့အဝတ်တွေကိုဝတ်ပြီး ခေါင်းစွပ်ပါစွပ်ထား။ အမြန်ဆုံးလုပ်"

ဇော်လှုနှင့်မိုးပုံတို့လှုဆိုးနှစ်ယောက် ဓနရာတွင်လဲကာ…

"ပိရိပါစေ…အဓိက ဒီကောင်တွေ ခေါင်းဆောင်နားကို အနီးဆုံးရောက်အောင်သွားကြ"

"ဆရာကချော…"

"ငါ အပြင်ကနေ တစ်ယောက်ချင်းဖြိုမယ်"

လှုစုခွဲပြီးစတင်လှုပ်ရှားကြတော့သည်။

အပေါ်ဆုံးထပ် အခန်းထဲတွင် လှုတွေကို ထိုင်ခိုင်းထားပြီး အနုကြမ်းသမားတွေက လက်နက်တွေနှင့်ဝိုင်းထားလေသည်။

"ကျွဲကြီးနဲ့ပေါက်စ ဘာလုပ်နေတာလဲ၊ အပေါ်ဆုံးထပ်ကို





တက်ပြီးရှာတယ်ယာဉ်သွားစောင့်"

"ဟုတ်ကဲ့"

ဇော်လှုနှင့်မိုးပုံ အပေါ်သို့ ခပ်တည်တည်ဖြင့်တက်သွားချိန်တွင် ရန်နောင်တစ်ယောက် အနုကြမ်းသမားများကို တစ်ယောက်ချင်း ဖြိုနေလေသည်။

"ကျားနက်"

"ဗျာ…ဆရာကြီး"

"ဟိုကောင်ဗလ… အရက်သွားယူတာ ကြာလှချည်လား။ လိုက်သွားစမ်း"

"ဟုတ်ကဲ့…"

အရက်ယူခိုင်းသော ဗလကတော့ ရန်နောင့်လက်ချက်ဖြင့် မှောက်နေလေပြီ။

"ဆရာကြီး…"

"ဘာလဲကွ"

"ဟိုကောင်ဗလ…ဗလ…ဟိုအခန်းထဲမှာ မှောက်နေတယ်"

"ဘာ…ဒါဆို…ပေါ့ကောင်တွေ ဒီအားစာခံထဲက တစ်ယောက်ဆွဲထုတ်ခဲ့စမ်း။ အစိုးရအဖွဲ့ကကောင်တွေ ငါတို့ကို လိမ်နေပြီကွ"

"လွှတ်…မလုပ်ပါနဲ့ရှင်…ကျွန်မ သားလေးကို"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်မ...ဖယ်စမ်း"

ကလေးတစ်ယောက်ကို အတင်းဆွဲယူပြီး မိခင်ဖြစ်သူကို တွန်းဖယ်လိုက်သည်။

"ကယ်ကြပါဦး"

မိခင်ဖြစ်သူက သားအောဖြင့် အတင်းဝင်ပြီးလုသောကြောင့် လုံးထွေးနေသည်။

ထိုအချိန်တွင် ရန်နောင် မီးမိန်းခလုတ်ကို ချလိုက်သဖြင့် အမှောင်ကျသွားသည်။

"ဟာ..."

"ဟင်..."

အော်သံ ဟစ်သံတို့နှင့် ဆူညံပွက်လောရိုက်သွားပြီး သေနတ်သံတွေပါထွက်ပေါ်လာသည်။

"ဟိုကောင်တွေ စွတ်မပစ်နဲ့...ကိုယ့်လူတွေပြန်မှန်နေမယ်"

"ဒတ်...ဒတ်...ဒတ်..."

ထိုအချိန်တွင် ကောင်းကင်ယံမှ ရဟတ်ယာဉ်လာနေသော အသံကိုကြားရသည်နှင့်

"အားလုံးအပေါ်ထပ်ကိုတက်တော့"

အခြေအနေတွေက ရှုပ်ထွေးသွားပြီးခေါင်းဆောင်လုပ်





သည့် သူ အပေါ်ဆုံးထပ်သို့ ပြေးတက်သွားသည်။

ရန်နောင် အောက်မှ တစ်ပွဲတွေကို အချက်ပြလိုက်သည်နှင့် ထောင်ပြီး ဝင်စီးကြလေသည်။

အပေါ်ဆုံးထပ်တွင် အနကြမ်းသမား (၇) ယောက်သာ တက်လာခဲ့ပြီး ကျန်ကောင်တွေမှာ ရောက်မလာနိုင်ပေ။ ထို (၇) ယောက်တွင် ခေါ်လူနှင့်မိုးပျံပါရှိနေသောကြောင့်

"လက်နက်ချလိုက်ပါ"

"ဘယ်သူလဲကွ လက်နက်ချနိုင်းတာ...ကဲကွာ"

"ဒိုင်း..."

"အက်...အက်..."

ရန်နောင်ကိုဝိုင်းပြီးပစ်ချိန်တွင် ရဟတ်ယာဉ်မှာ အောက်သို့ ဆင်းဘဲပြန့်ကျသွားလေသည်။

"ဟာ...ဘယ်လိုလုပ်တာလဲ...တောက်..."

ခေါင်းဆောင်လုပ်သည့် သူ ဒေါသတွေ ပေါက်ကွဲကာ ရန်နောင်ကို မပြီးပစ်နေချိန်တွင်

"ခင်ဗျားအသက်ကို နမြောရင် လက်နက်ချလိုက်"

"ဘာ...ကျွဲကြီး"

"ကျုပ် ကျွဲကြီးမဟုတ်ဘူး ဒီမှာကြည့်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

ဇော်လူ အနုကြမ်းခေါင်းဆောင် နားထင်ကို သေနတ်နှင့်တေ့ ချိန်ပြီး ခေါင်းစွပ်ကို ချွတ်ပြလိုက်သည်။

အနုကြမ်းခေါင်းဆောင်နှင့် အဖွဲ့သားအားလုံး ဘယ်လိုမှ လွတ်လမ်းမရှိတော့ခြင်းကြောင့် လက်နက်ချ အဖမ်းခံလိုက်ကြတော့ သည်။

ရန်နောင်တို့တာဝန်က ပြီးဆုံးသွားခဲ့လေပြီ။

တာဝန်အားလုံးကို ဘေးအန္တရာယ်ကင်းစွာ ကာယတင် နှိုင်ခဲ့သလို အနုကြမ်းသမားတွေအားလုံးကိုဖမ်းဆီးနိုင်ခဲ့လေပြီ။

ရန်နောင်၊ ဇော်လူနှင့် မိုးယုံတို့ (၃) ယောက် တစ်ယောက်ပုခုံး ကို တစ်ယောက်ဖက်ကာ (× × × ×) ပလာဇာမှ ထွက်လာသည်နှင့် ကင်မရာ တဖျတ်ဖျတ်နှင့် ဓာတ်ပုံရိုက်နေသူတွေ၊ သတင်းယူနေကြသူ ကြားထဲမှ အတင်းတိုးထွက်ခဲ့ကြရသည်။

ရန်နောင်တို့အတွက် ထိုသို့အောင်မြင်မှု တို့သည် သိပ်ပြီး ဆန်းကြယ်သော ကိစ္စမဟုတ်တော့ပေ...

"ဇော်လူနဲ့ မိုးယုံ"

"ဗျာ...ဆရာ"

"ငါတို့ရင်ဘတ်ပေါ်မှာ ဂုဏ်ပြုရွှေတံဆိပ်လေးတစ်ခုတော့ ထပ်တပ်ရဦးမှာပေါ့ကွာ"

"သိပ်ဟုတ်တာပေါ့ဆရာရယ်..."





www.burmeseclassic.com

www.burmeseclassic.com

ညာကတိတ်ဆိတ်နေဆဲ…

မာကျူရီ မီးအလင်းရောင်တွေ အောက်က ကတ္တရာလမ်း

ထက်ပေါ်တွင် ပါရဲရိုးကားတစ်စီး မောင်းနေဆဲ…

ထိုကားပေါ်တွင် ဓာတုဗေဒပညာရှင်ကြီး ဦးမင်းကျော်ဇော

နှင့် သူ၏ သမီး ကလျာကျော်ဇောတို့ လိုက်ပါလာသည်။

"ဒယ်ဒီ"

"ဘာများလဲ သမီး"

"ဒယ်ဒီတို့ခုလုပ်နေတဲ့ စမ်းသပ်မှုက ပြီးသလောက်ဖြစ်သွား

ပြီလား"

"ဟင်…"

သမီးဖြစ်သူ အမေးစကားကြောင့် ဦးမင်းကျော်ဇောတ





အံ့အားသင့်သွားသည်။

သမီးဖြစ်သူ ကလျာကျော်ဇောသည် ဦးမင်းကျော်ဇော

အလုပ်ကိစ္စနှင့် ပတ်သက်၍ မေးမြန်းထုံးစံမရှိပေ။ ထို့အတူ

ဦးမင်းကျော်ဇောလည်း ထုတ်ဖော်ပြောဆိုခြင်းမရှိခဲ့။

ဘာကြောင့်လဲဆိုလျှင် ဦးမင်းကျော်ဇော၏လုပ်ငန်းသည်

တိုင်းပြည်၏ အထူးလျှို့ဝှက်ချက်လုပ်ငန်းဖြစ်သောကြောင့်ဖြစ်သည်။

"ဒယ်ဒီသမီးမေးနေတာကို ဘာလို့မဖြေဘဲကြည့်နေတာလဲ"

"သမီးဆီက ဒီစကားမျိုးကြားရတာ မယုံနိုင်အောင်

ဖြစ်လို့ပါ။ သမီးတစ်ခါမှ မမေးဘူးလို့ပါ"

"ဩော်… ဒယ်ဒီရယ်… ခုဟာက စကားစပ်မိလို့ပါ"

"ဒီစကားမျိုးဟာ လွယ်လွယ်နဲ့ ပြောလို့မရဘူးသမီး၊ တာဝန်

တာ အရှိန်းကို အရေးကြီးတယ်"

"သမီး မှားသွားပါတယ် ဒယ်ဒီ"

"ရပါတယ်… သမီးရယ်"

ဦးမင်းကျော်ဇော ဇီဝရုပ်အောင်ဖြင့် ပြုလုပ်သော တီထွင်မှု

တစ်ခုကို စတင်ပြီး စမ်းသပ်နေခြင်းဖြစ်သည်။

ထိုစမ်းသပ်မှုအောင်မြင်ပါက တိုင်းပြည်အတွက် များစွာ

အကျိုးသက်ရောက်မှုတွေရှိမည်ဖြစ်သည်။ ဒါကြောင့် ဝေးလံခေါင်ဖျ



www.burmeseclassic.com

www.burmeseclassic.com



သော နယ်စပ်ဒေသတစ်ခုတွင် လျှို့ဝှက်လုပ်ကိုင်နေခြင်းဖြစ်သည်။ သမီးဖြစ်သူ ကလျာကျော်ဇောက ရန်ကုန်တွင် မိခင်ဖြစ်သူနှင့် နေခဲ့ရာမှ ဖခင်ဖြစ်သူထံသို့အလည်အပတ်ရောက်လာခဲ့ခြင်းဖြစ်သည်။

ကားလေးက ဦးမင်းကျော်ဇော နေထိုင်သော ခြံဝန်းလေးထဲသို့မောင်းဝင်လာပြီး အိမ်ထဲသို့ဝင်တော့ ဒယ်ဒီနှင့်အတူ နေထိုင်သော တပည့်ဖြစ်သူ ဝင်းအောင်မှ ထွက်ပြီးကြိုလေသည်။

"ဆရာ့အတွက် ကော်ဖီ ဖျော်ရမလား"

"အေးကွာ...ဖျော်လိုက်၊ သမီးလေး... အနားယူလိုက်ဦး"

"ရပါတယ် ဒယ်ဒီ၊ သမီးလည်း ကော်ဖီသောက်ဦးမယ်"

"ဟင်..."

ဦးမင်းကျော်ဇော သမီးဖြစ်သူထံမှကြားလိုက်ရသော စကားမှာ အဆန်းတကြယ်ဖြစ်နေသဖြင့် စိတ်ထဲတွင် မယုံသင်္ကာဖြစ်သွားသည်။ သမီး ကလျာကျော်ဇောသည် ငယ်စဉ်ကတည်းက ကော်ဖီနံ့လျှင် အနံ့ပင် မခံနိုင်သူဖြစ်သည်။

တစ်ခုခု လွဲချော်နေခြင်းလားဆိုသည့်အတွေးနှင့် သမီးဖြစ်သူ နောက်ဖေးဘက်သို့ဝင်သွားသည်နှင့် တယ်လီဖုန်းဆီသို့ လျှောက်သွားကာ ရန်ကုန်အိမ်သို့ ဖုန်းလှမ်းဆက်မည်အပြု...

"ဦးမင်းကျော်ဇော... လက်တွေ ဖုန်းကို မထိပါနဲ့"





"သမီး...မင်း...မင်း..."

"ကျွန်မက ရှင့်သမီးမဟုတ်ဘူး။ ဒီမှာကြည့်"

"ဟာ..."

မျက်နှာတွင် ပုံတူလုပ်ထားသော မျက်နှာတု အရေခွံကို ချွတ်ပြလိုက်သည်။

"ဝင်း...အောင်"

"အများကြီး နောက်ကျသွားပြီ ဦးမင်းကျော်ဇော၊ ရှင့် တပည့်ခုလောက်ဆို ကြမ်းပြင်ပေါ်မှာ အိပ်မက်ကောင်းကောင်းတွေ မက်နေလောက်ပြီ"

"မင်း...ဘာသဘောလဲ"

"ရှင့်ကိုလာခေါ်တာလေ"

"ဘာ..."

"အေးအေးဆေးဆေးလိုက်ခဲ့ပါ"

"မင်းက ပြန်ပေးဆွဲတာလား"

"ပြန်ပေးဆွဲတဲ့အလုပ်က ခပ်ညံ့ညံ့လူဆိုးတွေလုပ်တာပါ"

"ဒါဖြင့် ဘာလဲ"

"ရှင် လိုက်ခဲ့တော့ သိရမှာပေါ့"

"ဝူး..."



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မြီထဲသို့ ကားတစ်စီးမောင်းဝင်လာပြီး လူ(၃)ယောက်အိမ်ထဲဝင်လာခဲ့သည်။

"ရွှေနှင်းဆီ ခေါ်သွားလို့ရပြီလား"

"ရပြီ… ခဏနေဦး"

ဦးမင်းကျော်ဇော အခန်းထဲမှ စာရွက်စာတမ်းများကိုဝင်ယူပြီး ရွှေနှင်းဆီပြန်ထွက်လာကာ

"သွားမယ်ဟော့၊ တစ်ဖက်ကိုကူးဖို့ပြင်ဆင်ပြီးပြီလား"

"ပြီးသွားပြီ ရွှေနှင်းဆီ"

"ဦးမင်းကျော်ဇောကို မေ့ဆေးပေးလိုက်တော့"

"အိ…"

ဦးမင်းကျော်ဇော နှာခေါင်းကို မေ့ဆေးပါသော ပဝါနှင့်အုပ်လိုက်သည်နှင့် မျောခွေသွားတော့သည်။

ကားပေါ်ကို နှစ်ယောက်တွဲပြီးတင်ကာ ခြံဝန်းလေးထဲမှ မောင်းထွက်လာခဲ့တော့သည်။

ကြမ်းပြင်ပေါ်တွင် လဲနေသော ဝင်းအောင်အမြန်ထပြီး သက်ဆိုင်ရာကို ဖုန်းဆက်ပြီးအကြောင်းကြားခဲ့ပေမယ့် နောက်ကျသွားခဲ့လေပြီဖြစ်သည်။

✿ ✿ ✿



အရေးပေါ် အစည်းအဝေးခန်းမတွင် ရဲမှူးကြီးက စကားမဆိုသေးဘဲ အားလုံးမျက်နှာကို စိုက်ကြည့်နေသည်။

"ဟေရာရှန်အောင်…ထင်မြင်ချက်ကိုပြောပါဦး"

"ကျွန်တော်က ဦးမင်းကျော်ဇောအမှုနဲ့ပက်သက်ပြီး အနီးစပ်ဆုံးခန့်မှန်းလို့ရတာကတော့ တစ်ခုခုအသုံးချဖို့အတွက် ခေါ်ဆောင်သွားတာဖြစ်နိုင်ပါတယ်"

"ဆရာဝတ္ထုဘက်ကရော"

"ပြန်ပေးဆွဲတာလို့ပဲမြင်မိပါတယ်"

ရဲမှူးကြီး တစ်ဝိုက်တစ်ခုကို လေးလေးနက်နက်စဉ်းစားပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဆရာရန်နောင်ပြောတာ ဖြစ်နိုင်တယ်၊ ပြန်ပေးဟုတ် မဟုတ် ကိုတော့ ရက်ပိုင်းအတွင်းမှာ အဖြေတစ်ခုခုထွက်မှာပဲ၊ ဒါနဲ့ ဦးမင်းကျော်ဇော တပည့်ဆီက ဘာတွေထပ်ပြီး သိတာရှိခဲ့သေးလဲ၊ ဆရာရန်နောင်"

"ဦးမင်းကျော်ဇောတပည့်ဝင်းအောင်ဆီက အမှုနဲ့ပတ်သက်ပြီး အထူးခြားဆုံး သဲလွန်စကတော့ ရွှေနှင်းဆီဆိုတဲ့ အမည် တစ်ခုပါပဲ"

"ရွှေနှင်းဆီဆိုတာ ဦးမင်းကျော်ဇော သမီးမျက်နှာအတွက်နဲ့ မိန်းကလေးကိုပြောတာလား"

"ဟုတ်ပါတယ် ရဲမှူးကြီး"

"ကဲ... အားလုံးနားထောင်ကြ၊ ခု ဦးမင်းကျော်ဇော အဖမ်းခံရတဲ့အမှုဟာ သေးဖွဲတဲ့ကိစ္စမဟုတ်ဘူး၊ တိုင်းပြည်အတွက် တကယ့်ကို အရေးကြီးတဲ့အမှုကိစ္စတစ်ခုဖြစ်နေတယ်၊ ဘာကြောင့်လဲ ဆိုတော့ ဦးမင်းကျော်ဇောဟာ တိုင်းပြည်အတွက် အရေးကြီးဆုံး တာဝန်တစ်ရပ်ကို ယူထားရသူဖြစ်တယ်၊ ဒါကြောင့် ဦးမင်းကျော်ဇော အမှုကို အထူးစစ်ဆေးရေးတစ်ရပ်အနေနဲ့ ဆင်နွှဲဖို့ပြင်ဆင်ထားကြပါ"

"ဟုတ်ကဲ့"

"ဆရာရန်နောင်က ဒီအမှုအတွက် အဓိကနေရာက ဆောင်ရွက်ပြီး ဆရာဝဏ္ဏက နောက်ကနေ ပူးပေါင်းဆောင်ရွက်ပါ"

"ဟုတ်ကဲ့ ရဲမှူးကြီး"

"အမြန်ဆုံးပေါ်အောင် ကြိုးစားကြ၊ မေးစရာရှိသေးလား"

"ရဲမှူးကြီးကို တစ်ခု ခွင့်ပြုချက်တောင်းချင်ပါတယ်"

"တောင်းပါ ဆရာ ရန်နောင်"

"တရုတ်ပြည်ဘက်ကို ကူးသန်းခွင့်နဲ့ လုပ်ပိုင်ခွင့်ကို လိုချင်ပါတယ်"

"ကူးသန်းချင်တဲ့အကြောင်းက ဘာလဲ"

"ဦးမင်းကျော်ဇောကို ဖမ်းဆီးသွားသူတွေဟာ သာမန်အဖွဲ့အစည်းတစ်ခုတော့ မဖြစ်နိုင်တာမို့ မြန်မာပြည်နယ်စပ်တစ်ဝိုက်မှာ ခြေကုတ်ယူမှာမဟုတ်ပါဘူး"

"ဆရာရန်နောင်ပြောတာ သဘောပေါက်ပြီ၊ စိတ်ချ စီစဉ်ပေးထားမယ်"

ရဲမှူးကြီးကို အရိုအသေပေးပြီး ပြန်ထွက်လာခဲ့ကြတော့သည်။

"ဟူး...တကယ့် ပြဿနာခေါင်းအမှုပဲကွာ"

ဝဏ္ဏက ညည်းညူနေလေသည်။

"ငါကတော့ ဒီလိုအမှုမျိုးမှ သဘောကျတာကွ"






www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်မှာပေါ့ကွာ။ မင်းဆိုတဲ့ကောင်က အန္တရာယ်နဲ့ ကစားဖို့ လူဖြစ်လာတဲ့ကောင်ပဲ"

ဝဏ္ဏနှင့်ရဲနောင်က သင်တန်းတစ်ပတ်စဉ်တည်း ဆင်းခဲ့ပြီး အထူးကွန်မန်ဒိုတပ်ဖွဲ့ကို အရွေးခံရတော့လည်း အတူတူပင်ဖြစ်သည်။

"ကဲ…ဒါတွေထားပါဦး။ မင်းအခု ဘာလုပ်မှာလဲ ဝဏ္ဏ"

"ဘာလုပ်ရမလဲကွ။ ငါက မင်းကို ပူးပေါင်းဆောင်ရွက်ရမယ့် ကာဝန်ဆိုတော့ မင်းလုပ်သမျှ နောက်ကပဲ လိုက်ရမှာပေါ့"

"ငါလူတစ်ယောက်ဆီ သွားမလို့ လိုက်ခဲ့မလား"

"တာဝန်လား အလွတ်လား"

"တာဝန်လည်းဖြစ်သလို အလွတ်လည်းဖြစ်တယ်"

"မင်းစကားက ဘာလဲ ဟ"

"လိုက်မလား… မလိုက်ဘူးလား…ပြော…ကွာ"

"မင်းက…ခုချိန်မှာ ငါ့ဆရာဆိုတော့ လိုက်ရမှာပေါ့ကွာ"

"ဒါဆိုရင် ကားမောင်းပေတော့"

"ကောင်းပါပြီဗျာ…"

ဌာနချုပ်ဝင်းထဲမှ ကားလေးမောင်းပြီး နှစ်ယောက်သား ထွက်လာခဲ့သည်။





"ခု ငါက ဘယ်ကိုမောင်းရမှာလဲ"

"ဦးချစ်ခင်ဆီ"

"ငါတို့ ဌာနချုပ်ကနေ ပင်စင်ယူသွားတဲ့ ဆရာကြီး ချစ်ခင်လား"

"ဟုတ်တယ်"

"ဟာကွာ… ဒီလောက် အရက်သောက်ပြီး မူးရူးနေတဲ့လူဆီကို မင်းဘို့ သွားချင်ရတယ်လို့ကွာ"

"ဝဏ္ဏ… ဆရာကြီးချစ်ခင်က အရက်သောက်တာကလွဲပြီး အတယ်တော်တဲ့သူကွ။ ငါက သူ ပင်စင်မယူခင်က တွေ့ဖူးတယ်၊ အကယ် လေးစားဖို့ကောင်းတဲ့ အချက်တော်တော်များများ သူ့ဆီက နေ့ခဲ့တာရှိတယ်"

"ငါကတော့ ဆရာကြီးချစ်ခင် အရက်သောက်တာပဲ တွေ့ဖူးတာ၊ သူဘယ်နေရာမှာ တော်တယ်ဆိုတာ ငါမသိဘူး"

"ငါတို့ဌာနချုပ်မှာ ဆရာကြီးချစ်ခင်လောက် သတင်းနဲ့ပတ်သက်ပြီး ကျွမ်းကျင်တဲ့ သူမတွေ့ဖူးသေးဘူး၊ လူကြီးတွေက ပင်စင် တောင် မပေးချင်ဘူး၊ ဒါပေမယ့် ဆရာကြီးက သတင်းလောက တာဝန်တွေကို ငြီးငွေ့သွားပြီတဲ့"

"မင်းအထင်ကြီးတဲ့သူဆိုတော့ ဘယ်လောက်တော်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို ကြည့်ရသေးတာပေါ့ကွာ"

ရန်နောင်တို့ ကားကလေး အရက် ဆိုင်ရှေ့တွင် ရပ်ပြီး ရန်နောင်အရက်တစ်လုံးဝယ်ကာပြန်ထွက်ခဲ့ကြသည်။

"အားပါးပါး... အရက်က အကောင်းစားပါလား"

"ကိုယ့်ထက်တော်တဲ့သူဆီက သိချင်တာလေး သိနိုင်ဖို့ အတွက် အရင်းစိုက်တဲ့သဘောတော့ မဟုတ်ပါဘူး။ ဆရာကြီးကို တကယ်လေးစားတာလည်းပါတယ်"

အိမ်ကလေး တစ်အိမ်ရှေ့မှာ ကားလေးကို ရပ်ပြီး နှစ်ယောက်သားဝင်ခဲ့ကြသည်။

"ဆရာကြီး"

"ဟော.. ဘယ်သူတွေလဲ မှတ်တယ်၊ စုံထောက်ပေါက်စတွေ ပါလားကွ၊ အလဲ့...လက်ထဲမှာလည်း ငါ့အကြိုက်ပါလာပုံထောက် တော့ငါ့ဆီက ဘာနှိုက်ယူချင်လို့လဲဟေ့... ပြောစမ်း"

"ဆရာကြီးဆီက သိချင်တာလေးလည်းပါတယ်"

"တိုက်ချင်တာလည်းပါတယ်ပေါ့"

"ဟုတ်ကဲ့"

"ငါ့ကောင်သတင်းတွေကိုကြားရတာ ဂုဏ်ယူစရာပဲကွာ။ ဒါမှ ငါတို့ဌာနအတွက် မျက်နှာကောင်းတွေရမှာပေါ့။ ဟိုကောင် ဝဏ္ဏ





တဲတော့ ဌာနချုပ်ထဲမှာ ခွေခေါက်နေတာနဲ့ အချိန်ကုန်နေတာပဲမဟုတ် လား"

"ဒါကတော့ ဆရာကြီးရယ်၊ ဂူတစ်ဂူတည်း ခြင်္သေ့နှစ်ကောင် မအောင်းချင်လို့ပါ"

"ထားလိုက်ပါတော့၊ ဒါနဲ့ ဓာတုဗေဒပညာရှင်ကြီး ဦးမင်းကျော်ဇော တစ်ယောက်ကို ဖမ်းသွားလို့ဆို"

"ဟုတ်ပါတယ် ဆရာကြီး"

"ဒါဆိုရင် ငါသဘောပေါက်ပြီ ရန်နောင်၊ မင်း ငါ့ဆီကိုလာတာ ခုကိစ္စပဲ မဟုတ်လား။ ကဲ.... ဘာသိချင်လို့လဲ...ပြော.."

"ဦးမင်းကျော်ဇောကို ဖမ်းသွားတဲ့ ရွှေနှင်းဆီဆိုတဲ့ မိန်း မလေးဟာ ဘယ်လိုအဖွဲ့က ဖြစ်နိုင်မလဲ"

"ရွှေနှင်းဆီဆိုတာ လူတစ်ဦးတစ်ယောက်ရဲ့ အမည်နာမ မဟုတ်ဘူးကွဲ့"

"ဟင်... ဆရာကြီးဆိုလိုတဲ့သဘောက"

"ရွှေနှင်းဆီ အမည်ဟာ အဖွဲ့တစ်ဖွဲ့ရဲ့ အမည်ဖြစ်ဖို့များတယ်၊ ဘာကြောင့် ပြောနိုင်သလဲဆို... ငါ တာဝန်ထမ်းဆောင်ခဲ့တဲ့ အနှစ် (၂၀) လောက်က ရွှေနှင်းဆီ အမည်နဲ့ အဖွဲ့တစ်ဖွဲ့ကို ဖမ်းဆီးခဲ့ဖူးတယ်"

"ဒီအဖွဲ့က ဘာလုပ်လဲ၊ မူးယစ်ဆေးဝါးလား။ မှောင်ခိုလား



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီး"

"တစ်ခုမှမဟုတ်ဘူးကွ၊ တောထဲက လက်နက်ကိုင်အဖွဲ့တွေကို ဖောက်ခွဲရေးနည်းစနစ်တွေကို လာရောက်ပြီး သင်ကြားပေးခဲ့ကြတာ"

"ဟင်…"

"ပြီးတော့ သူတို့တီထွင်ထားတဲ့ လက်နက်ဆန်းတွေကို လာပြီးရောင်းတာ"

"ရွှေနှင်းဆီအဖွဲ့က ပြည်တွင်းက လူတွေမဟုတ်ဘူးလား"

"ငါတို့ ပြည်တွင်းက လူတွေရော၊ ပြည်ပက ဥပဒေမဲ့အဖွဲ့တွေနဲ့ ပူးပေါင်းပြီး ဖွဲ့ထားကြတာ၊ ဒီတုန်းက ပြည်တွင်းက (၅) ယောက် ပြည်ပက (၃) ယောက်ကို ဖမ်းမိခဲ့ကြတယ်"

"ပြည်ပက ဘာလူမျိုးလဲ ဆရာကြီး"

"တရုတ်ပြည် ယူနန်မှာ အခြေချပြီး နေထိုင်တဲ့ ထိုင်ဝမ်နိုင်ငံသားတွေ၊ ခုထိ ထောင်ထဲမှာ ရှိနေတုန်းပဲ၊ ငါတို့ထောင်မှာ မဟုတ်ဘူး ယူနန်ထောင်မှာ"

"ခု…ရွှေနှင်းဆီဟာ ဒီအဖွဲ့လို့ဆိုရမှာပေါ့"

"သေချာသလောက်တော့ရှိတယ်၊ ဦးမင်းကျော်ဇောကို ဖမ်းသွားရတဲ့ အကြောင်းကို စဉ်းစားမယ်ဆိုရင် ဒီကောင်တွေအတွက်





အသုံးချနိုင်အောင် ခေါ်သွားတာဖြစ်နိုင်တယ်"

"ဆရာကြီးပြောတာ ဖြစ်နိုင်ခြေရှိပါတယ်၊ ဒီကွင်းဆက်ကို ခြေရာခံဖို့ ဘယ်ကစရမှန်း မသိဘူးဖြစ်နေတယ်"

"ရန်နောင်… မင်းအရင်ဆုံးလုပ်ရမှာက ယူနန်အကျဉ်းထောင်ထဲက ကျင်ဝုပ်ဆိုတဲ့ ထိုင်ဝမ်နိုင်ငံသားကို တွေ့ပြီး ရွှေနှင်းဆီသဲလွန်စကိုရှာပေတော့"

"ဒီကောင်က ဖော်ပါ့မလား"

"မဖော်ဖို့က များတယ်၊ ဒါပေမယ့် မင်းအတွက် အကျိုးရှိမယ့်ကိစ္စကတော့ ရွှေနှင်းဆီ သမိုင်းကြောင်းကို ယူနန်ထောင်ထဲမှာ သိခွင့်ရမယ်၊ ဒါမှ မင်းစီးနေတဲ့မြင်း အထီးလား အမလားဆိုတာကို ကွဲကွဲပြားပြား သိမှာပေါ့ကွ… ဟား ဟား…ဟား…"

ဆရာကြီးချစ်ခင်၏ ဆိုလိုရင်းကို သူသိလိုက်သည်။

ရွှေနှင်းဆီ သမိုင်းကြောင်းကို မသိဘဲ ရွှေနှင်းဆီနောက်ကို လိုက်နေခြင်းသည် ဘာမှ အဓိပ္ပာယ်မရှိနိုင်ပေ။

ဆရာကြီးကို နှုတ်ဆက်ပြီး ပြန်လာခဲ့ကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆေးရုံ ရင်ခွဲရုံမှ အပြင်သို့ပြန်ပြီးအထွက်တွင်

"ရန်နောင်.."

"ဘာလဲ ဝဏ္ဏ"

"ခု အသတ်ခံရတဲ့ မိန်းကလေး မျက်နှာတစ်ခုလုံး ပုံပျက်အောင် တမင်လုပ်ထားတာ"

"ဟုတ်တယ်...မမှတ်မိနိုင်အောင် လုပ်ထားတဲ့သဘောပဲ"

"ဘယ်သူဘယ်ဝါဆိုတာ ဘယ်လိုလုပ်မလဲ"

"ရဲစခန်းမှာ လူပျောက်တိုင်ထားတဲ့စာရင်းကို သွားပြီးကြည့် ရမှာပဲ"





ရဲစခန်းဆီသို့ထွက်ခဲ့ကြသည်။

"အလောင်းကို ဘယ်မှာတွေ့ခဲ့ကြတာလဲ ရန်နောင်"

"ရေတွင်းပျက်တစ်ခုထဲကကွ၊ ဆရာဝန်တွေ စစ်ဆေးချက် အရ သေဆုံးတဲ့ မိန်းကလေးဟာ (၅)ရက်လောက်ရှိနေပြီဆိုတော့ ပိုင်ရှင်အတွက် အမှတ်အသားတွေတောင် ရှာဖွေဖို့ခက်နေတယ်၊ ဒါပေမယ့် တစ်ခုထူးခြားတယ်"

"ဘာလဲ"

"မိန်းကလေးဟာ ချမ်းသာကြွယ်ဝတဲ့ထဲက ဖြစ်နိုင်တယ်"

"ဘာလို့လဲ"

"အလောင်းကို သက်ဆိုင်ရာက သွားပြီးသယ်ဆောင်တုန်း က ရွှေဆွဲကြိုး ဟန်းချိန်းနဲ့ ရွှေခြေကျင်းတောင်ပါသေးတယ်"

"သတ်တဲ့သူတွေက ပစ္စည်းယူချင်လို့ သတ်ခဲ့တာ မဟုတ်ဘူး ပေါ့"

"အင်း... ငါ့စိတ်ထဲမှာတော့ ဦးမင်းကျော်ဇော သမီး ...ကျော်ဇော ဆိုတာများလား လို့ထင်မိတယ်"

"ဒါဆိုလည်း ရန်ကုန်ကို လှမ်းစုံစမ်းပါလား"

"ရဲစခန်းမှာ လူပျောက်သတင်းနဲ့ပတ်သက်ပြီး မထူးခြားရင် ...ကျော်ဇော မိသားစုကို ဆက်သွယ်ရမှာပဲလေ"

www.burmeseclassic.com



ရဲစခန်းသို့အရောက်.

"ဆရာရန်နောင်နဲ့ ဆရာဝဏ္ဏတို့ပါလား၊ လာကြဗျာ"

စခန်းမှူးမြင့်ဦးက ဆီးကြိုနှုတ်ဆက်ပြီး ထိုင်ရန် နေရာပေး လိုက်သည်။

"အသတ်ခံရတဲ့မိန်းကလေးနဲ့ပတ်သက်ပြီး လာကြတာထင် တယ်"

"ဟုတ်တယ် ဆရာမြင့်ဦး၊ ဘာတွေထူးခြားတာရှိလဲ"

"ခုလောလောဆယ်တော့ ထူးခြားတာ မရှိပါဘူး၊ ပြောနိုင် တာ တစ်ခုကတော့ အသတ်ခံရတဲ့ မိန်းကလေးဟာ ကျူဝ်တို့မြို့က မဟုတ်ဘူး"

"ဘာကြောင့်လဲဗျ"

"ရဲစခန်းမှာ လူပျောက်တိုင်ကြားထားတာ မရှိဘူးဗျ"

"အလောင်းတွေ့တဲ့ ရေတွင်းဟာ လေယာဉ်ကွင်းနဲ့ (၃)မိုင် လောက်တော့ဝေးမယ်နော်ဆရာမြင့်ဦး"

"ဟုတ်တယ်...(၃)မိုင်လောက်ပဲ၊ ဒီလမ်းက လေယာဉ်ဆင်း ချိန်လောက်ပဲ ကားအသွားအလာရှိတာ၊ ကျန်အချိန်မှာ ကားပြတ် လူပြတ်ပဲ"

"ကျေးဇူးပဲဗျာ၊ ပြန်ခွင့်ပြုပါဦး၊ ထူးခြားမှုရှိရင် သတင်းပို့ ဗျာ"





"ကောင်းပြီဆရာရန်နောင်၊ ခြော်...ဒါနဲ့...ဦးမင်းကျော်ဇော သတင်း ဘာထူးခြားသေးလဲ"

"ခုထိတော့ မထူးခြားသေးဘူး"

စခန်းမှူးမြင့်ဦး ကားဝေးထိ လိုက်ပြီးပို့ပေးလေသည်။

ကားလေးရဲစခန်းအပြင်သို့ရောက်တော့

"မင်း ဘာဆက်ပြီးလုပ်မလဲ ရန်နောင်"

"ရန်ကုန်က ဦးမင်းကျော်ဇော မိသားစုနဲ့ ဆက်သွယ်ရ တော့မှာပေါ့"

"ဖုန်းနဲ့လားလူကိုယ်တိုင်လား"

"ဇော်လူနဲ့မိုးပျံကို လွှတ်ရမှာပဲ၊ မိန်းကလေးဆီက ရတဲ့ ရွှေ ထည်တွေနဲ့ ဘယ်သူ့ဘယ်ဟာဆိုတာကို ဖော်ထုတ်ရမယ်"

"ဝဏ္ဏ...ကားကိုရပ်လိုက်"

"ဗူး...ကျွီ..."

ဝဏ္ဏ... ကားကို ချက်ချင်းထိုးရပ်လိုက်ပြီး

"ဘာဖြစ်လို့လဲ"

"ငါ့ရှေ့က လမ်းပေါ်ကို မသက်ဘာဘူး"

"ဟင်..."



www.burmeseclassic.com

www.burmeseclassic.com



ကားပေါ်မှ အောက်သို့ဆင်းလာခဲ့ပြီး ကားနှင့် သိပ်ပြီး မကွာတဲ့နေရာကိုလျှောက်လာကြသည်။

"ဝဏ္ဏ...မင်းမှာ မိုင်းရှာတဲ့ ကိရိယာလေးပါလား"

"ပါတယ် ရန်နောင်...ကားပေါ်မှာ"

ရန်နောင်တို့ နေရာသည် မကြာခဏ သောင်းကျန်းသူများ မိုင်းထောင်တတ်သဖြင့် မိုင်းရှာကိရိယာကို စီးသွားအဆောင်သဖွယ် ယူသွားကြရသည်။

"တီ...တီ..."

"ဟာ...မိုင်းမြှုပ်ထားတယ်"

"တကယ်...အကြံပက်စက်တဲ့ကောင်တွေကွာ"

"ဝဏ္ဏ... မိုင်းရှင်းလင်းရေးအဖွဲ့ကိုအကြောင်းကြားကွာ"

"အေး..."

ဝဏ္ဏ ဟန်းဖုန်းဖြင့်အကြောင်းကြားလိုက်တော့သည်။

"ဟူး...တော်သေးတာပေါ့ ရန်နောင်ရာ၊ မင်းမျက်လုံးလျှင်လို့"

"ဘုရားမ,တာပဲပေါ့၊ ငါ့မျက်စိက အဲဒီကိုရောက်သွားတာ"

"ငါတို့ကို လုပ်ကြံတာလား"

"ပြောလို့တော့ မရဘူး။ အသွားတုန်းကတော့ ဘာမှ မဖြစ်ဘူး။ အပြန်ကျမှဆိုတော့ ငါတို့ကို ပစ်မှတ်ထားတာလည်း ဖြစ်နိုင်တယ်"

သိပ်မကြာ မိုင်းရှင်းအဖွဲ့ရောက်လာပြီး ထောင်ထားသော မိုင်းကိုရှင်းလင်းလေသည်။

"ရန်နောင်...မင်း...ယူနန်ကို ဘယ်တော့သွားမှာလဲ"

"ဒီရက်ပိုင်းအတွင်းတော့ဖြစ်မယ်၊ ရဲချုပ်ဆီက ခွင့်ပြုချက်တော့ရသေးဘူး"

"မင်းတစ်ယောက်တည်းသွားမှာလား"

"ခွင့်ပြုချက်က ဘယ်လိုဆိုတာ မသိသေးဘူး"

"တကယ်လို့ ငါလိုက်ခွင့်ရရင် ကောင်းမယ်"

"စိတ်ချ... အဖော်ခေါ်ခွင့်ရတာနဲ့ မင်းကိုငါ ခေါ်သွားမှာပါ၊ အစ်ကိုတော့ရှိတယ်နော်"

"ဘာတစ်ခုလဲ"

"ငါ...အခုလုပ်ရမယ့်အလုပ်က အန္တရာယ်များတယ်၊ သွားကောင်းမှုဖြစ်မှာ"

"သွားကတော့ ကောင်းပြီးသားပဲပေါ့"

❀❦❀







www.burmeseclassic.com

www.burmeseclassic.com

"အသတ်ခံရတဲ့သူက ဦးမင်းကျော်ဇောရဲ့ သမီး ကလျာကျော်ဇောပေါ့"

"ဟုတ်တယ်… ရန်ကုန်ကနေ အလာမှာ အသတ်ခံခဲ့ရတာ ဖြစ်ဖို့များတယ်"

"မင်း ဘယ်လိုမြင်လဲ ရန်နောင်"

"ငါ့အမြင်ကတော့ ဦးမင်းကျော်ဇောကို ဖမ်းဆီးမယ့်သူတွေက ကြိုတင်ပြီး စီစဉ်ထားတဲ့ ကိစ္စတစ်ခုပဲ"

"ဆရာ ရန်နောင် ခေါ်ခိုင်းတဲ့လူ ရောက်ပါပြီ"

"အေး… အခန်းထဲကို ခေါ်ခဲ့ကွာ"





"ဟုတ်ကဲ့"

ရဲဘော်လေးအပြစ်ပြန်ထွက်သွားပြီး ဝင်းအောင်ကို ခေါ်လာသည်။

"ဝင်းအောင် ထိုင်ကွာ၊ မင်းကို မေးစရာလေးရှိလို့"

"မေးပါ ဆရာ"

"ဦးမင်းကျော်ဇော သမီးကို သွားကြိုတာ ဘယ်သူလဲ"

"ပထမတော့ ဆရာက ကျွန်တော့်ကို ကြိုခိုင်းမလို့ပြောထားပါတယ်၊ နောက်တော့ လေဆိပ်ကနေ ဖုန်းဝင်လာတယ်၊ လာပြီးမကြိုပါနဲ့၊ သူ့သူငယ်ချင်းတစ်ယောက်နဲ့လာခဲ့မယ် ဆိုတာနဲ့ မကြိုဖြစ်ခဲ့တာပါ ဆရာ"

"အဲဒီနေ့က ရေမကလျာကျော်ဇော ရောက်ခဲ့လား"

"ရောက်ခဲ့တယ်"

"တစ်ယောက်တည်းလား"

"ခြံထဲကို ဝင်လာတာတော့ တစ်ယောက်တည်းပဲ လို့ ပြောတာပဲဆရာ၊ ကျွန်တော်က ဆရာနဲ့လိုက်သွားလို့ မသိလိုက်ဘူး။ အိမ်ပြန်ရောက်တော့မှ သိတာပါ"

"ကလျာကျော်ဇော အိမ်ကိုရောက်ပြီး ဘယ်နှစ်ရက်မြောက်မှာ အဖမ်းခံခဲ့ရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"(၂)ရက်မြောက်မှာပါ ဆရာ"

"(၂)ရက်အတွင်းမှာ ကလျာကျော်ဇော ဘယ်သူနဲ့တွေ့ခဲ့တာ ရှိလဲ"

ရန်နောင့်စကားကို ဝင်းအောင် ခဏမျှ စဉ်းစားပြီး

"အင်း... ကလျာကျော်ဇောဆီကို သီးခြားလာတဲ့လူတော့မရှိဘူး။ တစ်နေ့ ကျွန်တော့်ကို ဆရာက အိမ်မှာ ဖိုင်တွဲမေ့ကျန်ခဲ့လို့ ပြန်ပြီး ယူခိုင်းလို့ အပြန်မှာ ကလျာကျော်ဇောနဲ့ ညိုထွန်းဆိုတဲ့ ထောင်ထွက် စကားပြောနေတာကို တွေ့လိုက်ရတယ်၊ ကျွန်တော့်ကိုမြင်တော့ ကလျာကျော်ဇော မျက်နှာပျက်သလိုဖြစ်သွားတယ်၊ ကျွန်တော်လည်း မသိချင်ယောင်ဆောင်နေခဲ့ပါတယ်၊ (၂)ရက်အတွင်းမှာ ကလျာကျော်ဇော စကားပြောခဲ့တဲ့သူစိမ်းဆိုလို့ ညိုထွန်းတစ်ယောက်ပဲ တွေ့ခဲ့ပါတယ်"

"ညိုထွန်းဆိုတာ မူးယစ်ဆေးဝါး ရောင်းဝယ်မှုနဲ့ ထောင်ကျပြီး ပြန်လွတ်လာတဲ့ကောင်မဟုတ်လား... ရန်နောင်"

"ဟုတ်တယ်... ကဲ... ဝင်းအောင်၊ ကျေးဇူးပဲကွာ၊ မိုးတိုးရေ"

"ဗျာ... ဆရာ"

"ဝင်းအောင်ကို ပြန်ပြီး ပို့ပေးလိုက်ပါကွာ"

"ဟုတ်ကဲ့"

"ဝဏ္ဏ... မင်းနဲ့ငါ အပြင်သွားကြရအောင်"





"ဘယ်ကိုလဲ ရန်နောင်"

"ညိုထွန်းကို သွားပြီးဖမ်းကြရအောင်"

"ဟင်... ညိုထွန်းကို ဘာအမှုနဲ့ဖမ်းမှာလဲ"

"ရွှေနှင်းဆီအဖွဲ့နဲ့ ပတ်သက်မှုပေါ့"

"မင်းပြောတာ ငါသိပ်မရှင်းဘူး ရန်နောင်"

"ငါ ခု... ဝင်းအောင်စကားနဲ့ ဆက်စပ်ပြီး အဖြေတစ်ခုထွက်တယ်"

"ဘာလဲ... လုပ်စမ်းပါဦး"

"ရွှေနှင်းဆီအဖွဲ့ဟာ ဦးမင်းကျော်ဇောကို ဖမ်းဆီးဖို့အတွက် ကြိုတင်ပြီးပြင်ဆင်တဲ့အထဲမှာ ပထမဆုံး ကလျာကျော်ဇော အစားဝင်မယ့်သူကို မျက်နှာအတုနဲ့ ကြိုတင်ပြီးစောင့်နေမယ်၊ ကလျာကျော်ဇော အိမ်ကိုဖုန်းဆက်တာ လည်း အတုပဲ၊ ကလျာကျော်ဇော လေယာဉ်ကွင်းကနေ အိမ်ကို အလာမှာ ဒီကောင်တွေ ဖမ်းသွားတာပဲ၊ ပြီးမှ ရှင်းပစ်လိုက်ကြတာ"

"အဲဒီ ကလျာကျော်ဇော ဒီကိုလာမယ်ဆိုတာကို ကြိုပြီးသိနေတာ ရော ရန်နောင်"

"ကလျာကျော်ဇော မိသားစုထဲမှာ (သို့) ကလျာကျော်ဇော သူငယ်ချင်းမိတ်ဆွေထဲက တစ်ယောက်ယောက်ဖြစ်မယ်၊ အဲဒါမှမဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ရင် ဦးမင်းကျော်ဇော ရဲ့အနီးကပ်တစ်ယောက်ပဲ"

"မင်းစကားအရဆိုရင် ဝင်းအောင်"

"တိတိကျကျပြောနိုင်တာက ခုညှိုထွန်းကိုဖမ်းမိရင်အဖြေထွက်မှာပေါ့၊ ဝက္ကာ...ရှေ့နားက အိမ်မဟုတ်လား"

"ဟုတ်မယ်ကွ"

ညှိုထွန်းအိမ်ရှေ့ကိုရောက်တော့ ညှိုထွန်းကိုမတွေ့ဘဲ ညှိုထွန်းမိခင်ကြီးကိုသာ တွေ့လိုက်ရသည်။

"လူလေးတို့ ဘာကိစ္စလဲကွယ့်"

"ကျွန်တော်တို့ ကိုညှိုထွန်းရဲ့စည့်သည်တွေပါ"

"သြော်..."

"ကိုညှိုထွန်း မရှိဘူးလား"

"မရှိဘူးလေ"

"ဘယ်များသွားလဲ အဒေါ်"

"ငါ့တူတို့ သားသတင်းကို မကြားဘူးနဲ့တူတယ်"

"ညှိုထွန်း ဘာဖြစ်လို့လဲ"

"သား ထောင်ကထွက်ပြီးနောက်ရက်တည်းက သာသနာ့ဘောင်ကို အပြီးဝင်သွားပြီကွဲ့"

"ဗျာ..."





"ဟင်...ကိုညှိုထွန်း သာသနာ့ဘောင်ကို ဝင်သွားတာ ဘယ်လောက်ကြာပြီလဲ"

"(၁)လကျော်ပြီ"

"ဟာ..."

ဝင်းအောင် ပြောပြခဲ့သော အကြောင်းတွေက လွဲချော်နေလေပြီ၊ ကလျာကျော်ဇော နှင့် ညှိုထွန်းတွေ့ဆုံခဲ့သည်မှာ ဘယ်လိုမှ ဖြစ်နိုင်ခြေမရှိပေ။

"သားသီတင်းသုံးတဲ့ကျောင်းက သိပ်ပြီးမဝေးဘူး (×××) ဘုန်းကြီးကျောင်းပဲ"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်အဒေါ်၊ ကျွန်တော်တို့ လိုက်သွားပါဦးမယ်"

"ကောင်းပါပြီကွယ်"

အိမ်ထဲမှ ပြန်ပြီးထွက်လာချိန်တွင် ရန်နောင်... ဝင်းအောင်ပေါ်သို့ သံသယတွေ ကြီးထွားလာခဲ့တော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဦးမင်းကျော်ဇော အိမ်ကိုရောက်တော့ဝင်းအောင်ကို မတွေ့ရ။ အိမ်တွင်ရှိနေသောဦးလေးကြီးတစ်ယောက်ကိုသာတွေ့လိုက်ရသည်။

"ဦးလေး...ဝင်းအောင်တစ်ယောက် ဘယ်သွားလဲ"

"မပြောတတ်ပါဘူးကွယ်၊ ဒီကောင် ရုန့်လေးတင် ခရီးဆောင်အိတ်တစ်လုံးနဲ့ထွက်သွားတာပဲ၊ ဦးလေးကမေးတော့ ကိစ္စရှိလို့ဆိုပြီး သွားတာပဲ"

"ဝဏ္ဏရေ... ဝင်းအောင်တော့လစ်ပြီ၊ အထွက်ဂိတ်တွေကို ဆက်သွယ်ကွာ"

မြို့အထွက်ဂိတ်တွေကို စကားပြောစက်နှင့် ဆက်သွယ်မေးကြည့်တော့





"နာရီပိုင်းလောက်က ဝင်းအောင် နယ်ခြားဂိတ်ဘက်ကို ကားတစ်စီးနဲ့ ပါသွားတယ်လို့ပြောတယ်၊ ရန်နောင်.... ဘယ်လို လုပ်မလဲ"

"ငါတို့နောက်ကျသွားပြီ ခုလောက်ဆို ဒီကောင် တောလမ်း တနေ ထွက်လောက်ပြီကွ၊ ငါတို့ကို တစ်ပတ်ရိုက်ပြီး ဒီကောင် လစ် ထွက်သွားတာ"

အိမ်ထဲမှ အပြင်သို့ပြန်ထွက်ချိန်တွင်

"အုတ်.."

"အ..."

"ဝဏ္ဏ.."

အသံတိတ်တပ်ထားသော အဝေးပစ်သေနတ်နှင့် လှမ်းပြီး ပစ်သောကြောင့် ဝဏ္ဏကို ထိမှန်သွားလေသည်။

"ရန်နောင်...လက်မောင်းကိုထိတာ သတိထား"

"အုတ်..."

"ချွင်.."

သေနတ်ကျည်ဆံက နောက်တစ်ချက်ပေါ်လာပြီး သေးမှန်ရဲ့ ဆိုထိမှန်လေသည်။

ရန်နောင်နှင့် ဝဏ္ဏရေမှ ကျောက်ထိုင်ခုံနှင့် အကာအကွယ်



www.burmeseclassic.com

www.burmeseclassic.com



ယူကာသေနတ်ကျည်ဆံလာရာဘက်ကို လှေ့လာလိုက်သည်။

"ဝက္ကာ မင်း ဒီမှာပဲ ဝပ်နေ"

"မင်း...ဘယ်သွားမလို့လဲ"

"သေနတ်ကျည်လာတဲ့ဘက်ကို ငါအနီးကပ်သွားမယ်"

"အေး..."

"ဒုတ်...ဒုတ်...ဒုတ်..."

သေနတ်ကျည်ဆံတွေက အဆက်မပြတ် ရောက်ရှိလာနေသည်။

ရန်နောင် ကျောက်နံရံကို အကွယ်ယူပြီး တစ်ဖက်ရှုထဲကို လှမ်းဝင်လိုက်သည်။

သေနတ်သမားက အဝေးသစ်ပင်ကြီးပေါ်မှ ပစ်နေခြင်းဖြစ်သည်။

ရန်နောင် အနီးဆုံးကို ရောက်အောင် သွားနိုင်ဖို့ မြောင်းမှ အပြင်သို့ဖောက်ထားသည့် အုတ်မြောင်းလေးထဲမှ ထွက်ခဲ့ရသည်။

သေနတ်သမားလည်း ဆက်ပြီး မပစ်တော့ဘဲ သစ်ပင်အောက်သို့ဆင်းကာ ပြန်ဖို့ကားဆီသို့ပြေးလာ

"ဒိုင်း..."

"အ..."





ရန်နောင်သည် သေနတ်ကိုင်ထားသော သေနတ်သမား၏ လက်ကိုသေချာစွာ ချိန်ပြီး ပစ်ချလိုက်ခြင်းကြောင့် သေနတ်လွင့်စင်ပြီး ကားဆီသို့ပြေး... မယ့် မရောက်ဘဲ ပစ်လဲကျသွားစဉ်

"ဒုတ်..."

"အား..."

"ဟင်..."

ကားပေါ်မှလူ သေနတ်သမားကို သေနတ်နှင့်ပစ်ကာ ကားမောင်းထွက်ပြေးသွားတော့သည်။

ရန်နောင် သေနတ်သမားနားရောက်တော့ အသက်မရှိတော့ပေ။ ဝက္ကာလက်မောင်းလေးကိုဆုပ်ကိုင်ပြီး အနားသို့ရောက်လာသည်။

"ရန်နောင်အသက်မရှိတော့ဘူးလား"

"ဟုတ်တယ်...နှုတ်ပိတ်သွားပြီ"

ရဲစခန်းကို အကြောင်းကြားလိုက်ရတော့သည်။

"ဟင်..."

သေဆုံးနေတဲ့လူ့အိတ်ကပ်ထဲမှ ထွက်ကျလုလုဖြစ်နေသော စာရွက်ခေါက်လေးကို ရန်နောင်ယူပြီး ဖတ်ကြည့်ရာ.....



www.burmeseclassic.com

www.burmeseclassic.com



မချစ်

ဝုံထောက်နှစ်ကောင်ကို ဒီ(၂)ရက်အတွင်းအပြတ်ရှင်း

ရွှေနှင်းဆီ

❦❦❦

ယူနန်ပြည်နယ်ရဲ့မူးကြီးရုံးရှေ့တွင် ကားလေးရပ်ပြီး ဆက်ဆိုင်ရာအရာရှိ ရှုံးခန်းဆီသို့ ရန်နောင်နှင့်ဝဏ္ဏ လျှောက်ခဲ့ကြသည်။

"ရန်နောင်..."

"ဘာလဲဝဏ္ဏ"

"ငါတို့နှစ်ယောက် ဒီကိုလာတဲ့လမ်းမှာ မင်းသတိထားမိသလား"

"ဘာလဲဝဏ္ဏ...ငါတို့နှစ်ယောက်နောက်ကို ကားနက်တစ်စီးလိုက်လာတာကိုပြောမလို့မဟုတ်လား"

"အေး...ဟုတ်တယ်၊ သတိတော့ထားရမယ်၊ ပြီးတော့ ကိုယ့်



www.burmeseclassic.com

www.burmeseclassic.com



ပိုင်နက်မဟုတ်ဘူး"

"ငါတို့ ရွှေနှင်းဆီအဖွဲ့နောက်ကို လိုက်ပြီဆိုကတည်းက အန္တရာယ်က အနီးဆုံးနေရာကိုရောက်နေပြီဝဏ္ဏရေ... သတိကတော့ လစ်လို့မဖြစ်ဘူး။ သတိတစ်ချက်လစ်တာနဲ့ ဘဝပြောင်းသွားမှာပဲဟေ့"

ရုံးခန်းထဲသို့ ဝင်လိုက်သည်နှင့် ရန်နောင်တို့နှစ်ယောက်ကို ပြည်နယ်ရဲမှူးကြီးက ဆီးကြိုသည်။

သူတို့လာမည်ကို ကြိုတင်ပြီး သတင်းပို့ထားပြီးဖြစ်သည်။

"ကဲ... ထိုင်ကြဗျာ"

စားပွဲရှေ့တွင် ဝင်ထိုင်လိုက်သည်နှင့် ရဲမှူးကြီးက ဖိုင်တွဲတစ်တွဲကို ထုတ်ပေးလေသည်။

"ဒါ ရွှေနှင်းဆီအဖွဲ့နဲ့ပတ်သက်ပြီး ကျုပ်တို့ရရှိထားတဲ့ မှတ်တမ်းပါပဲ"

"ဟုတ်ကဲ့"

"ဒီမှတ်တမ်းကို ဆရာတို့အေးအေးဆေးဆေး ဖတ်နိုင်ပါတယ်"

"ရဲမှူးကြီးကို တစ်ခု တောင်းဆိုချင်ပါတယ်"

"တောင်းဆိုကြည့်ပါ"

"အပြစ်ဒဏ်ကျနေတဲ့ ကျင်ဝှပ်ကို တွေ့ချင်ပါတယ်"





"စိတ်မကောင်းပါဘူး"

"ဘာဖြစ်လို့လဲ..."

"ကျင်ဝှပ် လွန်ခဲ့တဲ့တစ်လလောက်က ကိုယ့်ကိုယ်ကို သတ်သေသွားပါပြီ"

"ဗျာ..."

"ဟင်..."

"ကျင်ဝှပ်သေတာ စိတ်ဝင်စားဖို့တော့ ကောင်းတယ်"

"သိခွင့်ရှိရင် သိချင်ပါတယ်"

"သိရပါတယ်၊ ကျုပ်တို့လည်းကျင်ဝှပ်သေပြီး ယူနန်ပြည်မှာ ရွှေနှင်းဆီအဖွဲ့ ပြန်ပြီးအသက်ဝင်လာတာကြောင့် ပြည်မကြီးက စုံထောက်တွေတောင် ယူနန်မှာ တာဝန်ယူနေရတယ်။ ကျင်ဝှပ်မသေခင် တစ်လလောက်က လန်းလန်းဆန်းဆန်းနဲ့ ပျော်ပျော်ရွှင်ရွှင်ပဲရှိနေခဲ့ပါတယ်၊ တစ်နေ့ သူ့ဆီကို သူ့ဇနီး ဝမ်ပေါင် ထောင်ဝင်စာလာတွေ့ပြီး နောက်ပိုင်းမှာ ကျင်ဝှပ် တစ်ယောက် မှိုင်တွေသွားတော့တာပဲ၊ နောက်ဆုံးကိုယ့်ကိုယ်ကို အဆိပ်သောက်ပြီးသေခဲ့တာပဲဗျာ..."

"အဆိပ်သောက်တယ်ဆိုတော့ အဆိပ်ကို ဘယ်နေရာကရတာလဲ၊ ဘယ်လိုအဆိပ်မျိုးကိုသောက်ခဲ့တာလဲ"

"အဆိပ်လို့ ခေါင်းစဉ်တပ်ထားရတာပါ၊ ဒီအဆိပ်မျိုးကို



www.burmeseclassic.com

www.burmeseclassic.com



အလွန်ကိုရှားပါးတဲ့ အဆိပ်တစ်မျိုးပဲ၊ ကျုပ်တို့ယူနန်ပြည်နယ်မှာ တောင် မရှိဘူး။ တိဘက်က ရေးကျတဲ့ သစ်ရွက်အဆိပ်တစ်မျိုးလို့ ဆေးသုတေသနအဖွဲ့က စစ်ဆေးတွေ့ရှိတာပဲ၊ ဒီသစ်ရွက်လေးကို ကျင်ဝုဗ်ဆီ သူ့ဇနီးက ပေးခဲ့တာလို့ပဲ ယူဆပါတယ်"

"ကျင်ဝုဗ်ဇနီး နောက်ကိုရော မလိုက်ကြဘူးလား"

"လိုက်ခဲ့တယ်၊ ဒါပေမယ့် နောက်ကျသွားပြီ"

"ဟင်…"

"ကျင်ဝုဗ်ဇနီးက ယူနန်ကနေ ထွက်သွားပြီးနောက်ဆုံးရတဲ့ သတင်းအရတော့ တိဘက်ဘက်ကို ရောက်နေတယ် ဆိုတာပဲမှာ ဆရာတို့ ဘာ ထပ်ပြီး သိချင်သေးလဲ"

"ဒီလောက်ဆို ပြည့်စုံပါပြီ၊ ရွှေနှင်းဆီမှတ်တမ်းကို လေ့လာပြီး တာနဲ့ ပြန်လာပို့ပေးပါ့မယ်"

"ယူနန်မှာ ကြာဦးမှာလား"

"(၂)ရက်လောက်ပဲ နေမှာပါ"

"လိုအပ်တာရှိရင် ပြောပါ"

"ဟုတ်ကဲ့"

ရန်နောင်တို့ ပြည်နယ်ရဲ့မှူးကြီး ရုံးခန်းမှ ပြန်ပြီးထွက်လာ ကြသည်။ အပြင်ကိုရောက်တော့





"ရန်နောင် ဟိုတယ်ကိုပဲ ပြန်မှာလား"

"အေး…"

အငှားကားတစ်စီးကိုတားပြီး စီး၍ပြန်လာခဲ့ကြစဉ်

"ရန်နောင် နောက်မှာ"

"ငါသိတယ် ဝဏ္ဏ"

ရန်နောင်တို့နောက်တွင် ကားနက်တစ်စီး ကပ်လျက်လိုက်ပါ လာခဲ့သည်။ သူများတိုင်းပြည်ထဲကို ဝင်ခဲ့ရသဖြင့် လက်နက်မကိုင် ဆောင်ရပေ။

ရန်နောင်တို့ တားစီးခဲ့သော အငှားကားမှာ အရှိန်မြှင့်ပြီး မောင်းနေသလို ဟိုတယ်သို့သွားသောလမ်းလည်းမဟုတ်ပေ။

"ပေါ့လူ… ခင်ဗျားဘယ်ကိုမောင်းနေတာလဲ"

ရန်နောင့် အမေးစကားကို ဂရုမပြုဘဲ ဆက်ပြီးမောင်းနေ သောကြောင့်

"ကားကို ရပ်လိုက်"

ကားမောင်းသည့်သူက ကားကိုထိုးရပ်ပေးလိုက်ပြီး ခါးကြား မှ သေနတ်ကိုဆွဲအထုတ်

"ကဲ…"

"ဖြောင်း…"



www.burmeseclassic.com

www.burmeseclassic.com



"အီး..."

ကားသမား ခါးကြားမှ သေနတ်အပြင်သို့မရောက်ခင် ရန်နောင်လက်တွေက လျှင်မြန်စွာဖြင့်ရောက်သွားသည်။

"ဝက္ကာ ကားကိုမောင်းတော့"

"အေး..."

"ခုတ်..."

"ရှုင်..."

နောက်ဘက်ကားဆီမှအသံတိတ်ကိရိယာတပ်ထားသော သေနတ်ဖြင့် လှမ်းပြီးပစ်နေလေပြီ။ ကျည်ဆံများ ကားဘော်ဒီနှင့် မှန်တွေကို ထိမှန်ရုံသာရှိပြီး လူကိုတော့မထိမှန်သေးပေ။

ဝက္ကာတစ်ယောက် ကားကိုခြေဦးတည့်ရာသို့မောင်းနေရင်း

"ဘယ်ကိုမောင်းရမှာလဲ ရန်နောင် ငါ လမ်းမသိဘူး"

"ငါလည်း မသိဘူးကွ၊ လောလောဆယ် လွတ်ရာကိုသာ မောင်းရမှာပဲ၊ မောင်းကွာ"

ကားလမ်းထက်တွင် ကားနှစ်စီးအပြိုင်မောင်းနေစဉ်...

"ဝက္ကာ ရှေ့က လမ်းကို ချိုးကွေ့လိုက်ကွာ၊ ဒါ မြို့ထဲဘက်ကို သွားတဲ့လမ်းဖြစ်မယ်၊ မြို့ထဲဆိုရင်ဒီကောင်တွေ သေနတ်သုံးရဲမှာ မဟုတ်ဘူး"





"ခုတ်..."

"ဖောင်း..."

"ဟင်း..."

ကားဘီးကိုနောက်မှ လှမ်းပြီးပစ်သော ကျည်ဆံထိမှန်ပြီး ဘေးသို့ဆွဲချသွားတော့သည်။

ကားကိုဆက်ပြီးမောင်း၍ မရတော့ခြင်းကြောင့် ကားပေါ်ကနေ ဆင်းပြီးပြေးခဲ့ရပြန်သည်။

ရန်နောင်တို့နှစ်ယောက် ပြေးနေသောလမ်းမှာ ကားဝင် ၍ မရသော လမ်းကြားလမ်းဖြစ်နေသဖြင့် နောက်မှ လူ(၅)ယောက် အပြေးလိုက်လာခဲ့ကြသည်။

"ဝက္ကာ ရှေ့က အပေါက်ကနေဝင်မယ်"

"အင်း..."

ပွင့်နေသော တံခါးပေါက်ကနေ အထဲကိုဝင်လိုက်တော့ နောက်ဖေးတိုက်လှေကားတစ်ခုဖြစ်နေသဖြင့်ဆက်ပြီးတက်ခဲ့ကြသည်။

နောက်မှ လိုက်လူတွေကလည်း ထက်ကြပ်မကွာ ဆက်ပြီး လိုက်လာနေ၏။

လှေကားဘေးဘက်ရှိ အခန်းတွေအားလုံးက ပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့်အပေါ်ဆုံးရောက်သည်အထိ တက်ရဲကြရသည်။

နှစ်ယောက်သားတိုက်အမိုးပေါ်ကိုရောက်တော့

"ဝက္ကာရေ…ဆက်ပြီး ပြေးစရာမရှိတော့ဘူး"

"ဒီတော့"

"ဒီကောင်တွေကို မင်းနဲ့ငါ ခွဲပြီး ရင်ဆိုင်ရုံပဲရှိတော့တယ်"

"မြန်မာ့လက်ရည်ပြရတာပေါ့ကွာ"

တိုက်အမိုးပေါ်ရှိ ရေစည်ကြီးဘေးတွင် ပုန်းကွယ်ပြီး အခြေအနေကို စောင့်ကြည့်နေကြသည်။

တိုက်အမိုးပေါ်ကို (၃)ယောက်သာ သေနတ်ကိုယ်စီနှင့် တက်လာပြီး(၂)ယောက် လှေကားရင်းတွင် စောင့်နေမည့်ပုံပင်။

တရုတ်ဘာသာစကားဖြင့် အော်ဟစ်ပြောဆိုပြီး ရန်နောင်တို့နှစ်ယောက်ကိုရှာဖွေလာသည်။

ရေစည်ကြီးအနားသို့တစ်ယောက်စီခွဲပြီး ရောက်လာသည်နှင့်

"ဒီမှာကွ…ရော့…"

"ဖြောင်း"

"လာပြီ…ဒါက ဒုံးပျံ"

"ဒုတ်…"





"အီး…"

သေနတ်သမားနှစ်ယောက် မှောက်သွားပြီး ကျန်တစ်ယောက်က သေနတ်နှင့်ပစ်မည်အပြု

"ဒိုင်း…"

"အား…"

"ဟာ…"

"ဟိုက်"

သေနတ်သံတစ်ချက်ပေါ်ထွက်လာပြီး သေနတ်သမားရေ့တို့ မှောက်ကျသွားသည်။ သေနတ်ပိုင်ရှင်က တရုတ်အမျိုးသမီးတစ်ဦး……

အေးဆေးတည်ငြိမ်စွာဖြင့် ရန်နောင်တို့ဆီကို လျှောက်လာသည်။

"ကျွန်မက ယူနန်အထူးရဲတပ်ဖွဲ့က စီစီရှုးပါ"

"ဟုတ်ကဲ့ အခုလို ကူညီတာကို ကျေးဇူးတင်ပါတယ်"

"မလိုပါဘူးရှင်၊ ကိုယ့်နယ်ထဲရောက်လာတဲ့ ဧည့်သည် ကို စောင့်ရှောက်ရမှာ ကျွန်မတို့တာဝန်ပါ။ ကဲ…သွားကြမယ်"

"ဒီလူတွေတရော…"

"မကြာခင် သူတို့ကိုလာပြီးခေါ်သွားပါလိမ့်မယ်၊ လာ…လာ



www.burmeseclassic.com

www.burmeseclassic.com



ဆယ် ရှင်တို့နှစ်ယောက်လုံးမြို့ရွာနဲ့ ဟိုတယ်ကို ပြန်ရောက်ဖို့ပဲ အရေးကြီးပါတယ်"

စီစီထူးခေါ်ဆောင်တဲ့နောက်ကို လိုက်ခဲ့ကြတော့သည်။

"ဒီကောင်တွေက ဘယ်သူလဲဆိုတာကို မင်းသိလား"

"ရှင်တို့ကို လိုက်ပြီးသတ်တဲ့ကောင်တွေက ကြေးစား လူသတ်ပေးနေတဲ့ကောင်တွေပါ၊ ဘယ်သူက သတ်ခိုင်းတာလဲ၊ ဘာကြောင့်လဲဆိုတာတော့ ဒီကောင်တွေကိုယ်တိုင်က သိမှာမဟုတ်ပါဘူး။ သူတို့ကို ကြားက ပွဲစားတစ်ယောက်က ဓာတ်ပုံနဲ့ငွေပဲ ပို့လိုက်တာ၊ ဒါကြောင့် ရှင်တို့ကို ဘာကြောင့်သတ်တယ်ဆိုတာကို သိနိုင်မှာမဟုတ်ပါဘူး"

သူမ ကားလေးနှင့်ပဲ ဟိုတယ်ကိုသာ ပြန်ခဲ့ရတော့သည်။

* * *

ဒိပ်ရာထသည်နှင့် ဟိုတယ်အောက်ထပ်ရှိ စားသောက်ခန်းတွင် နံနက်စာကို သုံးဆောင်နေကြသည်။

"ဘယ်လိုလဲ ရန်နောင်… ရှေးနှင်းဆီမှတ်တမ်းကြီးကို ဖတ်ပြီးသွားပြီလား"

"အေး…"

"ဘာထူးခြားလဲ"

"မှတ်တမ်းထဲမှာ ငါသိချင်တဲ့အချက် (၂)ချက်ပဲရလိုက်တယ်၊ ကျန်တာတော့ သိပ်ပြီးမထူးခြားပါဘူး။

"ဘာအချက်တွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ပထမအချက်က ရွှေနှင်းဆီဂိုဏ်းကြီးကို တည်ထောင်တဲ့နေရာ"

"ဘယ်နေရာလဲ"

"တိဘက်"

"ဟာ...အဝေးကြီးပါလား နောက်တစ်ချက်ကရော"

"ရွှေနှင်းဆီဂိုဏ်းကြီးကို ခေါင်းဆောင်ခဲ့ကြတာ အမျိုးသမီးခေါင်းဆောင်တွေတဲ့"

"လက်ရှိရော"

"ဒါတော့ မပြောတတ်သေးဘူး။ ကျင့်ဝတ်ကို သက်ဆိုင်ရာက ဖမ်းမိတဲ့အချိန်ထိတော့ အမျိုးသမီး ဦးဆောင်နေတာပဲ"

"သူတို့ဂိုဏ်းရဲ့ရည်ရွယ်ချက်ကဘာလဲ"

"လက်နက်ဆန်းတွေကို တီထွင်ပြီး အစိုးရဆန့်ကျင်ရေးသမားတွေကို ရောင်းစားတဲ့ဂိုဏ်းလို့ပြောရမှာပဲ၊ ပြည့်ပြည့်စုံစုံတော့ မသိရသေးဘူး"

"ဦးမင်းကျော်ဇောကို ဖမ်းသွားတာ လက်နက်ဆန်းကိစ္စတစ်ခုကြောင့်ဖြစ်နေမလားရန်နောင်"

"သေချာသလောက်တော့ရှိတယ်"

"ဟာလို...ကောင်းသောမနက်ခင်းပါ...ကိုရန်နောင်နဲ့ကိုဝဏ္ဏ"





"ဗြော်...စီစီဖူး...ထိုင်ပါ"

စီစီဖူး သူတို့နှင့်အတူ ဝင်ပြီးထိုင်ကာ

"ဘယ်လိုလဲ ရွှေနှင်းဆီဂိုဏ်းနဲ့ပတ်သက်ပြီး ဘာတွေလေ့လာပြီးပြီလဲ"

"ခုမှ ရွှေနှင်းဆီရာဇဝင်ကို လေ့လာတုန်းပဲရှိပါသေးတယ်"

"ကျွန်မတို့လည်း ဒီဂိုဏ်းကြောင့် ခေါင်းရှုပ်နေရပြီ"

"ဘာလို့လဲ စီစီဖူး"

"ဘာဖြစ်ရမလဲ၊ နယ်ချဲ့ပိုင်းအတွင်း ပညာရှင်ကြီးတွေကို ဒီအဖွဲ့က ဖမ်းဆီးခဲ့တာ (၃)ယောက်ပြောက်သွားပြီ"

"ဟင်...(၃)ယောက်လုံးယူနန်ကပဲလား"

"(၃)ယောက်လုံး ယူနန်က မဟုတ်ပါဘူး။ တရုတ်ပြည်မကသုံးယောက်၊ ထိုင်ဝမ်ကတစ်ယောက် ပါတယ်"

"ပညာရှင်ကြီးတွေဆိုတာ..."

"ဓာတုဗေဒ ပညာရှင်ကြီးတွေလေ၊ ရှင်တို့ဆီက ပညာရှင်လိုပဲပေါ့။ ဒီအဖွဲ့ကို အထူးအဖွဲ့တွေဖွဲ့ပြီး စုံစမ်းနေပါပြီ၊ ဒါပေမယ့် ရှင်ဘားမရပါဘူး"

"ဘယ်လိုဖြစ်လို့လဲ စီစီဖူး..."

"ခုထိ ဘာသဲလွန်စမှ မရသေးဘူး။ မသင်္ကာလို့ ဖမ်းထားတဲ့

www.burmeseclassic.com



လူတွေသာ ပုံနေတာ၊ အဖြေက ထွက်လာတာ မရှိသေးဘူး"

"ကျွန်တော်တို့ဆီကို အလည်သက်သက်လား"

"မဟုတ်ပါဘူး။ ရှင်တို့ကို ခေါ်နိုင်းလိုက်လို့"

"ဟင်..."

"ရှင်တို့ဆီက တာဝန်ရှိတဲ့လူကြီးရောက်နေတယ်"

"ဪ...ဒါဖြင့် သွားကြရအောင်"

"ကိုရန်နောင်ရယ်... မနက်ပိုင်းလေးကို ကော်ဖီကောင်းကောင်းလေးတစ်ခွက်လောက်တော့ အေးအေးဆေးဆေးသောက်ပါရစေဦး"

သူမ ကော်ဖီခွက်ကို ကုန်အောင်သောက်ပြီး ဟိုတယ်ထဲမှ အပြင်သို့ထွက်လာခဲ့ကြတော့သည်။

"ခု...ဘယ်ကိုသွားမှာလဲ စီစီဖူး..."

"ယူနန်ရဲ့အထူးတပ်ဖွဲ့ရုံး"

သူမကိုယ်တိုင် ကားမောင်းပြီး လာခဲ့ကြသည်။

"လူကြီးတွေလည်း ရွှေနှင်းဆီဂိုဏ်းကြောင့် ခေါင်းကိုက်နေတယ်"

"ဥပဒေအမြင်က လူတွေအတွက် သိပ်ပြီးမကြာပါဘူး"

"မကြာဘူးသာ ပြောနေတာ၊ ရွှေနှင်းဆီအဖွဲ့ကြီးက ခုဆိုရင်





နှစ်ပေါင်း (၅၀) ကျော် ရပ်တည်နေပြီလေ"

"နှစ်ပေါင်း (၅၀) ကျော်ပြီဟုတ်လား"

"ဟုတ်တယ်"

ရန်နောင်ဖတ်ခဲ့သော ရွှေနှင်းဆီ မှတ်တမ်းဖိုင်ထဲတွင် နှစ်ပေါင်းဘယ်လောက်ဆိုတာကို တိတိကျကျမပါခဲ့ပေ။

"စီစီဖူး... ရွှေနှင်းဆီဂိုဏ်းနဲ့ပတ်သက်ပြီး ဘယ်လောက်ထိ သိထားပြီးပြီလဲ"

"သိပ်ပြီး ပြည့်ပြည့်စုံစုံတော့ မဟုတ်ပါဘူး"

"သိသလောက် ပြောပြပါလား၊ ကျွန်တော်ဖတ်ရတဲ့ မှတ်တမ်းက သိပ်ပြီး မပြည့်စုံဘူး"

"ဟုတ်တယ်၊ ကျင့်ဝတ်ဆိုတဲ့ကောင်လည်း သိပ်ပြီးသိနိုင်မှာ မဟုတ်ပါဘူး။ သူ့အဆင့်က တစ်ဆင့်ခံခေါင်းဆောင်လက်အောက်မှာ အလုပ်ရှာနေတာဆိုတော့ မှတ်တမ်းထဲမှာပါသလောက်ပဲ သိမှာပါ"

"စီစီဖူးကရော ဘယ်လောက်သိခဲ့ရတာလဲ"

"တိဘက် အဘိုးအိုကြီးတစ်ပါးနဲ့ ယူနန်မှ မိတ်ဆွေဖြစ်ခဲ့ရင်း သိခဲ့ရတာပါ"

"ဪ..."

"ရွှေနှင်းဆီဆိုတဲ့ အမည်ဟာ သူတို့ဂိုဏ်းအသုံးအနှုန်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းကင်ကို စိုးမိုးခြင်းလို့ ယူဆထားပြီး မှည့်ခဲ့ကြတာ၊ စတင်မွေး စည်းခဲ့တဲ့အမျိုးသမီးဟာ ရုရှားပြည်က (အနုမြူ)ထုတ်လုပ်တဲ့ ပညာရှင်ကြီးတစ်ဦးပဲ၊ ရုရှားပြည်ကနေ (အနုမြူ)ဖော်မြူလာတွေကို တစ်ဖက်နိုင်ငံတွေကို ခိုးရောင်းမှုကြောင့် ရုရှားအစိုးရက ဖမ်းဆီးဖို့ ပြင်နေတုန်း တိဘက်ကိုထွက်ပြေးခဲ့ကြပြီး ဖောက်မြုပ်နေခဲ့ကြတယ်၊ ဒီတုန်းက သူနဲ့အတူ သမီးတစ်ယောက်ပါလာတယ်၊ ရီမေဒီတဲ့ တိဘက်ကို ရီမေဒီ ရောက်တော့ အသက် (၁၈) နှစ်အရွယ်ပဲရှိသေး တယ်၊ ရုရှားပညာရှင်ကြီးဟာ တိဘက်ကိုရောက်ပြီး (၃)နှစ်ပဲခံလိုက် ပါတယ်၊ အဆုတ်ကင်ဆာရောဂါနဲ့ ဆုံးပါးသွားပြီး ကျန်ခဲ့တဲ့ ရီမေဒီဟာ ရွှေနှင်းဆီဆိုတဲ့ဂိုဏ်းကို စတင်ပြီးတည်ထောင်တော့တာပဲ၊ သူ့ရည် ရွယ်ချက်က အစိုးရဆန့်ကျင်ရေးအဖွဲ့တွေကို နောက်ကနေ မြှောက် ပေးနိုင်ရေးပဲ၊ နောက်တော့ လမ်းကြောင်းပြောင်းခဲ့တယ်၊ လက်နက် ဆန်းတွေကို ရှာဖွေပြီး ရောင်းစားတဲ့ဂိုဏ်းဖြစ်သွားတော့တာပဲ၊ ခုဆိုရင် ရီမေဒီ လက်ထက်ကာစပြီး သူ့သမီးရိုစီမေဒီဦးဆောင်နေတယ် လို့သတင်းရထားပေမယ့်ရိုစီမေဒီဟာ ဘယ်လိုပုံလဲဆိုတာ ဘယ်သူမှ မပြောနိုင်ကြဘူး”

“ရီမေဒီက တိဘက်မှာ အိမ်ထောင်ကျခဲ့တယ်ပေါ့”

“ဟုတ်တယ်၊ တိဘက်လူမျိုး ဒေးဗစ်ဆိုတဲ့သူနဲ့ အိမ်ထောင်





ကျပြီး ရိုစီမေဒီ (၁၈)နှစ် သမီးမှာကွဲသွားကြတယ်”

“ခု ဒေးဗစ်ရှိသေးလား”

“သေလားရှင်လားဆိုတာ ဘယ်သူမှအတိအကျမပြောနိုင်ဘူး”

ယူနန်အထူးတပ်ဖွဲ့ရုံးချုပ်ထဲကို ကားမောင်းဝင်လာသဖြင့် စကားပြတ်သွားကြလေတော့သည်။

သူမ ရှေ့မှဦးဆောင်ပြီး ရုံးခန်းတစ်ခုဆီသို့ ခေါ်ဆောင်လာ သည်။ ရုံးခန်းထဲသို့ ဝင်လိုက်သည်နှင့်

“ဟာ...ရဲမှူးကြီး”

“ကဲ...ထိုင်ကြကွာ”

ရန်နောင်တို့ တစ်ဖွဲ့မှ ရဲမှူးကြီးကို တွေ့လိုက်ရသဖြင့် အံ့ဩ သွားသည်။ ဘေးတွင် ယူနန်မှတာဝန်ရှိသူနှင့် ဟောင်ကောင်မှ တာဝန် ရှိသူတွေကိုပါ တွေ့လိုက်ရသည်။

“ခု...ဒီကိုရောက်လာတာ အထူးစစ်ဆင်ရေးတစ်ခုအတွက် တာဝန်ပေးချင်လို့လာခဲ့တာ”

“ဟုတ်ကဲ့... အမိန့်ရှိပါ ရဲမှူးကြီး”

“ငါတို့နဲ့အတူ ရွှေနှင်းဆီဂိုဏ်းကြီးရဲ့ဒုက္ခပေးမှုကို ခံနေရတဲ့ ယူနန်ပြည်နယ်နဲ့ ဟောင်ကောင်ကလည်း ရွှေနှင်းဆီဂိုဏ်းကြီးကို ဖော် ထုတ်ဖို့ကြိုးစားနေကြတယ်၊ ဒီအတွက် ပူးပေါင်းဆောင်ရွက်မှုကိုပြု



www.burmeseclassic.com

www.burmeseclassic.com



လုပ်ကြမယ်၊ ငါတို့ဆီက ဆရာရန်နောင်၊ ယူနန်က စီစီရှုးနဲ့ ယောင်ကောင်က ရဲအရာရှိ ဝုရင်ဒေါင်တို့က ရွှေနင်းဆီဂိုဏ်းထုတ်ဖော်ရေးအတွက် အထူးတာဝန်ကိုဆောင်ရွက်ကြရမယ်၊ သူက ဝုရင်ဒေါင်ပဲ"

"ဟုတ်ကဲ့ ကျွန်တော် ရန်နောင်ပါ"

"ကျွန်မ.. စီစီရှုး"

တစ်ယောက်နှင့်တစ်ယောက် မိတ်ဆက်ပေးပြီး

"ဒီစစ်ဆင်ရေးကို ပန်းသုံးပွင့်စစ်ဆင်ရေးလို့ အမည်ပေးထားတယ်"

"ပန်းသုံးပွင့်"

သုံးယောက်သားတစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်လိုက်ကြသည်။

"ဆရာဝဏ္ဏက ငါနဲ့ပြန်လိုက်ခဲ့ပြီး ဆရာရန်နောင်ကတော့ ဒီနေ့ကစပြီး စစ်ဆင်ရေးတာဝန်ကို ယူရမယ်"

"ဟုတ်ကဲ့"

"ဆောင်ရွက်ရမယ့်ကိစ္စအားလုံးကို ယူနန်တာဝန်ရှိသူတွေက လုပ်ဆောင်ပေးလိမ့်မယ်၊ တာဝန်ကျေပွန်ပါစေ"

"စိတ်ချပါ ရဲမှူးကြီး"

အခန်းထဲမှ အသီးသီးပြန်ထွက်ချိန်တွင် ဝဏ္ဏမှ





"ရန်နောင်"

"ဝဏ္ဏ"

"မင်းမြန်မာပြည်ပြန်လာမယ့်ရက်ကို ငါမျှော်နေမယ်"

"မကြာခင် ငါပြန်ရောက်လာမှာပါကွာ"

www.burmeseclassic.com

www.burmeseclassic.com

"ဟင်..."

အနီရောင်ကတ္တီပါဘူးလေးထဲမှ ဝုရင်ဒေါ်ငါအမည်နှင့် ရေ

ရောင်ကျည်ဆံလေးကိုတွေ့လိုက်ရသည်။

ရန်နောင်တို့သုံးဦးတည်းရှိသော ဟိုတယ်မှ ဟိုတယ်

ဝန်ထမ်းကောင်လေးတစ်ဦးလာပြီးပို့ခြင်းဖြစ်သည်။

ထို့အပြင် တရုတ်ဘာသာဖြင့် စာတစ်စောင်ပါပါသေးသည်

"ဘယ်သူလာပို့တာလဲ"

"လူတစ်ယောက်လာပြီးပေးခိုင်းတာပါ။ ဘယ်သူလဲဆိုတာ

မသိဘူး"





ဝုရင်ဒေါ်ငါ ရေးထားသောစာကိုဖတ်ကြည့်ပြီး မျက်နှာတစ်ခု

လုံးမှိုင်းဝေသွားလေသည်။

"ဒေါ်ငါ...ဘာတွေရေးထားတာလဲ"

"ကျုပ်ကို အကျပ်ကိုင်နေကြပြီ"

"ဟင်..."

"ဘာဖြစ်လို့လဲ ဒေါ်ငါ"

"ကျုပ်ဇနီးနဲ့ကျုပ်သားလေးကို ဒီကောင်တွေဖမ်းထားလိုက်

ပြီ"

"ဟာ..."

"ကျုပ်ကို ရှေ့ဆက်မတိုးရင် ပြန်ပြီးလွှတ်ပေးမယ်တဲ့၊ ရှေ့

ဆက်ပြီးတိုးရင် ကျုပ်ဇနီးနဲ့ ကျုပ်သားကို သတ်မယ်တဲ့"

"ခင်ဗျား ဘာလုပ်မလဲ"

"ကျုပ်တို့က မင်းဆယောက်ျားတွေပဲဗျာ၊ နောက်ဆုတ်ဖို့ဆို

တာမဖြစ်နိုင်ပါဘူး။ ခုလို အကြမ်းဖက်ခြိမ်းခြောက်မှုတွေကို အလျှော့

ပေးရင် ဒီထက်မက ခြိမ်းခြောက်မှုတွေကို ဒီကောင်တွေ ကျူးလွန်လာ

ဦးမှာပဲ"

တာဝန်နှင့်ဘဝကို စတေးခံရဲတဲ့ ဝုရင်ဒေါ်ငါကို ရန်နောင်

လေးစားသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ တိဘက်ကိုရောက်၍ (၃)ရက်မြောက်သောနေ့ တွင် စတင်ပြီးကြုံရသောကိစ္စပင်ဖြစ်သည်။

ဝုရင်ဒေါင် ရွှေရောင်ကျည်ဆံလေးကို ဆုပ်ကိုင်ပြီး အံကို ကြိတ်လိုက်သည်။

"ဒေါင်..."

"ဘာများလဲ ရန်နောင်"

"ခင်ဗျားဖနီးနဲ့ သားကို ကယ်ဖို့စဉ်းစားကြရင်ကောင်းမယ်"

"ဒီကောင်တွေလက်ထဲက ကယ်ထုတ်ဖို့ဆိုတာ မလွယ်ဘူး ပြီးတော့ ဘယ်မှာဖမ်းထားတယ်ဆိုတာ သိမှမသိရဘဲ၊ ထားလိုက်ပါ ဘုရားသခင်ဆန္ဒတော်အတိုင်းပေါ့"

"ကျုပ်အကြံတစ်ခုရတယ်"

"ဘာများလဲ ရန်နောင်"

"ခင်ဗျားသဘောထားကို ဒီကောင်တွေ မေးမှာပဲ"

"သိပ်သေချာတယ်"

"ဒီကော့ ဒီကောင်တွေမေးရင် ခင်ဗျားဘက်က လိုက်လျောတဲ့အသွင်နဲ့ ခင်ဗျားဖနီးနဲ့ သားဖမ်းထားတဲ့နေရာကို သိအောင် လုပ်ကြရအောင်"

"ဟုတ်တယ် ဒေါင်၊ ရဲနောင်ပြောတဲ့ အစီအစဉ်ကောင်း





တယ်"

"အေးလေ၊ ကြိုးစားကြည့်တာပေါ့"

"ကျုပ်တို့ဘက်က ပရိယာယ်ကြွယ်ဖို့တော့လိုမယ်"

"ကျွန်မအထင် ဒီဟိုတယ်ပတ်ဝန်းကျင်မှာ ရှေ့နှင်းဆီ ဂိုဏ်းက လူတွေရှိနေမှာ သေချာတယ်"

"သတိတော့ အပြည့်ထားကြရမှာပဲ"

"ဆရာ...တို့"

"ဘာလဲဟေ့"

ဟိုတယ်ဝန်ထမ်းကောင်လေးရောက်လာပြီး

"ဝုရင်ဒေါင် ဖုန်းလာနေတယ်"

"အေး...ခုလာခဲ့မယ်၊ ရန်နောင် သူတို့ဘက်က စပြီကွ"

"ဝိဝိရိရိသာ လုပ်ပေတော့ ဒေါင်"

ဝုရင်ဒေါင်.....ရန်နောင်တို့ဝိုင်းမှထွက်သွားပြီး

"စိစိရှူး... ကျုပ်တို့ကို ရွှေကျည်ဆံနဲ့ စပြီးမိတ်ဆက်နေပြီ"

"ကျွန်မအားးခင် တစ်ယောက်ချင်းကို ရှင်းမယ့်သဘောပဲ ရန်နောင်"

"သူတို့ဘက်က စိန်ခေါ်မှုဟာ ရန်သူရဲ့ခြေရာကိုရှာတွေ့တာနဲ့ အတူတူပဲ..ဟော...ဟိုမှာ...ဒေါင်ပြန်လာနေပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဝှရင်ခေါင် – ရန်နောင်တို့အနားကိုရောက်တော့

"ရန်နောင်…ကျုပ်ကတော့ ခင်ဗျားပြောတဲ့အတိုင်းခေါင်းညိတ်လိုက်ပြီ၊ ကျုပ်ဇနီးနဲ့ ကျုပ်သားကိုတွေ့ခွင့်တောင်းထားတယ်"

"ဒီတော့"

"မကြာခင် အဖြေပေးမယ်တဲ့၊ တကယ်လို့ ကျုပ်ကိုလာပြီးခေါ်ရင် ခင်ဗျားတို့ကျုပ်နောက်က လိုက်နိုင်အောင် ဘယ်လိုလုပ်မလဲ"

"ဒီအတွက် မပူပါနဲ့၊ ကျွန်မ ကြံမယ်၊ ရှင်သာ သူတို့ခေါ်တဲ့နောက်ကိုလိုက်သွားပါ၊ ကျွန်မနဲ့ ရန်နောင် အရင်ထွက်သွားပြီးလိုက်ခဲ့မယ်"

"ဒီတောင်တွေက သိပ်ပြီးလျှင်တယ်နော်"

"သူတို့လျှင်သလို ကျွန်မတို့တလည်း ဗိုပြီးမြန်ရမှာပေ့ါ၊ ကဲ… ရန်နောင်…ရှင်နဲ့ကျွန်မ အပြင်သွားမယ်၊ ခေါင်…ရှင့်ခါးကြားမှာ ကျွန်မတို့သုံးယောက်ရဲ့ဆက်သွယ်ရေးစက် အသေးလေးပါနေတာပဲ၊ ရှင့်နောက်ကိုလိုက်နိုင်မှာပါ"

ဝှရင်ခေါင်ကို ထားခဲ့ပြီး ရန်နောင်နှင့် စီစီဖူး အပြင်သို့ ထွက်လာခဲ့ပြီး၊ အထည်ဆိုင်တစ်ဆိုင်သို့ဝင်ကာ စီစီဖူး အဝတ်တချို့ကို ဝယ်ယူလေသည်။ ဆိုင်ထဲမှ ပြန်ပြီးထွက်ချိန်တွင်

"စီစီဖူး… ကျုပ်တို့နောက်မှာ ရဲဒိုးရှိနေတယ်"





"ကျွန်မသဘောပေါက်တယ်၊ နှစ်ယောက်မဟုတ်လား"

"ဟုတ်တယ်"

"ဒီနှစ်ကောင်ကိုအရင်ရှင်းမှဖြစ်မယ်"

နှစ်ယောက်သားမသိချင်ယောင်ဆောင်ကာ အပြင်သို့ထွက်လာခဲ့ပြီး

"ရှင်နဲ့ကျွန်မ ရှေ့တိုက်ကြီးပေါ်ကိုတက်မယ်"

စီစီဖူးပြလိုက်သောတိုက်မှာ ဆောက်လုပ်စတိုက်ကြီးတစ်လုံးပင်ဖြစ်သည်။ တိုက်ပေါ်တွင် အလုပ်ပိတ်ရက်ဖြစ်၍ အလုပ်သမားတစ်ယောက်မှ မတွေ့ရပေ။ အပေါ်သို့တက်ခဲ့ကြပြီးနောက်သို့ပြန်အကဲခတ်တော့ ငနဲနှစ်ကောင် တက်ပြီးလိုက်လာကြသည်။

အပေါ်ဆုံးအလွှာကိုရောက်တော့ နှစ်ယောက် လူခွဲပြီးပုန်းနေလိုက်သည်။ ရန်နောင်တို့နှစ်ယောက်ကို ရှာရင်းနှင့် အနားသို့ရောက်လာသဖြင့်

"ဟော့…"

"ဖြောင်း…"

"ယိ"

"ဒုတ်"

"အား…"



www.burmeseclassic.com

www.burmeseclassic.com



စီစီဖူးကာမြန်သလိုရဲနောင်ကလည်းခပ်သွက်သွက်ဖြစ်၍ငနဲ နှစ်ကောင်သိပ်မကြာဘဲ မှောက်သွားလေသည်။

"ဒီကောင်တွေကို ချက်ချင်းသတိရလို့မဖြစ်ဘူး စီစီဖူး"

"ဘယ်လိုလုပ်မလဲ"

"ပါးစပ်ပိတ်၊ ကြိုးတုပ်ပြီး တစ်ညလောက်တော့သိပ်ထားရမှာပဲ"

"ကောင်းတယ်"

ငနဲနှစ်ကောင်ကို ပါးစပ်တွင် အဝတ်စည်းပြီး ကြိုးဖြင့်တုပ် ကာအုတ်ပုံကြားထဲတွင် ထားခဲ့ကြသည်။

"နောက် ဘယ်ကိုဆက်သွားမလဲ"

"အလုပြင်ဆိုင်"

"ဟင်...ဘာလုပ်ဖို့လဲ"

"ရှင့်ရုပ်ကို တရုတ်အဘိုးကြီးပုံပေါက်အောင် လုပ်ရမယ်"

"မင်းကရော..."

"တရုတ်မကြီးပုံပေါ့ရှင်"

တိုက်ကြီးပေါ်မှ နှစ်ယောက်သား ခက်သွက်သွက်ဆင်းလာခဲ့လေတော့သည်။

❀❀❀



ရန်နောင်တို့နှစ်ယောက် ရုပ်ဖျက်ပြီး အပြင်သို့ထွက်တော့ ဆက်သွယ်ရေးစက်တွင် ဝှရင်ခေါင်း ရောက်ရှိနေသောနေရာကိုကြည့် တာ

"ခေါင်းတော့ ပါသွားပြီ"

"နေ...ပြနေတာ တောင်ဘက်အရပ်ပဲ"

"ဟုတ်တယ်"

"လိုက်သွားဖို့ ဘယ်လိုစီစဉ်မလဲ"

"ဟိုမှာလေ"

"ဟာ..."



www.burmeseclassic.com

www.burmeseclassic.com



ခပ်လှမ်းလှမ်းတွင်ရပ်ထားသော ကားတစ်စီးကို လက်ညှိုးထိုးပြလေသည်။

"စီစီဖူးနဲ့ သိတဲ့ကားလား"

"မဟုတ်ဘူး"

"ဒါဖြင့်"

"လောလောဆယ် ဒီကားကိုခိုးပြီး စီးရမှာပေါ့"

"ကားက သော့ပိတ်ထားတဲ့ပုံပဲ"

"စောင့်ကြည့်စမ်းပါ"

စီစီဖူး ဘေးဘက်ကို မျက်လုံးတစ်ချက်ဝေ့ကာစားပြီး အိတ်ကပ်ထဲမှ သံချွန်ကလေးနှင့် ကားတံခါးကိုဖွင့်လိုက်သည်။

"ကဲ... ကားပေါ်မြန်မြန်တက်တော့"

"ဝူး..."

ကားစက်ကို သံချွန်လေးနှင့်ပဲ နှိုးကာ မောင်းထွက်ခဲ့သည်။

"ဘာလဲ... အံ့သြနေတာလား"

"ဟုတ်တယ်"

"ဒီပညာက ကားသူခိုးဗိုလ်ကြီးတွေဆီမှာ တပည့်ခံပြီး သင်ခဲ့တာ၊ အရေးပေါ်အခြေအနေကျရင် အသုံးချနိုင်အောင်လို့ ခုတော့ အသုံးတည့်သွားပြီ"





ကားကို စက်ထဲက အချက်ပြသည့်ဘက်ဆီသို့မောင်းလာရင်း

"ဟင်..."

"ဟယ်"

မြစ်ဆိပ်ကမ်းတစ်ခုကိုရောက်ရှိလာခဲ့ကြသည်။

စက်ထဲမှ အချက်ပြမှုက မြစ်ရေထဲကိုပင်။ ဆိပ်ကမ်းတွင် သေက်ာဖွယ်ကောင်းသော လူတွေကိုတွေ့နေရပေမယ့် ရန်နောင်တို့ နှစ်ယောက်ကို မှတ်မိပုံမပေါ်။

တရုတ်အဘိုးကြီးနှင့်အဘွားကြီး လေညင်းလာခံသည့်အသွင်ဖြင့် မြစ်ကမ်းနံဘေးတွင် ဝင်ပြီးထိုင်ကာ

"ရန်နောင်ဟိုမှာမြင်နေရတဲ့ သင်္ဘောကြီးကို တွေ့လား"

"တွေ့တယ်၊ ဒီသင်္ဘောကြီးပေါ်မှာများလား"

"ဖြစ်နိုင်တယ်၊ လိုက်သွားဖို့ကတော့ ခက်နေပြီ၊ ဒီကောင်တွေ လူတွေလို့ ယူဆရတဲ့ကောင်တွေက ဟိုမော်တော်ဆိပ်မှာရှိနေသလိုပဲ"

"စီစီဖူး...ဟိုမှာ"

ရန်နောင် သင်္ဘောတစ်စင်းဘေးတွင် ကပ်ထားသော မော်တော်လေးကိုပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာဆိုရင် မဆိုးဘူး။ ဒီကောင်တွေ မတွေ့လောက်ဘူး။ ကဲ...သွားကြရအောင်၊ ဒီတစ်ခါ မော်တော်စက်လှေဆက်ပြီးခိုးစီးကြတာပေါ့"

သင်္ဘောကြီးနားသို့ မယောင်မလည်နှင့်သွားပြီး စက်လှေပေါ်သို့နှစ်ယောက်သားတက်ကာ မောင်းထွက်ခဲ့ကြသည်။

"စက်က ဘယ်နေရာကိုပြလဲ စီစီဖူး"

"ရန်နောင် သေချာပြီ သင်္ဘောကြီးပုံသဏ္ဌာန်တောင်ပေါ်နေပြီ"

"ဟာင်..."

သင်္ဘောကြီးနားသို့စက်လှေကလေးအနီးဆုံးကိုရောက်သော်လည်း မယ့် သင်္ဘောကြီးပေါ်တက်သည့် လှေကားတွင် အစောင့်တွေရှိနေသောကြောင့် ကပ်၍မဖြစ်ပေ။ စက်လှေကို သင်္ဘောကြီးနောက်ဘက်သို့ဆက်မောင်းလာပြီး

"စီစီဖူး ဒီနောက်က တက်မှဖြစ်မယ်"

"ဒီလမ်းပဲရှိတာ"

သင်္ဘောကြီးမှာ နိုင်ငံကူးကုန်တင်သင်္ဘောကြီးတစ်စီးဖြစ်ပြီး အပေါ်ကို လွယ်လွယ်နှင့်တက်၍မရနိုင်ပေ။ သင်္ဘောတက်မကြီးကို ဖက်တွယ်ပြီး ခက်ခက်ခဲခဲ တက်ခဲ့ကြရသည်။





"စီစီဖူး သတိထားနော်"

"စိတ်ချ"

အတော်ကိုကြိုးစားပြီးတက်မှ သင်္ဘောကြီးပေါ်သို့ရောက်ခဲ့ပေမယ့် အခန်းများစွာရှိသည့် သင်္ဘောကြီးဖြစ်၍ ရှာဖွေရခက်နေပြန်သည်။

"စက်က ဘယ်နေရာကိုပြလဲ စီစီဖူး"

"သင်္ဘောရှေ့ဘက် အပေါ်ထပ်အခန်းဖြစ်ဖို့များတယ်"

ထိုစဉ် လူတစ်ယောက် ကလေးငယ်တစ်ယောက်ကို အတင်းဆွဲခေါ်လာနေသည်ကိုတွေ့လိုက်ရသဖြင့်

"ခေါင် သားများလား မသိဘူး"

"ဒီကောင်ကို အသုံးချရမယ်"

"အင်း..."

ရန်နောင်တို့နှစ်ယောက်ရှေ့ကိုရောက်သည်နှင့်

"ဖြောင်း..."

"အင့်..."

အနားကိုရောက်လာသည့်သူကို ရန်နောင်ရိုက်ချလိုက်သည်နှင့် စီစီဖူးက ကလေးငယ်ကိုဆွဲယူလိုက်ပြီး

"သားတို့ကိုအန်တီတို့ကလာကယ်တာကွဲ"



www.burmeseclassic.com

www.burmeseclassic.com



ချာတိတ်ကလေးက သဘောပေါက်စွာနှင့် ခေါင်းညိတ်လိုက်သည်။

"သားအဖေက ဝုရင်ဒေါင်လား"

"ဟုတ်ကဲ့"

"ဒါဆို သူတို့သားမာမီကို ဘယ်မှာထားလဲ"

"ဟို...သင်္ဘောကြီးအောက်ခန်းမှာ"

"သား ဒယ်ဒီနဲ့ ရောတွေ့ပြီးပြီလား"

"ဟင့်အင်း..."

"ရန်နောင်... ဒီကောင်တွေ တစ်ပတ်ရိုက်ပြီး ခေါ်တာပဲဖြစ်မယ်"

"ဒါဆိုရင် အမြန်ဆုံးကယ်ဖို့ လုပ်ရအောင်"

"ဘယ်သူ့ကို အရင်ကယ်မလဲ"

"ဝုရင်ဒေါင်ဇနီးကို အရင်ကယ်ကြရအောင်၊ သား...နေရာသိလား"

"သိတယ်"

"ဒါဖြင့်ရင် အန်ကယ်တို့ကို လမ်းပြ"

ချာတိတ်ကလေး ခေါ်ဆောင်ရာနောက်ကိုလိုက်ခဲ့ကြရာ သင်္ဘောဝမ်းအောက်ရှိ အခန်းရှေ့တွင် လူနှစ်ယောက်စောင့်နေသည်





ကိုတွေ့လိုက်ရသဖြင့်

"စီစီဖူး...တို့ ဒီမှာနေခဲ့ကြ"

"တစ်ယောက်တည်းရမလား၊ ကျွန်မ ဝင်ကူမယ်"

"ကောင်းတာပေါ့၊ ဒါဆို စီစီဖူး ဒီကောင်နှစ်ကောင်ကို အယောင်ပြပြီး ခေါ်ထုတ်"

"အင်း..."

စီစီဖူး ခြေလှမ်းနှေးနှေးဖြင့် လာနေသည်ကို အစောင့်နှစ်ယောက် အံ့အားသင့်စွာကြည့်နေရင်း စီစီဖူး ဘေးဘက်အကွေ့သို့ ဝင်လိုက်သည်ကို အပြေးလိုက်လာသည်။

"ရှော့..."

"ခွပ်"

"အင့်"

ရန်နောင် လက်ထဲမှ သေနတ်ဒင်နှင့် ရိုက်ချလိုက်သော ကြောင့်တစ်ယောက်မှောက်သွားပြီး စီစီဖူးက နောက်တစ်ယောက်ကို ခံလိုက်သည်။

လဲကျနေသော အစောင့်ဆီမှ သော့ကိုယူကာ ပိတ်ထားသော အခန်းကိုဖွင့်လိုက်သည်နှင့် အခန်းထဲတွင် ဝုရင်ဒေါင်ဇနီးကို တွေ့လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မာမီ"

"သား..."

"ကဲ...အပြင်ထွက်ကြရအောင်"

"ရှင်...ရှင်တို့က"

"ဝုရင်ဒေါင် မိတ်ဆွေတွေပါ"

သင်္ဘောအပေါ်ဆီသို့ပြန်ပြီးတက်ရိုန်ထိ အန္တရာယ်ကကင်း ရှင်းနေဆဲ...

"စီစီဖူး သူတို့နစ်ယောက်ကို ခေါ်ထုတ်သွားတော့၊ ကျ ဝုရင်ဒေါင်ကို ကယ်ပြီးလာခဲ့မယ်"

စီစီဖူးသင်္ဘောပေါ်မှ အောက်ကိုဆင်းသောလှေကားဆီ ပုန်းလျှိုးသွားသည်နှင့်ရန်နောင် သင်္ဘောအပေါ်ထပ်ဆီသို့တက်ခဲ့

"ဟင်..."

ဝုရင်ဒေါင်ကိုဖမ်းဆီးထားလိုက်ပြီဖြစ်သည်။

ဝုရင်ဒေါင်ဘေးတွင် စောင့်ကြပ်နေသူတွေက (၅)ယော မကပေ။

"ဟောကောင်ဖစ်တာ"

"ဘာလဲကွာ"

"ဟိုကောင်မနဲ့ ကလေးလွတ်သွားပြီ"





"ဘာကွ...သင်္ဘောပေါ်မှာ ရန်သူရောက်နေပြီ"

အားလုံး ရုတ်ရုတ်သဲသဲဖြစ်သွားပြီး အပြေးအလွှား ထွက် သွားကြတော့သည်။

ဝုရင်ဒေါင်ဘေးတွင် နစ်ယောက်သာ ကျန်ခဲ့တော့သဖြင့် ပ်ရှားဖို့အခွင့်အရေးတစ်ခု ရသွားလေသည်။

"ခေါက်...ခွမ်း"

ရန်နောင်အရက်ပုလင်းတစ်လုံးကို အခန်းဆီသို့ပစ်ချလိုက် သောကြောင့်အစောင့်တစ်ယောက် ပြေးထွက်လာသည်ကိုအပေါက် ဆီးကြိုပြီး ရိုက်ချလိုက်သဖြင့် ကျန်နေသော တစ်ယောက်ပါ ပြီးထွက်လာသည်။

"ကဲ..."

"ဖြောင်း"

"အင့်..."

ပွဲစဉ်ကိုအမြန်ဆုံးရန်နောင် သိမ်းလိုက်ရလေသည်။

"ရန်နောင်"

"ဒေါင်"

ဝုရင်ဒေါင်ကို ချည်နှောင်ထားသော ကြိုးများကိုဖြေပေး ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် သားနဲ့ဇနီးကို ကယ်ရဦးမယ်"

"ကျုပ်နဲ့ စီစီဖူး ကယ်ထားတယ်၊ အမြန်ထွက်ကြရအောင်"

"ဒိုင်း..ဒိုင်း...ဒိုင်း"

"ဟင်"

"ဟာ"

သေနတ်ကျည်ဆံတွေက ရန်နောင်တို့ ခေါင်းပေါ်တွင် ဝဲ

ကျလာလေသည်။ ရန်နောင်တို့ အပြန်အလှန် ပြန်ပစ်ရင်း သဘော်

ဘောင်အနားသို့ကပ်လာခဲ့ကြသည်။

"ဟေ့...ဆင်းခဲ့ကြ"

"စီစီဖူး"

သင်္ဘောကြီးအောက်တွင် စီစီဖူး မော်တော်ဘုတ်ကလေး

တွေ့လိုက်ခြင်းကြောင့်

"ဒေါင်... ခုန်ဆင်းတော့"

"အိုကေ"

"ဒိုင်း..."

"အား..."

"ဒေါင်"

ဝုရင်ဒေါင် ခုန်ချမည်အပြု သေနတ်ကျည်ဆံက ရင်ဘတ်





သို့ရောက်ရှိသွားလေသည်။

"ဝုန်း"

ရန်နောင်သည် ဝုရင်ဒေါင်ကိုဖက်ပြီး ရေထဲသို့ ခုန်ချလိုက်

လေတော့သည်။

ရေထဲသို့ရောက်တော့မှ စီစီဖူး ဆွဲတင်ကာ မော်တော် ကို

တ်ကုန်ဖွင့်မောင်းထွက်ခဲ့လေတော့သည်။

နောက်မှ မော်တော်ဘုတ် (၃)စီး လိုက်လာပေမယ့် မမှီနိုင်

တော့ပေ။

"ဝုရင်..."

"မရွ... သား..."

"ဒယ်ဒီ"

"ဒယ်ဒီ ဘာမှမဖြစ်ဘူး၊ စိတ်မပူနဲ့"

"စီစီဖူး ဆေးရုံကို အမြန်ဆုံးရောက်အောင် သွားမှဖြစ်မယ်"

"စိတ်ချ"

"ရန်နောင် ... စီစီဖူး... ကျေးဇူးတင်တယ်"

"ရပါတယ်ဗျာ..."

"ကျုပ်မသေနိုင်ပါဘူး၊ ခင်ဗျားတို့နဲ့အတူ လိုက်နိုင်မှာပါ"

ဝုရင်ဒေါင်က စိတ်ဓာတ် ခိုင်မာသူတစ်ဦးဖြစ်သဖြင့် ရေဘေး



www.burmeseclassic.com

www.burmeseclassic.com



သောဒဏ်ရာပေါ်တွင် ထိတ်လန့်မှုမရှိချေ။

ရန်နောင်တို့ မော်တော်ဘုတ်ကလေးက ဆိပ်ကမ်းတစ်ခုဆီသို့ ကပ်ရန် အနီးအပါးသို့ရောက်ရှိနေလေပြီဖြစ်သည်။

❦

ဆေးရုံသို့ ဝှရင်ခေါင်တက်နေသည်မှာ (၃)ရက်မြောက်ခဲ့ပြီ ဏ်ရာမှာ သက်သာနေပေမယ့် လှုပ်ရှား၍တော့ မရသေးပေ။

ဆေးရုံပေါ်တွင် ဝှရင်ခေါင် လုံခြုံရေးကို စိတ်မချသဖြင့် န်နောင်က စောင့်ကြပ်နေရသလို၊ ဝှရင်ခေါင် ဇနီးနှင့် ကလေးကို စိုး က အနီးကပ် စောင့်ရှောက်ပေးနေရသည်။ ရန်နောင်တို့ ရာက်ရှိနေသောဒေသနေရာကား ရန်သူနယ်နိမိတ်ထဲတွင်ဖြစ်သဖြင့် တ်ချယုံကြည်၍မရနိုင်ပေ။

တိဘက်တွင် ရွှေနှင်းဆီဂိုဏ်းဝင်တွေက နေရာစုံတွင်ရှိပြီး ငွေကြေးချမ်းသာသော ဂိုဏ်းဖြစ်သောကြောင့် ကြေးစားလူသတ်



www.burmeseclassic.com

www.burmeseclassic.com



သမား၊ ပြန်ပေးသမားတွေက ပေါများသည်။

"ကျုပ်ကြောင့် ရန်နောင်တို့လည်း ပင်ပန်းနေပြီ"

"ခေါင်… ဒါတွေ ပြောမနေနဲ့၊ ကျုပ်တို့ ခင်ဗျားတို့က စစ်ဆင်ရေး တစ်ခုကို လက်တွဲတိုက်ပွဲဝင်နေကြတာ၊ သေဖော်သေဖက် တွေ မဟုတ်လား"

"အေးဗျာ… ခင်ဗျားတို့ကျေးဇူးကိုတော့ ကျုပ် ဘယ်တော့မှ မမေ့ပါဘူး။ ကျုပ် ဇနီးနဲ့ ကလေးအတွက်ပဲ စိုးရိမ်နေတာ"

"ခင်ဗျား အစိုးရအဖွဲ့က 'မနက်ဖြန်ဆို လာခေါ်တော့မှာပါ' ဘာမှ စိတ်မပူမဖြစ်နဲ့တော့၊ လုံခြုံရေးကို သူတို့က ကျုပ်တို့ တာဝန်ပြီးဆုံးတဲ့အထိ တာဝန်ယူကြမှာပါ"

"ဒါမှလည်း ကျုပ် ဒီကောင်တွေနဲ့ ပြတ်ပြတ်သားသား ရှင်ဆိုင် နိုင်မှာ"

"ကျွိ…"

အပြင်ဘက်မှ လှည်းတွန်းသံကြောင့်

"ဆေးလာပြီးထိုးတာနဲ့တူတယ်"

"ဟုတ်မှာပေါ့"

လက်တွန်းလှည်းသံက တဖြည်းဖြည်းနီးကပ်လာသော ကြောင့် ရန်နောင် ထိုင်နေရာမှထပြီး အခန်းအပြင်သို့ထွက်ပြီးကြည့်





လိုက်သည်။

ဆရာဝန်ဝတ်စုံဖြင့် ဆေးလှည်းကို လူတစ်ယောက်တွန်းလာ သည်ကိုတွေ့လိုက်ရပြီး

"ဟင်…"

အနီးသို့ရောက်တော့ ရန်နောင် သတိပြုမိသည်မှာ ဆရာ ဝန်ကုတ်အင်္ကျီထဲက သေနတ်ဒင်လေး ပေါ်ဖြစ်သည်။

ဆေးလှည်းတွန်းလာသူမှာ ဆရာဝန်အစစ်မဖြစ်နိုင်တော့ပေ။

"ခေါင်… သတိထား"

"ဒုတ်"

"ဖောင်း"

ဆေးလှည်းတွန်းလာသူကို ရန်နောင် ဘေးဘက်သို့ လဲချ လိုက်ရသည်။

ဆရာဝန်အယောင်ဆောင်သူက သဘောပေါက်ပြီး သေနတ် နှင့်ထုတ်ပစ်လိုက်သည်။

"ကဲ…"

"ဝှီ… ဒုတ်"

"အီး…"



www.burmeseclassic.com

www.burmeseclassic.com



ရန်နောင် ခါးကြားမှ ဓားမြှောင်နှင့် ပစ်ချလိုက်သောကြောင့် လူသတ်သမား လက်မောင်းကို စိုက်ဝင်သွားပြီး နောက်သို့လှည့်ပြီး ပြေးလေသည်။

ရန်နောင် မလိုက်ဘဲ ရပ်ကြည့်နေစဉ်

"အား..."

"ဟင်..."

အောက်ကိုဆင်းသော လှေကားထစ်မှ အရှိန်လွန်ပြီး လူသတ်သမားပြုတ်ကျသွားလေတော့သည်။

သူ့ဓာတ်ကို သူကိုယ်တိုင် သိမ်းလိုက်ခြင်းသာဖြစ်သည်။

"ခေါင်..."

"ဟူး...တော်သေးတယ်၊ ခေါင်းအုံးပဲ ထိလို့ပေါ့"

ခေါင်းအုံးကြီး ပွင့်ထွက်သွားလေသည်။

"ကျုပ်တို့အတွက် နေရာတိုင်းမှာ ကျည်ဆံတွေပဲ ရန်နောင်"

"ကျည်ဆံတောင် ရိုးရိုးကျည်ဆံမဟုတ်ဘူး"

"ဘာကျည်ဆံလဲ"

"ရွှေရောင်ကျည်ဆံလေ၊ ထိခဲ့ရင်တောင် ဂုဏ်ယူရမလိုဖြစ်နေပြီ"

"ခေါင်နဲ့ ရန်နောင်"





"စီစီရူး"

"ဘာဖြစ်သေးလဲ"

"ဘာမှမဖြစ်ပါဘူး"

"ကျွန်မ ဆေးရုံရောက်မှ သိရတာ၊ လူသတ်ကောင်တော့ ကြွသွားပြီ"

"ဪ..."

"ကျွန်မ နောက်ဆုံးသဲလွန်စကို ဒီလူသတ်ကောင်ဆီက ရလို့ ကြိုးစားခဲ့ပါတယ်၊ အလကားပဲ၊ စကားတောင် မပြောနိုင်တော့ဘူး ရန်နောင်"

"ဘာများလဲ စီစီရူး"

"ကျွန်မ ခေါင်ကို ဆေးရုံမှာ ဆက်ပြီး မထားချင်ဘူး။ ဘာကြောင့်လဲဆိုတော့ ဆေးရုံလုံခြုံရေးက စိတ်မချရဘူး"

"ဟုတ်တယ် စီစီရူး... ဘယ်လိုစီစဉ်ချင်လဲ"

"ကျွန်မတို့ကို သက်ဆိုင်ရာက စီစဉ်ပေးတဲ့ အိမ်ကလေးက ဆိုးဘူး။ ဆေးရုံထက်စာရင် လုံခြုံမှုတော့ရှိတယ်"

"ဒါဆို ဆရာဝန်ကြီးကို အကျိုးအကြောင်းပြောပြီး ဆင်းကြတာပေါ့"

"ဪ... စီစီရူး ကျုပ် ဇနီးနဲ့သား အခြေအနေရော ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ရှိလား"

"ကောင်းပါတယ်၊ ယူနန်ရဲတပ်ဖွဲ့က လူအင်အားအပြည့်နဲ့ စောင့်ရှောက်ပေးနေပါတယ်၊ မနက်ဖြန်ကို ပြန်ကြဖို့လည်း စီစဉ်ပေးပြီးပြီ"

"သူတို့ပြန်သွားမှ စိတ်အေးရမှာ"

ဆရာဝန်ကြီးနှင့် ရဲတပ်ဖွဲ့အရာရှိကြီးတွေ ရောက်လာပြီး သူတို့လုံခြုံရေးအားနည်းမှုကို တောင်းပန်သည်။

ရန်နောင်မှ ဝုရင်ခေါင်ကို ဆေးရုံဆင်းခွင့်တောင်းသဖြင့် ဆရာဝန်ကြီးက ခွင့်ပြုသလို နေ့စဉ်လာကြည့်ပေးမည့် ဆရာဝန် တစ်ယောက်ကိုပါ စီစဉ်ပေးလိုက်သည်။

"ခေါင်ရေ… ရှေ့ဆက်ပြီး ဒုတိယမြောက် ရွှေရောင်ကျည်ဆံက ဘယ်သူ့ဆီကို လက်ဆောင်ပို့ဦးမလဲ မသိဘူး"

"ဝို့တော့လည်း ယူရတာပေါ့ စီစီဖူးရာ… မဟုတ်ဘူးလား"

"သိပ်ပြီးဟုတ်တာပေါ့"

❦❦❦

ရန်နောင် ပြတင်းပေါက်တံခါးကို မပိတ်ခင် ခြံဝင်းထဲက အခြေအနေကို အကဲခတ်လိုက်သည်။ ခြံတံခါးတွင် ရဲသုံးယောက် စောင့်ကြပ်ပြီး အိမ်ရှေ့တွင် နှစ်ယောက် စောင့်ကြပ်နေသည်။

ဝုရင်ခေါင် အကျရာက သက်သာမလိုနှင့် အဖျားပါဝင်နေသဖြင့် အိပ်ရာထဲတွင် ဆက်ပြီးလဲနေလေသည်။

ဝုရင်ခေါင် ဇနီးနှင့် ကလေးကတော့ သူတို့နိုင်ငံဆီကို ပြန်ပြီး ခေါ်ဆောင်သွားလေပြီဖြစ်သည်။

"ရန်နောင်"

"စီစီဖူး မအိပ်သေးဘူးလား"





www.burmeseclassic.com

www.burmeseclassic.com



"အိပ်လို့မရတာနဲ့ ထွက်လာတာ၊ ပြီးတော့ ရှင့်ကို တိုင်ပင်

စရာရှိလို့"

"ဒါဆို ခြံဝန်းထဲ ဆင်းကြတာပေါ့"

"ကောင်းသားပဲ"

နံတင်ပေါ်တွင် ဝုရင်ခေါင် ဆေးဆေးဘာက်ပြီး အိပ်ပျော်နေ

ပြီ

စီစီဖူးနှင့် ခြံဝန်းလေးထဲကို ဆင်းလာကာ ခုံတန်းလျား

တွင် ထိုင်လိုက်ကြသည်။

"စီစီဖူး ဘာပြောချင်လို့လဲ၊ ပြောလေ"

"ခေါင်ကို ဒီမှာဆက်ပြီး မထားချင်တော့ဘူး"

"ဟင်…"

"သူ့ဒဏ်ရာအခြေအနေက ဒီပုံစံအတိုင်းဆိုရင် တစ်

လောက်ဆက်ပြီး အနားယူရမယ်လို့ ဆရာဝန်ကြီးကပြောသွားတယ်"

"ဟုတ်တယ်၊ ခေါင်အတွက်ရော ကျုပ်တို့အတွက်ပါ ကောင်

တဲ့ကိစ္စတစ်ခုကတော့ လုပ်ဆောင်ရတော့မှာပဲ၊ ခုလို အန္တရာ

စက်ဝန်းထဲမှာ ဝုရင်ခေါင် ဒဏ်ရာနဲ့ ကျုပ်တို့ ရင်ဆိုင်ရတာ အားနည်း

တယ်"

"မနက်ဖြန်မနက်ကျရင် အကြောင်းကြားပြီးတော့ ပြန်





င်းရမှာပဲ"

"ဝုရင်ခေါင်ကို မပြောနဲ့ စီစီဖူး၊ ဒီလူက ပြန်မှာမဟုတ်ဘူး"

"တစ်မျိုးဒီစဉ်ပြီး လေယာဉ်ပေါ်တင်ပေးရတာပေါ့ရှင်"

"ကျုပ်တို့လည်း ခုချိန်ထိ ရွှေနှင်းဆီကိုက်နဲ့ပတ်သက်ပြီး

ဘာသဲလွန်စမှ မရသေးဘူး"

"ဟုတ်တယ်၊ ဒါပေမယ့် မပူပါနဲ့၊ ကျွန်မ လူတစ်ယောက်ကို

တွေ့ရင် ရွှေနှင်းဆီ ခြေရာကို စပြီးတွေ့ပါပြီ"

"ဟီ…ဟီ…"

ခြံရှေ့မှ ကားဟွန်းသံကြောင့် နှစ်ယောက်သား ကြည့်နေရင်း

တောင့်ရဲအရာရှိက ကားပေါ်ကလူကိုမေးမြန်းနေသည်ကို အဝေးမှ

တွေ့နေရလေသည်။

ကားပေါ်မှ လူက အိတ်ကပ်ထဲမှ ကတ်ပြားတစ်ခုကို ထုတ်ပြ

လိုက်သဖြင့် ရဲအရာရှိခြံတံခါးကိုဖွင့်ပေးလိုက်သည်။

"ဘယ်ဌာနကလဲ မသိဘူး စီစီဖူး"

"ဒီအချိန်ကျမှ ဘာလာလုပ်တာလဲ မသိဘူး"

စီစီဖူး အိမ်ဘက်သို့ သွားမည်အပြု

"နေဦး စီစီဖူး၊ ကျုပ်တို့ နေ့ဘက်ကနေ ဝင်မယ်"

"အင်း…"

www.burmeseclassic.com



မြို့ထဲမောင်းဝင်လာသော ကားမှာ အိမ်ရှေ့တွင် ရပ်သည်

"ဟင်..."

ကားပေါ်မှ လူတစ်ယောက်ဆင်းလာပြီး အိမ်ဝတွင် စေ

ကြပ်နေသော ရဲဘော်နှစ်ဦးကို အသံတိတ်သေနတ်နှင့် ပစ်ပြီးရှုံး

သည်။

"ဒါ..."

"အစိုးရဘက်အယောင်ဆောင်ထားတဲ့ လူသတ်သ

စီစီရှူး မင်းမှာ သေနတ်ပါလား"

"မပါခဲ့ဘူး ဒါပဲပါတယ်"

စီစီရှူး သံမဏိ စတီးပြားလေးတွေကို ပြလိုက်သည်။

"သေနတ်ထက်မြန်တယ်"

"အိမ်နောက်ဖေးဘက်က ဝင်ရင်ကောင်းမယ်"

"ရန်နောင် ဟိုမှာ"

"ဟာ..."

မြို့ဝတွင် စောင့်ကြပ်နေသော ရဲတစ်ဖွဲ့ဝင် (၂) ဦး

အရာရှိကို လူ (၆) ယောက်လောက်က ဖမ်းဆီးထားလိုက်သည်။

အိမ်ထဲတွင် သေနတ်သမားက ဝှရင်ခေါင်းရှိနေသည့် အ

တံခါးကို ဖျက်ပြီး အထဲကို ဝင်မည်အပြု





"ရှီ..."

"အား"

စီစီရှူး လက်ထဲမှ သံမဏိစကြာလေးက လူသတ်သမား

လက်ကို ထိမှန်သွားပြီး လက်ထဲက သေနတ်ပါ လွတ်ကျသွား

လေသည်။

"ငြိမ်ငြိမ်လေးနေပါ၊ ရှင်လှုပ်တာနဲ့ နောက်ထပ်လာမယ့်

စကြာလေးက ရှင့်ကို ညှာမှာမဟုတ်ဘူး"

ရန်နောင် ကြမ်းပြင်ပေါ်မှ သေနတ်ကို ကောက်ယူပြီး နားထင်

ကို တေ့ချိန်ကာ

"မင်း... ရွှေနှင်းဆီဂိုဏ်းဝင် မဟုတ်လား"

"မဟုတ်ဘူး ကြေးစားလူသတ်သမား"

"မင်း မညာနဲ့"

"ကျုပ် အတည်ပြောတာ၊ မညာပါဘူး"

"မင်းလက်ခုံကိုမှောက်လိုက်စမ်း"

လူသတ်သမားက မမှောက်ချင်ပေ။ ရန်နောင် အတင်းဆွဲပြီး

ကြည့်တော့ နာဂစကြာတံဆိပ်နှင့် နှင်းဆီပွင့်လေးကို လက်ခုံမှာတွေ့

လိုက်သည်။

"မင်းထပ်ပြီး ညာဦးမှာလား"



www.burmeseclassic.com

www.burmeseclassic.com



လူသတ်သမားမပြင်းနိုင်တော့ဘဲ ဝန်ခံလိုက်သည်။

"မင်းတို့ခေါင်းဆောင် ဘယ်မှာနေလဲ"

"မသိဘူး။ ကျုပ်ဘာမှ မသိတာအမှန်ပါ"

"စီစီဖူး ဒီကောင်ကတော့ လွယ်လွယ်နဲ့ပြောမှာမဟုတ်ဘူး"

"မပြောရင် ပြောတဲ့နည်းကို သုံးရမှာပေါ့၊ ကျွန်မတော ထား၊ ကဲ...ရှင် စဉ်းစားပါ၊ ရှင့်ဘက်က ထုတ်ဖော်ပြောမယ်ဆိုရင် ရှ အတွက်အကျိုးရှိမယ်၊ ဆက်ပြီးခေါင်းမာနေမယ်ဆိုရင် ဒီမှာတွေ့လာ

စီစီဖူး ဆံပင်ကြားမှ အပ်ကလေးတစ်ချောင်းကို ထုတ်ယူ ပြလိုက်သည်။

"ဒီအပ်က ကင်းအဆိပ်ရည် စိမ်ထားတဲ့အပ်၊ သေတော့ မသေဘူး။ သေချင်လောက်အောင်တော့ ခံစားရတယ်"

"ခင်ဗျားတို့ကြိုက်သလိုလုပ်၊ ကျုပ်ဘာမှမသိဘူး"

"ကောင်းပြီလေ၊ ရန်နောင် ရေ...ဒီကောင့်လက်ကို ကိုင်ထား လိုက်"

လူသတ်သမားက ခပ်အေးအေးပဲ လက်ကို ဆန့်ပေးလိုက် သည်။

"သတ္တိကတော့ တကယ်ကောင်းတာပဲ...ကဲ..."

"အ..."





လူသတ်သမား လက်ကြားထဲသို့ အပ်ကလေးကို ထိုးသွင်း လိုက်သည်။

"ဘယ်လိုဖြစ်တာလဲ၊ အပ်လောက်စူးတာလေးကို တွန့်လိမ် နေရတယ်လို့"

"အား...ဖြေဆေးပေးပါ၊ ကျုပ်ပြောပါ့မယ်"

"ရော့...သောက်လိုက်"

စီစီဖူး ဆေးပြားလေးတစ်ပြားကို ပေးလိုက်ပြီး သောက်ခိုင်း လိုက်သည်

"ကျုပ်တို့ခေါင်းဆောင်အမည်က ရှိစီမေဒီဆိုတာတော့ သိတယ်၊ သူ့မျက်နှာကို တော့ တစ်ခါမှ မတွေ့ဖူးဘူး"

"သူတို့စခန်းကရော"

"ကျုပ် ခင်ဗျားတို့ကို လိမ်တာမဟုတ်ပါဘူး။ ကျုပ် တကယ် မသိခဲ့တာ"

"မင်းတို့ကို ခိုင်းတာကျတော့ရော"

"ဖုန်းနဲ့ မဟုတ်ရင် စီဒီအခွေပို့ပြီး ခိုင်းခဲ့တာပါ"

"ရွှေနှင်းဆီဂိုဏ်းနဲ့ပတ်သက်ပြီး မင်းသိသလောက် ပြောပြ"

"ရွှေနှင်းဆီဂိုဏ်းမှာ အရေးပါဆုံး လူ(၃)ဦးရှိတယ်"

"ယောက်ျားတွေလား မိန်းမလား"



www.burmeseclassic.com

www.burmeseclassic.com



"ယောက်ျားနှစ်ဦးပါ"

တိဘက်လူမျိုးလား"

"မဟုတ်ပါဘူး။ ရုရှားလူမျိုး ရှိစီမေဒီ အဘိုးရဲ့ လုပ်ဖော်ကိုင်ဖက် နှစ်ဦး။ ရုရှားပြည် ခတ်ပေါင်းဆိုကြီးကို တာဝန်ယူကြတဲ့ (၂)ဦးပါ"

"သူတို့အမည်တွေကရော"

"မစ္စတာ အလက်ဇန္ဒားနဲ့ မစ္စတာ အဲလစ်တိုပါ"

"သူတို့က ရွှေနှင်းဆီဂိုဏ်းထဲကို ဘာကြောင့်ရောက်လာတာလဲ"

"တိုင်းပြည်ရဲ့လျှို့ဝှက်ချက်တွေကို ခိုးစားခဲ့ကြလို့ သက်ဆိုင်ရာကဖမ်းဆင်ပြေးခဲ့ကြတာ"

"မင်းဆီမှာ ရှိစီမေဒီ အခွေရှိလား"

"ရှိပါတယ်၊ ဒါတောင် ကျုပ်ကူးယူပြီး သိမ်းထားလို့၊ ရှိစီမေဒီ ပို့တဲ့အခွေကို ပြန့်ပြီးပို့ပေးရတာ"

"ခု ရွှေနှင်းဆီဂိုဏ်း ဘာလုပ်နေလဲ"

"ကျုပ်သိတာက စွမ်းအားကြီးမားတဲ့ ဗုံးဘာစ်လုံးကို တီထွင်နေတယ်လို့ကြားထားပါတယ်"

"ရွှေနှင်းဆီဂိုဏ်းက ဖမ်းထားတဲ့လူတွေ ဘယ်မှာထားလဲ"

"ရှိစီမေဒီ နေတဲ့နေရာမှာ ရှိကြပါတယ်"





"ရှိစီမေဒီ ဘယ်မှာရှိတယ်ဆိုတာကို မင်းတကယ် မသိဘူးလား"

"ခင်ဗျားတို့ သတ်ရင်လည်း သေရုံပဲရှိမှာပါ။ ကျုပ်တကယ်မသိဘူး"

လူသတ်သမားမှာ တကယ်မသိသော အသွင်ရှိနေသည်ကို အသောပေါက်သောကြောင့် ဆက်ပြီး မမေးတော့ပေ။

"စီစီဖူး သူ့ကို သက်ဆိုင်ရာလက်ကို အပ်လိုက်တော့"

"အပြင်မှာ ရှင်းရမယ့်ကိစ္စတွေ ရှိသေးတယ်၊ ခဏ"

စီစီဖူး တိဘက်ရဲ့တပ်ဖွဲ့ဆီကို အကြောင်းကြားလိုက် သဖြင့် ဂါအတွင်းမှာပင် ခြံဝင်းအပြင်တွင် ပစ်ခတ်သံတွေကြားရပြီး လူသတ်သမားအဖွဲ့တွေ အိမ်ထဲသို့ ပြေးဝင်လာကြသည်။

အိမ်ထဲမှ ဆီးပြီးတိုက်ခိုက်သဖြင့် လူသတ်သမားများအားလုံးကို ဖမ်းဆီးမိလေသည်။

တိဘက်ရဲ့တပ်ဖွဲ့မှ အားလုံးကိုခေါ်ဆောင်သွားရန် ပြင်ဆင်နေစဉ်

"ခင်ဗျားတို့နှစ်ယောက်လည်း ခဏလောက်လိုက်ခဲ့ပါဦး"

"ကောင်းပြီ"

ရဲအရာရှိက ခေါ်သဖြင့် လိုက်ရန်ပြန်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ထဲမှာ ကျုပ်တို့လူတစ်ယောက်ရှိသေးတယ်"

"ဒီအတွက်စိတ်ချပါ၊ ကျုပ်တို့တာဝန်ယူပြီး စောင့်နေပါမယ်"

စီစီဖူးနှင့်ရန်နောင်တို့ရဲ့အရာရှိခေါ်ဆောင်သည့်ကားပေါ်သို့တက်ခဲ့သလို နောက်ကားတွင် သေနတ်သမားများအပါအဝင်ရဲတစ်သားတချို့လိုက်ပါလာခဲ့ကြလေသည်။

ရန်နောင်တို့လိုက်ပါလာသော ကားလေးမှာ အမှောင်ထုထဲတိုးဝင်ပြီး မောင်းနှင်လာနေဆဲပင်။

"ဝုန်း..."

"ဟာ..."

"ဟင်..."

မြေပြင်တစ်ခုလုံး တုန်လှုပ်သွားသလို ပေါက်ကွဲသံကြီးကိုကြားလိုက်ရပြီး နောက်မှ လိုက်ပါလာသောကားမှာ မီးဟုန်းဟုန်းတောက်လောင်နေသည်။

"ရန်နောင်..."

"စီစီဖူး..."

ရန်နောင်တို့နှစ်ဦးကားပေါ်မှ ခုန်ဆင်းချိန်တွင် ဘေးဘက်မှသေနတ်သံတွေ ဆက်တိုက် ထွက်ပေါ်လာပြီး ခေါင်းပင်မဖော်ရဲအောင် ဖြစ်နေရသည်။





"ဒိုင်း...ဒိုင်း...ဒိုင်း..."

ဘေးနှစ်ဖက်မှ ညှပ်ပြီးပစ်နေသဖြင့် ကားကိုအကာအကွယ်ယူပြီး နေ၍မရတော့ပေ။ ရန်နောင်တို့နှင့်အတူ လိုက်ပါလာသော ရဲအရာရှိမှာ အက်ရာရရှိနေပြီဖြစ်သည်။

"စီစီဖူး ဟိုကားရှေ့ဘက်ကို လိုမ့်ပြီးထွက်လိုက်"

"ရန်နောင် ဘယ်လိုလုပ်မလဲ၊ ဒီအတိုင်းဆက်ပြီး နေရင် သေဖို့များတယ်"

"ဟုတ်တယ်၊ ဒီကောင်တွေ အင်အားများတယ်"

ရဲတစ်ဖွဲ့ဝင်အားလုံးနီးပါးလည်း အက်ရာရသူတွေများနေပြီ၊ ရန်နောင်တို့ဘက်မှ ခုခံမှုအား ကျဆင်းနေပြီဖြစ်သည်။

အရျပ်ကားနှင့်ပါလာသော လူသတ်သမားများမှာလည်း ကားပေါက်ကွဲမှုအောက်တွင် သေကြဖို့က များနေလေပြီ။

"မသေစေနဲ့ အရှင်မိအောင်ဖမ်းကြ"

အမိန့်ပေးသံနှင့်အတူ ရန်နောင်တို့နှစ်ယောက်ဆီကို ဝိုင်းရံပြီးတက်လာနေကြသည်။

"စီစီဖူး... ဟိုဘက်မှာ ဘာကြီးလဲ"

အမှောင်ထုထဲတွင် စမ်းတဝါးဝါး အရာဝတ္ထုကြီးတစ်ခုကို တွေ့လိုက်ကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



"တံတားပျက်ကြီးလား၊ တိုက်ပျက်ကြီးလားမသိဘူး"

"မြေးလမ်းက ဒီတစ်ခုပဲ ရှိတော့တယ်"

"ဒီတစ်ခုပဲရှိရင် ဒါကိုပဲရွေးကြတာပေါ့"

နှစ်ယောက်သား သစ်ပင်ကွယ်မှ ထိုနေရာသို့ပြေးခဲ့ကြသည်။

"အယ်..."

"ဟင်..."

ရန်နောင်တို့တွေ့လိုက်ရသောအရာကား တံတားပျက်ကြီးတစ်ခုပင်ဖြစ်သည်။ အမှောင်ထဲတွင်ဘာမှမမြင်ရဘဲ ဖြတ်ကူးဖို့ကမလွယ်။

"ကျွီ...ကျွီ..."

"ဖြောင်း..."

"အို..."

တံတားပေါ်သို့ ခြေလှမ်းသုံးလှမ်းလောက်သာ နင်းရသေးသည်၊ ဆွေးမြေ့နေသော တံတားအခင်းက ကျိုးကျသွားလေသည်။

"ဒိုင်း..."

သေနတ်သံတွေက ထက်ကြပ်မကွာ လိုက်ပါလာနေပြီ။

ရန်နောင်နှင့်စီစီရှုးတို့တံတားပေါ်တွင်ဆက်ပြီးမလျှောက်ဘဲ





တံတားတိုင်နှင့်ကွယ်ပြီးနေရာယူထားလိုက်သည်။

"မင်းတို့နှစ်ယောက် အေးအေးဆေးဆေးလိုက်ခဲ့ပါ၊ ဒီတံတားကိုဆက်ပြီးသွားရင် သေလမ်းကိုရွေးတာပဲဖြစ်မယ်"

တံတားချေတွင် ရန်နောင်တို့ကို အဖမ်းခံဖို့ တိဘက်ဘာသာဖြင့် အော်ဟစ်ပြောဆိုနေလေသည်။

"စီစီရှုး တံတားနဲ့ချောင်းက အမြင့်ဘယ်လောက်ရှိမလဲ"

"ရန်နောင် အတော်ကိုမြင့်မယ့်ပုံပဲ၊ ဒီတံတားက ချောက်ကမ်းပါးနှစ်ဖက်ကိုဖြတ်ပြီးဆောက်ထားတဲ့တံတားဖြစ်မယ်"

"စီစီရှုး မင်းခုန်ချမလား၊ အဖမ်းခံမလား"

"ရန်နောင် ဆုံးဖြတ်ပါ"

"ကျုပ်က ဒီကောင်တွေလက်ထဲကို အညံ့မခံနိုင်ဘူး"

"ဒါဆို"

တစ်ယောက်လက်ကိုတစ်ယောက်ဆုပ်ကိုင်လိုက်ပြီး

"ဝမ်း...တူး...သရီး..."

"ဝုန်း"

တံတားကြီးပေါ်မှ အရဲစွန့်ပြီးချောင်းထဲသို့ခုန်ချလိုက်တော့သည်။

ရန်နောင်တို့ရွေးချယ်စရာ ဒီတစ်လမ်းပဲ ရှိတော့သည်



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား။

ချောက်အစွန်း(၂)ခုကို ဖြတ်ဆောက်ထားသော တံတားကြီး၏ သစ်သားအခင်းတွေပါ ရန်နောင်တို့နှင့်အတူ ပြုတ်ကျခဲ့လေပြီ။

တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားပေ မယ့် ချောင်းထဲသို့အရောက်တွင် လက်တွဲပြုတ်သွားကြသည်။

ရေစီးကအရှိန်းကိုသန်နေသောကြောင့် ကမ်းသို့ မှန်းပြီး ရန်နောင် ကူးခတ်လာခဲ့ရသည်။ ချောင်းရေများ၏ အေးစက်မှုကြောင့် တစ်ကိုယ်လုံးကိုကျင်ထုံနေလေ၏။

ကမ်းပေါ်သို့တက်ပြီး စီစီဖွေးကို ရှာဖွေပေမယ့် အရိပ် အယောင်ပင်မတွေ့ရပေ။

ဘေးဘက်မှာက တောကြီးဖြစ်နေသဖြင့် ရန်နောင် ည အမှောင်ထဲတွင် ဆက်ပြီးမသွားဘဲ သစ်ပင်ခြေရင်းတွင် ထိုင်ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟီး..."

လေက တစ်ချက်တိုးလျှင် တိုးသလို ကျောက်ခွဲမတတ် ရှမ်း တုန်သွားလေသည်။

"စီစီဖူး... စီစီဖူး... စီစီဖူး"

ရန်နောင်အသံကုန်ဟစ်ပြီးခေါ်ပေမယ့် တုံ့ပြန်သံကို မကြား ရပေ။

"ဟူး..."

စိတ်လျှော့ကာအပေါ်မှ အကျီတွေကိုချွတ်ပြီး ညှစ်စဉ်...

"ဒေါက်..."

"ဟင်..."

အိတ်ကပ်ထဲမှ ဖစ်ပိ မီးခြစ်ကလေးတစ်လုံးထွက်ကျလာ သည်။

ထိုမီးခြစ်သည် ရဲနောင်မီးခြစ်မဟုတ်၊ ဝုရင်ခေါင် မီးခြစ်ပင် ဖြစ်သည်။ ရဲနောင် ခဏယူပြီး သိမ်းထားခြင်းဖြစ်၍ အိတ်ကပ်ထဲတွင် ပါလာခြင်းသာဖြစ်သည်။

"ဘုရားကယ်တာပဲ"

ဖစ်ပိ မီးခြစ်လေးအားကိုးနှင့် အမှိုက်ကလေးတွေကိုစုပြီး မီးရှို့ကာ ဘေးဘက်မှ သစ်ကိုင်းခြောက်တို့ဖြင့် မီးဖိုကလေးလုပ်တော့





သည်။

ရေစိုနေသောကြောင့် အဝတ်တွေကို မီးပြပြီး ခြောက် အောင်လုပ်နေစဉ်

"ရှပ်...ရှပ်..."

"ဟင်..."

ခြေသံကြောင့် နားစွင့်ပြီး သစ်ပင်နှင့်ကွယ်ကာ ကြည့် လိုက်တော့

"စီစီဖူး"

"ရန်...ရန်နောင်"

တစ်ကိုယ်လုံးတုန်ယင်စွာဖြင့် လျှောက်လာနေသော စီစီဖူး ကို တွေ့လိုက်ရလေသည်။ မီးဖိုဘေးတွင် စကားမပြောနိုင်ဘဲ အနွေး ဓာတ်ကိုယူနေသည်။

"ခုမှ သက်သာသွားတယ်၊ ဒီမီးသာမတွေ့ရင် မနက်ဆိုရင် တောင့်နေမှာပဲ"

"ကျုပ်လည်း အိတ်ကပ်ထဲက ခေါင်ရဲ့ မီးခြစ်လေးက ကယ်လို့၊ ရော့... ကျုပ်အကျီကို အရင်လဲထားပြီး မင်းအကျီတွေကို မီးကင်လိုက်၊ ကျုပ် ထင်းခြောက်တွေ ရှာဦးမယ်"

စီစီဖူးကို အကျီပေးကာ ထင်းခြောက်အရှာထွက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရန်နောင်ပြန်ရောက်တော့ စီစီဖူးအဝတ်အစားတွေခြောက်သလိုလိုပင်ဖြစ်နေလေပြီဖြစ်သည်။

"ဘယ်နေရာကိုရောက်နေတာလဲ မသိဘူးနော်"

"တောစပ်တစ်ခုတော့ သေချာတယ်"

"မနက်မိုးလင်းမှပဲ လမ်းကြောင်းကိုရှာတော့မယ်၊ ဒီညတော့ ဒီမှာပဲအိပ်ကြတာပေါ့"

"အိပ်တာထက် တောကောင်အန္တရာယ်က ရှိသေးတယ်"

"မီးတော့ မပြတ်အောင် ထိုးထားရမှာပဲ"

ရန်နောင်ကောက်လာသော ထင်းခြောက်တွေက တစ်ညလုံးအတွက် မလုံလောက်ပေ။

"ရော့...ကျွန်မမှာ သေနတ်တော့ ကပ်ပြီးပါလာသေးတယ်ရှင့်ယူထား"

စီစီဖူးလက်ထဲက သေနတ်ကို ယူကာ ကျည်တွေထုတ်ပြီး ရေခြောက်အောင်ပြုလုပ်လိုက်လေသည်။

ညကတဖြည်းဖြည်းနက်လာလေပြီ။

"မင်းအိပ်ချင်ရင် အိပ်လေ၊ ကျွန်တော်စောင့်ပေးမယ်"

"ရပါတယ်...ရှင်"

နှစ်ယောက်သား မီးဖိုဘေးတွင်ထိုင်ပြီး ဘေးပတ်ဝန်းကျင်ကိုမျက်လုံးဖွင့်နားစွင့်ပြီး နေလေသည်။





"ဖျောက်...ဖျောက်...ဖျောက်..."

"စီစီဖူး...သတိထား"

"ဘာဖြစ်လို့လဲ"

"သားကောင်တစ်ကောင်ကောင့်ရဲ့ခြေသံပဲ"

"ဟင်..."

ရန်နောင် သေနတ်ကိုအသင့်ပြင်ပြီး သစ်ပင်ကွယ်တွင် နေရာယူထားလိုက်လေသည်။

"ဟယ်..."

အမှောင်ထုထဲတွင် မျက်လုံးကြီးနှစ်လုံးကိုတွေ့လိုက်သည်။

"တောကောင်အကြီးစားပဲ"

မီးဖိုအလင်းနှင့်တောကောင်ကြီးကို ထင်ထင်ရှားရှားတွေ့လိုက်တော့ အလွန်ကြီးမားသော ကျားကြီးတစ်ကောင်ဖြစ်နေသည်။

ရန်နောင်ပစ်လျှင် ချက်ကောင်းကိုထိမှ ဖြစ်မည်။ ဒါကြောင့် သေချာစွာ ချိန်ပြီး ချက်ကောင်းကိုပစ်ချလိုက်သည်။

"ဒိုင်း..."

ကျားကြီးမှာ ရန်နောင် သေနတ်ကျည်ဆံကို ရှန်ထွက်ပြီး ခုန်သွားကာ တိုက်ရိုက်ရန် အနီးသို့ ရောက်အောင်လာချိန်မှာ ထပ်



www.burmeseclassic.com

www.burmeseclassic.com



ပြီးပစ်ပေးမယ့်မသိရှေး၊ တကယ်လျှင်မြန်သောကျားကြီးပင်ဖြစ်သည်။

"ကဲ..."

"ချောက်.."

"ဟင်.."

သေနတ်မှာ ရေဝင်ထားသောကြောင့် ဂျမ်းဖြစ်ပြီး ကျည်မထွက်ရှေး။

"ဝေါင်း."

ကျားကြီးက အသံပေးပြီး ခုန်အုပ်ရန် ပြင်ချိန်တွင်

"တောက်...တောက်...တောက်..."

တုံးခေါက်သံ ကြားလိုက်ရပြီး ကျားကြီး ရှေ့ကိုမတိုးဘဲ ရပ်နေလေသည်။

"ကောင်လေး ဘာလို့ဒုက္ခပေးတာလဲ၊ ဆရာသခင် မကြိုက်ဘူး"

"ဟယ်.."

တိဘက်ဘုန်းတော်ကြီးတစ်ပါးကို ထပ်ပြီးတွေ့လိုက်သည်။

"ကောင်လေး သွားတော့"

"ဝေါင်း.."

ကျားကြီး ဘုန်းတော်ကြီးစကားကို နားလည်ဟန်ဖြင့်





နောက်ဘက်သို့ပြန်လှည့်ဝင်သွားလေသည်။

"ဒကာလေးကို့ကဒုက္ခသည်တွေထင်တယ်"

"မှန်လှပါ ဘုရား"

"ဒုက္ခ ရှိလာပြီဆိုရင် ဒုက္ခကို ကူမယ့်သူပေါ်ရမှာပေါ့၊ ကဲ... ဘုန်းကြီးနောက်ကိုလိုက်ခဲ့ကြ"

"တင်ပါ့.."

ဘုန်းတော်ကြီးမှ မီးအိမ်လေးကိုကိုင်ပြီး ရှေ့မှခေါ်ဆောင်သွားသည့်နောက်ကိုလိုက်ခဲ့ကြတော့သည်။

"တောက်...တောက်...တောက်.."

"သတ္တဝါအပေါင်း ဒုက္ခအပေါင်းမှ ကင်းဝေးကြပါစေ"

တိဘက်ဘာသာစကားဖြင့် မေတ္တာပို့ကာ သွားနေသော တိဘက်ဘုန်းတော်ကြီးခေါ်ဆောင်ရာ ရှေးဟောင်းကျောင်းကြီးတစ်ဆောင်ကို တွေ့လိုက်ရလေသည်။

"ဒကာလေးတို့ ဝင်ကြပါ"

ကျောင်းအိုကြီးထဲသို့ဝင်လိုက်သည်နှင့် ဗုဒ္ဓရုပ်ပွားတော်ကြီးကို ဖူးမြော်တွေ့လိုက်ရသည်။ ရန်နောင်က လက်အုပ်ကလေးချီကာ ကန်တော့သလို စီစီဖူးလည်း သူ့လိုပင် မြန်မာထုံးစံအတိုင်း ကန်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေရာဟာ မေတ္တာတရားတို့ ကိန်းဝပ်တဲ့နေရာပါ။ ဒကာလေးတို့အတွက် ဘေးဒုက္ခ မရှိတော့ဘူး"

"ကျေးဇူးကြီးလှပါတယ်...ဘုရား"

ဘုန်းတော်ကြီးမှ ရေနွေးခရားအိုးလေးနှင့် စားသောက်စရာ တချို့ကို ချပေးသည်။

"သောက်လိုက်...ကိုယ်ထဲ နွေးသွားမှ ကောင်းမှာ"

ရေနွေးပူပူလေးကို သောက်လိုက်ကြ၏။

"ဒကာတို့က လူမျိုးကွဲတွေထင်တယ်"

"ဟုတ်ပါတယ်ဘုရား။ တပည့်တော်က မြန်မာလူမျိုးပါ"

"တပည့်တော်က တရုတ်လူမျိုးပါ"

"ဘုန်းကြီးဒကာလေးတို့ကိုကြည့်တာနဲ့ ပုလိပ်အဖွဲ့အစည်းက လာကြသူတွေလို့ထင်တယ်"

"ဟုတ်ပါတယ်ဘုရား"

"တပည့်တော်မတို့ကို ရန်သူတွေက လိုက်ဖမ်းလို့ပြေးရင်း ဒုက္ခတွေ့ခဲ့ရတာပါ"

"တိုင်းပြည်(၂)ခုက လူ နှစ်ယောက် အတူတူတာဝန်တစ်ခုကို ယူနေခြင်းကြောင့် ရွှေနန်းဆီဂိုဏ်းနောက်ကို လိုက်တာပဲဖြစ်မယ်"

"ရှင်..."





"ဗျာ..."

ဘုန်းတော်ကြီးစကားကြောင့် နှစ်ယောက်လုံး အံ့ဩသွားလေသည်။

"ဘုန်းကြီးက အကြားအမြင်ရတယ်လို့ မထင်နဲ့၊ ဖြစ်နိုင်တာကို ဆက်စပ်ပြီး ပြောကြည့်တာပါ။ ရွှေနန်းဆီဂိုဏ်းက နိုင်ငံခြား တိုင်းပြည်တွေဆီက ဓာတုဗေဒပညာရှင်တွေကို ဖမ်းဆီးထားတဲ့သတင်းကို မိုးပေါ်ရောက်တုန်းက ဘုန်းကြီးကြားခဲ့တာကြောင့်ပါ"

"ဟုတ်ပါတယ်ဘုရား။ တပည့်တော်တို့ ပညာရှင်တွေကိုပြန်ပြီး ကယ်နိုင်အောင် လာခဲ့ကြသူတွေပါ"

"ခုထိ ဘာမှ သဲလွန်စမရဘဲ ရန်ပြုခြင်းခံနေရတယ်ပေါ့"

"တင်ပါ့"

"ဒကာလေးတို့ကို ဘုန်းကြီး ကူညီပါ့မယ်"

"ဟင်..."

"ခုလို ကူညီရတာ ရွှေနန်းဆီဂိုဏ်းကြီးကို ဘေးဒုက္ခရောက်စေချင်လို့တော့ မဟုတ်ဘူး။ လူသားများစွာ ဘေးဒုက္ခရောက်စေမယ့် အန္တရာယ်ကြားက လွတ်မြောက်စေချင်လို့ပါ"

ဘုန်းတော်ကြီးစကားကို စိတ်ဝင်စားစွာဖြင့် နားထောင်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"အကာတို့ ပထမဦးဆုံး အဲလစ်ဆိုတဲ့ ရှုရှားတစ်ယောက်ကို
ဖမ်းဆီးနိုင်အောင် ဘုန်းကြီးကူညီပေးလိုက်မယ်၊ အဲလစ်ဟာ တိဘက်
သာသနာကို ဖျက်ဆီးနေတယ်"

"ဟင်.."

"အဲလစ်တိဘက်မှာ ဇာတ်မြှုပ်နေဖို့အတွက် ရုပ်ပြောင်းရ
လှဲ့လုပ်ပြီးနေတယ်၊ တိဘက် ဘုရားကျောင်းတစ်ခုမှာ လားမ
အမည်နဲ့ ဉပဒေမဲ့လုပ်ရပ်တွေကို လုပ်ဆောင်နေတယ်"

"သူနေတဲ့ နေရာလေးကို သိခွင့်ပြုပါ"

"သိရမှာပေါ့ကွယ်၊ ပြီးတော့ ရွှေနှင်းဆီဂိုဏ်းရဲ့ အထူးတတ်
ကျွမ်းတဲ့ ပညာရပ်ကတော့ မျက်နှာအတုလုပ်တဲ့ပညာရပ်ပဲ၊ ရွှေနှင်း
ဂိုဏ်းရဲ့အဓိက ခေါင်းဆောင်တွေကို ရုပ်ပြောင်းထားတယ်၊ ရွှေနှင်း
ဂိုဏ်းကြီးရဲ့ အဓိကအကျဆုံး စခန်းတွေက (၃)ခုလောက်ရှိတယ်
ဘယ်နေရာလဲဆိုတာ အပြင်လူ သိဖို့ခက်တယ်၊ အဲဒီနေရာတွေ
ပြောနိုင်တဲ့လူက အဲလစ် တစ်ယောက်ပဲရှိပါတယ်"

ဘုန်းတော်ကြီး ပေးသောလိပ်စာကို လိုက်မှတ်ပြီး ရွှေနှင်း
ဂိုဏ်းနှင့် ပတ်သက်၍ တန်ဖိုးကြီးသော သဲလွန်စကို ရလိုက်ပြီ
သည်။

"မနက်မိုးလင်းမှပဲ ပြန်ကြတော့၊ ဘုန်းကြီး တရားအားထုတ်





ဖို့ အချိန်ရောက်ပြီ သွားခွင့်ပြုဦး ဒီကျောင်းကြီးထဲကို ဘယ်သို့သော
လူမှ ဝင်လို့မရနိုင်ပါဘူး"

"တောက်...တောက်...တောက်"

"သစ္စာဝါအပေါင်း ဘေးရန်ကွာမှ ကင်းဝေးကြပါစေ.."

www.burmeseclassic.com

www.burmeseclassic.com

ညက ချမ်းချမ်းနှင့် အိပ်ပျော်သွားခဲ့သဖြင့် မိုးလင်းစ နေ
မထွက်ခင်တွင်ရန်နောင် အိပ်ရာမှ နိုးနေလေသည်။

စီစီဖုန်းကတော့ အိပ်ပျော်နေဆဲ၊ ရန်နောင် အိပ်ရာမှ ထပြီး
ကျောင်းပြတင်းပေါက်ဘက်သို့လျှောက်လာခဲ့သည်။

"ဟာ..."

ကျောင်းရှေ့ကွက်လပ်တွင် ဘုန်းတော်ကြီးက ကျားကြီးတစ်
ကောင်နှင့် ခွေးနက်ကြီး (၃) ကောင်ကို အစာကျွေးနေသည်။

ဘုန်းတော်ကြီးကျွေးနေသောအစားအသောက်များမှာ
ကျား သတ္တဝါတို့ အကြိုက်အမဲများမဟုတ်ဘဲ သစ်သီးဝလံများဖြစ်နေ





ပေမယ့် ကျားကြီးနှင့်ခွေးနက်ကြီးတွေက အားပါးတရစားသောက်နေ
သည်ကိုတအံ့တသြတွေ့လိုက်ရသည်။

"ရန်နောင်"

"စီစီဖုန်း"

စီစီဖုန်း နိုးလာပြီး သူ့လိုပင် တအံ့တသြပင် ကြည့်နေလေ
သည်။

"မယုံနိုင်အောင်ပဲနော်"

"သူတော်စင်နဲ့ နီးစပ်တဲ့သတ္တဝါဆိုတော့ သူတော်စင်လိုပဲ
စားသောက်တာဖြစ်မှာပေါ့"

"တဲ... သွားကြတော့၊ ဒါမှာထားတဲ့ သတိတရားကိုမမေ့ကြနဲ့
ကြားလား"

ကျားကြီးနှင့်ခွေး(၃)ကောင်မှာ နားလည်သည့်သဘောဖြင့်
ကြည့်ကာထွက်ပြေးသွားကြသည်။

"အကာလေးတို့တောင် နိုးနေကြပါလား။ အစောကြီးရှိသေး
တာပဲ"

"ဆက်ပြီးအိပ်မရတာနဲ့ ထခဲ့ကြတာပါ"

"တဲ... ဒါဆိုလည်း ကိုယ်လက်ဆေးကြောပြီး မနက်စာ စား
ကြတာပေါ့။ ဟိုနားမှာ ကျောက်ရေတွင်းလေးရှိတယ်။ သွားပြီးသန့်စင်



www.burmeseclassic.com

www.burmeseclassic.com



ကြကွယ်"

"တင်ပါ့"

ရန်နောင်နှင့် စီစီဖူး ထွက်လာကြပြီး ကျောက်ရေတွင်းမှ အေးစက်ပြီးကြည်လင်သော ရေတို့ဖြင့် မျက်နှာသစ် ကိုယ်လက်ဆေး ကာ ကျောင်းကြီးထဲသို့ပြန်ရောက်ချိန်မှာ– နို့တွေနှင့် မုန့်တချို့ကို ဘုန်းတော်ကြီးက အသင့်ပြင်ထားလေသည်။

"စားကြကွဲ့၊ ဒါက ပဲနဲ့လုပ်ထားတဲ့ ပဲနို့၊ ဒီမုန့်တွေက ငှက်ပျော သီးကို ဂျုံနဲ့ဖုတ်ထားတဲ့မုန့်"

ဘုန်းတော်ကြီး ကျွေးမွေးသော အစားအသောက်များသည် တကယ်ပင်ခံတွင်းတွေ့စေလေသည်။

"အကာလေးတို့နှစ်ယောက်က တာဝန်နဲ့ဆိုတော့ ဘုန်းကြီး အနေနဲ့ ဒီမှာဆက်ပြီး နေဖို့ မဖိတ်ခေါ်တော့ပါဘူး။ နောင်အခါလာခွင့် ကြုံရင် လာခဲ့ကြပေါ့"

"တင်ပါ့… တာဝန်တွေပြီးဆုံးသွားတဲ့အခါ လာနိုင်အောင် ကြိုးစားပါ့မယ်"

"လူဆိုတာ လောကရဲ့ဧည့်သည်တွေလေ၊ တွေ့ဆုံခြင်းရှိ သလို ခွဲခွာခြင်းလည်း ရှိတယ်၊ ဒါဟာ လောကကြီးရဲ့ သဘာဝတရားပဲ ဆုံဖို့ကို ဘုန်းကြီးမမျှော်လင့်ပါဘူး။ ဆုံကြတဲ့အခါမှာ ဆုံခြင်းဆိုတာကို





မှတ်ကြတာပေါ့၊ စားသောက်ပြီးရင် နေမထွက်ခင် သွားကြကွယ်"

ဘုန်းတော်ကြီးကို နှစ်ယောက်သား ဂါရဝပြုပြီး ထွက်လာကြ သည်။

"အကာလေးတို့ကို ဘုန်းကြီးရဲ့ သား(၃)ယောက်က လိုက်ပြီး ပို့ပေးလိမ့်မယ်"

"မှန်ပါ့ဘုရား"

"တောက်…တောက်…"

အုံးမောင်းလေးကို ခေါက်လိုက်သည်နှင့် ခွေးနက်ကြီး(၃) ကောင် အပြေးထွက်လာပြီး ဘုန်းတော်ကြီးနားတွင် ရပ်နေကြသည်။

"သားတို့ ဒီက ဧည့်သည်တွေကို လိုက်ပြီးပို့ပေး။ လမ်းမှာကြုံ ရမယ့် အန္တရာယ်ကိုလည်း စောင့်ရှောက်ပေး"

"ဝုတ်…"

"ကဲ… သွားကြတော့"

ခွေးနက်ကြီး(၃)ကောင် လမ်းပြတဲ့နောက်ကို လိုက်ခဲ့ ကြတော့သည်။

"လိမ္မာလိုက်တဲ့ ခွေးတွေပဲနော်"

"အင်း…"

"ဝုတ်…ဝုတ်…"



www.burmeseclassic.com

www.burmeseclassic.com



ခွေး(၃)ကောင်ထဲမှ တစ်ကောင်က ဟောင်ပြီး ရပ်နေသောကြောင့် ရန်နောင်တို့နှစ်ယောက်ပါ ရပ်နေစဉ် ခွေးနက်တစ်ကောင် ရန်နောင့် ဘောင်းဘီကိုကိုက်ပြီး ဘေးဘက်ရှိ သစ်ပင်ကြီးနားကိုဆွဲခေါ်လာသည်။ ထိုနည်းတူစွာ စီစီရှူးကိုလည်းဆွဲခေါ်လာခဲ့၏။

ခွေးနက်တစ်ကောင် ရန်နောင်နားတွင် ကျန်ရစ်ခဲ့ပြီး ကျန်နှစ်ကောင်မှာရှေ့ဘက်သို့ ပြေးထွက်သွားတော့သည်။

"ရန်နောင် အန္တရာယ်အနံ့ တစ်ခုခု ရလို့ပဲဖြစ်မယ်"

"ဖြစ်နိုင်တယ်"

"ဟင်...ဟိုမှာ"

အမဲလိုက်ခွေး (၅)ကောင်နှင့် လက်နက်ကိုင်အဖွဲ့တစ်ဖွဲ့ကို တွေ့လိုက်ရသည်။

"ဒီကောင်တွေ ကျုပ်တို့ကို ဖမ်းဖို့ ကြိုးစားခဲ့တဲ့ကောင်တွေ မဟုတ်လား"

"ဟုတ်တယ်၊ တောနင်းပြီး ရှာကြတာဖြစ်မယ်"

လူအင်အားချင်း မမျှခြင်းကြောင့် ရင်ဆိုင်ဖို့ မဖြစ်နိုင်ပေ။

လူဆိုးအဖွဲ့တဖြည်းဖြည်းနှင့် အနီးဆုံးနေရာသို့ရောက်ရှိချိန်တွင်





"ဝုတ်..."

"ဂီး..."

"အု..."

ရှေ့မှလာနေသော အမဲလိုက်ခွေးအတွကို ခွေးနက်ကြီး(၂)ကောင်ဝင်ပြီးကိုက်သဖြင့် အမဲလိုက်ခွေးကြီးတွေက ပြန်ပြီးကိုက်သော်လည်း ခွေးနက်ကြီး(၂)ကောင်ကို မယှဉ်နိုင်ဘဲ ပြေးလေသည်။

လူဆိုးအဖွဲ့လည်း သေနတ်များဖြင့် ပစ်ရန် ချိန်လေသည်။

"ပစ်...ပစ်ကွာ..."

"ဒိုင်း...ဒိုင်း...ဒိုင်း..."

သေနတ်သံတွေက ဆက်တိုက်ပေါ်ထွက်လာပေမယ့် ခွေးနက်ကြီးတို့ကိုထိမှန်ခြင်းအတော့မရှိခဲ့ပေ။

"ဟိုမှာ...ဟိုကောင်နဲ့ကောင်မ"

လူဆိုးအဖွဲ့ ရန်နောင်တို့ကို လှမ်းတွေ့သွားပြီး သေနတ်နှင့် လှမ်းပြီးပစ်ရန်လုပ်လေသည်။

"ဝူ...အူ...အူ...အူ..."

ထိုအခါ ရန်နောင်တို့ဘေးဘက်ရှိ ခွေးနက်ကြီးက ကျယ်ကျယ်လောင်လောင်အူလိုက်သောကြောင့် လူဆိုးအဖွဲ့ အထိတ်တလန့်ဖြစ်သွားပြီး ခွေးအူသံကို နားစိုက် နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖေါင်း...ဖေါင်း..."

"ဟာ..."

"ပြေး...ပြေး..."

"ရောမ ကျားကြီး"

လူဆိုးများမှာ ကျားကြီးကိုမြင်သည်နှင့် ခြေကုန်သုတ်ပြီး ပြေးကြတော့သည်။ အခြေအနေ အေးဆေးသွားမှ ရန်နောင်တို့ရှေ့မှ ခွေးနက်ကြီး(၃)ကောင်ဦးဆောင်ပြီး သွားသလို ကျားကြီးက စိတ်မချသည့်သဘောဖြင့် နောက်ကလိုက်ခဲ့လေသည်။

နာရီဝက်လောက်လျှောက်လိုက်သည်နှင့် တောထဲမှ အပြင်ကိုထွက်သည့်လမ်းဆီကို ရောက်ခဲ့ကြတော့သည်။

"ကျေးဇူးတင်ပါတယ်...."

ရန်နောင်တို့စကားကို နားလည်သလိုဖြင့်ကြည့်ကာ တောထဲသို့ပြန်ပြီး ဝင်သွားကြတော့သည်။

"စီစီဖူးရေ...အပြင်တော့ရောက်ပြီ... ကျုပ်တို့ ပြန်ဖို့ကိစ္စကတော့ အဓော်ကို သတိထားရတော့မယ်"

"ဘာလို့လဲ"

"ရွှေနှင်းဆီဂိုဏ်းရဲ့လူတွေက တစ်မြို့လုံးနီးပါး ဖြစ်နေသလားပဲ"





"ဟုတ်တယ် ရန်နောင်... ရွှေနှင်းဆီဂိုဏ်းက တခြားကုမ္ပဏီလုပ်ငန်းတွေရော၊ စက်ရုံတွေပါ လုပ်ကိုင်တော့ သူတို့နဲ့ လွတ်ကင်းတဲ့သူဆိုတာ မရှိသလောက်ပဲ"

"ကုမ္ပဏီတွေ စက်ရုံတွေကို ဘယ်သူ့အမည်နဲ့ လုပ်တာလဲ"

"ရွှေနှင်းဆီ အမည်နဲ့ပဲ လုပ်ကိုင်တာပဲ၊ ဒါပေမယ့် ပိုင်ရှင်တွေ ကတော့ တခြားလူတွေလေ"

"ရွှေနှင်းဆီဂိုဏ်းဟာ အရမ်းကို ကျယ်ပြန့်တာပဲ"

"ဟုတ်တယ်၊ ကမ္ဘာ့နိုင်ငံတော်တော်များများနဲ့ ဆက်သွယ်မှုက (၂)မျိုးတောင်ရှိတာ ရန်နောင်"

"ဆက်သွယ်မှု (၂)မျိုးဆိုတာ ဘာတွေလဲ"

"အပေါ်နဲ့အောက်... ဆက်သွယ်မှုတွေလေ"

"ကျုပ်သိပ်ပြီး နားမရှင်းဘူး"

"ဒီလို ရန်နောင်၊ နိုင်ငံအစိုးရတွေနဲ့ပတ်သက်ပြီး လူမှုရေးဆိုင်ရာ (NGO)အစိုးရမဟုတ်တဲ့ အဖွဲ့အသွင်နဲ့ ဝင်ရောက်တာတွေရှိသလို အစိုးရဆန့်ကျင်နေတဲ့ လက်နက်ကိုင်အဖွဲ့တွေနဲ့ ဆက်ဆံတာလည်းလုပ်တယ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ထိုင်း၊ မြန်မာ နိုင်ငံတွေမှာအဓိက ခြေကုတ်ယူတယ်"

"တကယ်ကြောက်ဖို့ကောင်းတဲ့အဖွဲ့ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်၊ ဒါကြောင့် နိုင်ငံတော်တော်များများက ရွှေနန်းဆီပိုက်ကို စောင့်ကြည့်နေကြရတာ၊ ရွှေနန်းဆီပိုက်ရဲ့ ပင်မ မဟာမိတ်က ဂျပန် ရာရှာဇာ ဂိုက်ကြီးပဲ"

"ရာရှာဇာဆိုတာ တစ်ဖက်စွန်းကျတဲ့အဖွဲ့ကြီးမဟုတ်လား"

"သိပ်ဟုတ်တာပေါ့၊ ဘာသာရေးအစွန်းအရောက်ဂိုဏ်းကြီးလေ၊ ဒီဂိုဏ်းကြီးကို ရွှေနန်းဆီပိုက်က ငွေကြေးနဲ့ လက်နက်တွေ ပံ့ပိုးတယ်လို့ သိထားပေမယ့် နိုင်လုံတဲ့ သက်သေမရှိတာရယ်၊ ရွှေနန်းဆီပိုက်ရဲ့ ပင့်ကူအိမ် နည်းဗျူဟာပိုင်းက သိပ်ပြီးကောင်းနေတော့ ဖမ်းလို့မရနိုင်ဘူး"

"ဘယ်လို... ပင့်ကူအိမ်နည်းဗျူဟာ ဆိုတာ ဘယ်လိုသဘောလဲ"

"ဒီလိုလေ... အဆင့်ဆင့်ကာရံပြီး လုပ်ကိုင်ထားတဲ့လမ်းကြောင်းလေ၊ ရွှေနန်းဆီပိုက်းအဖွဲ့ဝင်တွေကို မိပေမယ့် အမြင့်ဆုံးထိဖော် ထုတ်လို့မရဘူး။ သဲလွန်စပျောက်သွားကြတာပဲ၊ ဟော... ကားတစ်စီးလာနေတယ်"

အဝေးဆီမှ သစ်သီးတင်ဆောင်လာသော ကားတစ်စီးကို တွေ့လိုက်ပြီး လမ်းကြိုလိုက်ခဲ့ကြသည်၊

ကားပေါ်တွင် ဂေါ်ဖီထုပ်တွေကို အပြည့်တင်ဆောင်လာသည် ကိုတွေ့နေရသည်။ ကားအရှင်ဘာက တရုတ်လူမျိုးဖြစ်သောကြောင့် စီစီဖူးနှင့် စကားကောင်းရင်းလိုက်ပါလာခဲ့ရသည်။

"ဒီဂေါ်ဖီ ထုပ်တွေက ရေးသွင်းဖို့လား"

"မဟုတ်ဘူး ဘုန်းတော်ကြီးလားမားမွေးနေ့ပွဲအတွက် သွားပြီးပို့ပေးရမှာ"

"ဟင်..."

"ဟာ..."

ဘုန်းတော်ကြီးလားမားအမည်ကြောင့် နှစ်ယောက်လုံး အသိထဲတွင်ရှိရှားမှ ပြေးလာခဲ့သော အဲလစ်ကို သတိရလိုက်ကြသည်။

"မွေးနေ့က ဘယ်တော့လဲ"

"ခုလာမယ့် အင်္ဂါနေ့"

"ဪ..."

"သူ့မွေးနေ့ကို ဘယ်သူမဆို တက်လို့ရလား"

"ဘုန်းတော်ကြီးလားမားမွေးနေ့ကို လူတန်းစား (၂)မျိုးပဲ တက်ကြတယ်"

"ဘယ်လိုလူတန်းစားလဲ"

"ဘုန်းတော်ကြီးဖိတ်ကြားတဲ့ သာသနာ့ဂိုဏ်းချုပ်ကြီးတွေ







www.burmeseclassic.com

www.burmeseclassic.com



ရယ်၊ သူတောင်းစားတွေရယ်ပဲ"

"ဟင်...သူတောင်းစားတွေကိုဖိတ်တယ်"

"ဘုန်းတော်ကြီးက သူ့မွေးနေ့မှာ သက်သတ်လွတ်ထမင်းဟင်းတွေချက်ပြီး သူတောင်းစားတွေကို ကျွေးမွေးတယ်၊ ပြီးရင် ငွေ၊ အဝတ်အစားတွေကို ပေးတယ်၊ သူတောင်းစားတွေက ဘုန်းတော်ကြီး လားမားကို ကယ်တင်ရှင်လို့တောင် သတ်မှတ်ထားကြတာ"

ရွှေနှင်းဆီဂိုက်ကြီး၏ ရပ်တည်မှု၊ ခြေကုတ်ယူမှုကား တကယ်ပင်အကွက်စေ့လှသည်။

"ဘုန်းတော်ကြီး လားမားက အရမ်းချမ်းသာတယ်ပေါ့"

"ဘုန်းတော်ကြီးက ချမ်းသာတာတော့ မဟုတ်ဘူး။ သူ့ကို ကိုးကွယ်တဲ့ တိဘက်သူဌေးကြီးက ချမ်းသာတာ"

"သူဌေးကြီးဟုတ်လား"

"ဟုတ်တယ် သူဌေးကြီးအမည်က လွှန်ဖူးနော်ဘာ တိဘက်ပြည်မှာ သူ့လောက်ချမ်းသာတဲ့သူမရှိသေးဘူး"

"လွှန်ဖူးနော်ဘာ"

ထိုသူဌေးအမည်ကို ရန်နောင်နှင့် စီစီဖူး ရွတ်ဆိုမိလိုက်သည်။ ပြီးတော့ တစ်ယောက်မျက်နှာကိုတစ်ယောက်ကြည့်ကာ အဓိပ္ပာယ်တစ်ခုကိုဖော်ဆောင်လိုက်ပါလေသည်။





"ဘယ်မှာဆင်းမှာလဲ"

"ဟိုရှေ့က ပမ်းဆုံရောက်ရင်ဆင်းမယ်"

ကားဆရာဆီက မမျှော်လင့်ဘဲကြားလိုက်သော စကားတို့သည် ရန်နောင်တို့အတွက် များစွာအထောက်အကူပြုသော သတင်းလေးပင်ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘုရားကျောင်းကြီး သေးပတ်ဝန်းကျင်တွင် လက်နက်ကိုင်တပ်ဖွဲ့တွေက အပြည့်ချထားသည်ကို ကြည့်ခြင်းအားဖြင့် လားမား၏ ဘုန်းတန်ခိုးကြီးမားမှုက ထင်ရှားလှသည်။

ဒါမှမဟုတ် ဘုန်းတော်ကြီး လားမား၏ ဒကာမဖြစ်သော သူဌေးကြီး လွန်ရှူးနော်ဇာကြောင့်လည်းဖြစ်နိုင်သည်။

"ဟိုနစ်ယောက် ဘာဒေးတိဒေးဗိုင်လုပ်နေတာလဲ၊ ဟိုမှာတန်းစီ"

"ဟုတ်ကဲ့"

ရန်နောင်နှင့် စီစီဖူး သူတောင်းစားယောင်ဆောင်ကာ လားမား၏ မွေးနေ့ပွဲကိုလာခဲ့ခြင်းဖြစ်သည်။

တခြားသော သူတောင်းစားအဖွဲ့တွေနှင့်ရောပြီး တန်းစီကာ နေကြရင်း





"စီစီဖူး ကင်မရာကို အသင့်လုပ်ထား"

"အင်း..."

စီစီဖူး လည်ပင်းတွင် ကြိုးဆွဲကြိုးကြိုးနှင့် ချိတ်ထား သော ကင်မရာအသေးစားလေးကို တခြားသူတောင်းစားများကဲ့သို့ လည်ပင်းတွင် ဘုန်းတော်ကြီးလားမား၏ဓာတ်ပုံတွေ ဆွဲထားသည့် နည်းဖြင့် ရောပြီးဆွဲထားခြင်းဖြစ်သည်။

"ဒူ...ဒူ...ဒူ..."

ကြေးမောင်းကြီးထုသံနှင့်အတူ သူတောင်းစားအားလုံး မြေပြင်တွင် ဒူးထောက်ကြသည်။ ရန်နောင်နှင့် စီစီဖူးပါ ရောပြီး ဒူးထောက်လိုက်သည်။

"ဘုန်းတော်ကြီးလားမား သက်တော်ရှည်ပါစေ"

သူတောင်းစားတွေဆီမှ သံပြိုင်ကြီးထွက်ပေါ်လာပြီး ကျောင်းကြီးရှေ့မှ ကျွန်းတံခါးချပ်ကြီး ပွင့်လာလေသည်။

ထိုကျွန်းတံခါးပေါက်ထဲမှ ဘုန်းတော်ကြီးမားလားနှင့် သေးတွင် အလွန်ခန့်ညားပြီး ဥပဓိကောင်းသော အသက် (၆၀) ဝန်းကျင် အမျိုးသမီးကြီးတစ်ယောက်ကိုပါ တွေ့လိုက်ရသည်။ စီစီဖူး ကင်မရာ ဖြင့် ရိုက်ယူထားလိုက်လေသည်။

"ဒုက္ခဆင်းရဲခြင်းအပေါင်းမှ အမြန်ဆုံးလွတ်မြောက်နိုင်



www.burmeseclassic.com

www.burmeseclassic.com



ကြပါစေ"

လားမားက လက်နှစ်ဖက်ကို မြှောက်ပြီး ဆုတောင်းပေးပြီးနောက်

"ကဲ…အားပါးတရ သုံးဆောင်ကြပါ"

"ကျေးဇူးကြီးလှပါတယ်၊ ဘုန်းတော်ကြီးလားမား"

တစ်ဖက်ကွက်လပ်တွင် ပြင်ထားသော စားပွဲအရှည်ကြီးပေါ်တွင် သူတောင်းစားများ တစ်သုတ်ပြီးတစ်သုတ် ဝင်စားကြသည်။

စားသောက်ပြီး ပြန်ထွက်လာကြသူတွေကို ဘုန်းတော်ကြီးလားမားနှင့် သူဌေးမကြီးက စက္ကူအိတ်အနီလေးဖြင့် ထည့်ထားသော ငွေနှင့် အဝတ်အစားများကို ပေးလေသည်။ ရန်နောင်နှင့် စီစီဖူး အနီးကပ် လားမားနှင့် သူဌေးမကြီးကို ကြည့်ရှုပြီး အပြင်သို့ထွက်ခဲ့ကြတော့သည်။

"ရန်နောင် ဘာဆက်ပြီး လုပ်မလဲ"

"မင်း ကျောင်းကြီးပတ်ဝန်းကျင်ကို ဓာတ်ပုံပြည့်စုံအောင် ရိုက်ခဲ့သလား"

"အင်း…"

"ဒါဆိုရင်တော့ ဓာတ်ပုံတွေကို သေသေချာချာကြည့်ပြီး ကျောင်းကြီးထဲကို ဝင်နိုင်အောင် ကြိုးစားရမှာပဲ"





ကျောင်းကြီးအပြင်သို့ရောက်ပြီး

"ဟင်…"

"ဘာဖြစ်လို့လဲ ရန်နောင်"

ကားတစ်စီးပေါ်တွင် မြန်မာပြည်မှ ထွက်ပြေးလွတ်မြောက်သွားသော ဝင်းအောင်နှင့် မြန်မာအမျိုးသမီးတစ်ဦးကိုတွေ့လိုက်ရသည်။

"သူတို့က မြန်မာလူမျိုးတွေ မဟုတ်လား"

"ဟုတ်တယ် ဝရမ်းပြေးနှစ်ယောက်"

"ရွှေနှင်းဆီဂိုဏ်းနဲ့ အဆက်အသွယ်ရှိလား"

"ရှိတယ်၊ ကျုပ်တို့ဆီက ဓာတုဗေဒပညာရှင်ကြီးကို ဖမ်းဆီးနိုင်အောင် ပူးပေါင်းခဲ့တဲ့ကောင်တွေ"

လားမားကျောင်းတော်ကြီးနှင့် အဝေးဆုံးနေရာကို ရောက်တော့မှ အဝတ်အစားများကို ချွတ်ကာ ရန်နောင်တို့နေထိုင်သော နေရာကိုပြန်လာခဲ့ကြတော့သည်။

"ဒီနေ့ ဂုရင်ခေါင်ကို ပြန်ပြီးခေါ်သွားပြီနော်"

"ဟုတ်တယ်လေ၊ ဒီမှာ အရေးပေါ်ကိစ္စရှိနေတာနဲ့ လိုက်ပြီးဆို့နိုင်ခဲ့ဘူး"

"ခေါင်က ပြန်ချင်မှာမဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ရန်နောင်ရယ်… သူ့ဒဏ်ရာက ရှေ့ဆက်ပြီး တိုးလို့မှ မရနိုင်တာ၊ ဘာတတ်နိုင်မှာလဲ"

အငှားကားလေးကို အိမ်နှင့်ဝေးသောနေရာတွင် ရပ်နိုင်းပြီး လမ်းဆက်လျှောက်လာခဲ့သည်။

ရန်နောင်တို့ ရှနေသောအိမ်မှာ အထူးလျှို့ဝှက်အိမ်တစ်လုံး ပင်ဖြစ်သည်။

အိမ်ထဲသို့ရောက်သည်နှင့် စီစီဖူး က ဖလင်ဆေးခန်းထဲသို့ ဝင်သွားပြီး ကင်မရာမှ ဖလင်တွေကို အားချင်းကူးနေလေသည်။

"ဓာတ်ပုံတွေ ရပြီ ရန်နောင်"

စီစီဖူး ဓာတ်ပုံတွေကို မိမိရှေ့ရှိစားပွဲတွင်တင်ပြီး တစ်ပုံချင်း ကြည့်လေသည်။

"လားမားနဲ့ လွန်ဖူးနော်ဇာကို အနီးကပ်ပုံကြီးချဲ့ပြီးမှ ထပ်ပြီး ကြည့်ရမယ်"

"သူတို့နှစ်ယောက်ရဲ့မျက်နှာတွေက နဂိုမျက်နှာတွေတော့ မဖြစ်လောက်ဘူး"

"ဟုတ်မယ်ရန်နောင်၊ ခက်တာက သူတို့မျက်နှာအစစ်တွေ ကိုတွေ့ဖူးတာ မရှိတော့ ဘယ်လိုပြောရမှန်းတောင်မသိဘူး။ ပြီးတော့ နာမည် ဘယ်နှစ်မျိုးနဲ့ ရပ်တည်နေသလဲဆိုတာ ပြောလို့မှ မရတာ၊





ကြီးစားပြီး ကွန်ပျူတာနဲ့ ရုပ်အမှန်ကိုဖော်ရမှာပဲ"

"တဲ… စီစီဖူး လားမားကျောင်းထဲကိုဝင်ဖို့ အရင်ကြိုးစားရအောင်"

ကျောင်းပတ်ဝန်းကျင်ကိုနေရာစုံဘက်စုံထောင့်စုံမှ ရိုက်ကူးထားသော ဓာတ်ပုံတွေကို တစ်ပုံချင်းကြည့်ကာ

"စီစီဖူး ဒီနေရာကြည့်စမ်း"

အုတ်တံတိုင်းအဘေး သစ်ပင်ကြီးနားတွင် သံချောင်းတို့ဖြင့် လုပ်ထားသော ရေမြောင်းတစ်ခုကိုတွေ့လိုက်ရလေသည်။

"ဒါ…အထဲကိုဝင်လို့ရမယ့်နေရာပဲ"

"ဒီသံတိုင်တွေတော့ဖြတ်တောက်ပြီးဝင်မှရမှာ"

"ဒီအတွက် မပူနဲ့၊ ဖြတ်စရာမလိုတဲ့နည်း ကျွန်မဆီမှာ ရှိတယ်၊ ကျောင်းကြီးထဲဝင်ဖို့ နည်းလမ်းပဲရှာ"

"ကျောင်းဝန်းထဲရောက်မှ ဝင်နိုင်တဲ့လမ်းပေါက်ကို ရှာရမှာပဲ"

"ဘယ်တော့ လှုပ်ရှားမလဲ"

"အကောင်းဆုံးကတော့ ဒီညပဲ စီစီဖူး ရေ…"



www.burmeseclassic.com

www.burmeseclassic.com

ညကတိတ်ဆိတ်စွာရှိနေပေမယ့် အမှောင်ထုအောက်တွင် လှုပ်ရှားနေသူနှစ်ဦးကတော့ ရန်နောင်နှင့် စီစီဖူး။

အနက်ရောင်ဝတ်စုံဖြင့် လားမားကျောင်း အုတ်နံရံနားသို့ ချည်းကပ်နေကြသည်။ ကျောင်းဝန်းအတွင်းမှာ လက်နက်ကိုင် အစောင့်တွေရှိနေကြသည်။

ရန်နောင်တို့ဝင်ရမည့် သံတိုင်အပေါက်နားသို့ရောက်တော့ စီစီဖူး အိတ်ကပ်ထဲမှ ပုလင်းသေးလေးကိုထုတ်ကာ ပြွန်တံအသေးလေးဖြင့် သံတိုင်တွေကို ညှပ်ထားတဲ့အရည်တွေကို ဖွတ်လေသည်။

"ဘာအရည်တွေလဲ"

"သံစား အက်ဆစ်"





သံတိုင်(၅)တိုင်လုံးကို သံစားအက်ဆစ် ဖွတ်ပြီး ခဏကြာတော့

"ရပြီ ရန်နောင်"

"ကျောက်...ကျောက်...ကျောက်..."

ခြေဖြင့်ကန်လိုက်သည်နှင့် သံတိုင်များ ကျိုးထွက်သွားသည်။

"ဝင်လို့ရပြီ"

ရန်နောင်ရှေ့မှ ဝင်ပြီးနောက် စီစီဖူး နောက်မှလိုက်ဝင်ခဲ့သည်။

ကျောင်းဝန်းထဲသို့ရောက်သည်နှင့် ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ လက်နက်ကိုင်အစောင့်တွေက နေရာအနှံ့တွင်ရှိလျက်

"ဟိုအဆောင်ဘက်ကို သွားကြရအောင်"

"အင်း..."

ကျောင်းဝန်းထဲ တရားထိုင်ရန်လုပ်ထားသော အဆောင်ဘက်ကို ရှုံ့ကွယ်တွေဆီမှ အရောက်သွားလေသည်။

အဆောင်ပေါ်သို့တက်မည်အပြု

"စီစီဖူး မတက်နဲ့"

"ဟင်...ဘာဖြစ်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာတွေ့လား"

"ဩော်..."

အဆောင်နံရံထက်တွင် စီစီတီဗွီ ကင်မရာတွေတပ်ဆင်ထားသည်ကိုတွေ့လိုက်ရလေသည်။

"ဒုတ်...ဒုတ်..."

"ဟာ..."

အနံ့ခံခွေးကြီးတွေကိုဆွဲကာ ကျောင်းပတ်ဝန်းကျင်ကိုကင်းလှည့်နေသောအဖွဲ့ကိုတွေ့လိုက်ရပြီး ထိုကင်းလှည့်အဖွဲ့သည် ရန်နောင်တို့ရှိသည့်နေရာဆီသို့လာနေကြလေပြီ။

"ရှူး...ရှူး..."

"ဘာလဲစီစီဖူး"

"ခွေးတွေ အနံ့ခံလို့မရတဲ့ အမွှေးရနံ့ရည်ပါ။ စစ်ပွဲတွေမှာ ကွန်မန်ဒိုတွေသုံးတဲ့ ဆေးရည်တစ်မျိုးပဲ၊ ဝပ်နေလိုက်"

ခွေးကြီးတွေရန်နောင်တို့နားကိုရောက်ခဲ့ပေမယ့် အနံ့ကိုမရသဖြင့်ပြန်ပြီးထွက်သွားလေတော့သည်။

"ဟင်း..."

အနံ့ခံခွေးကြီးတွေ ထွက်သွားမှ သက်ပြင်းချနိုင်လေတော့သည်။





"စီစီဖူး...ဟို သစ်ပင်ကြီးကနေ ကျောင်းအမိုးပေါ်ကို တက်မှရမယ်"

"ကောင်းပြီ"

သစ်ပင်ကြီးမှာ ကျောင်းကြီးခေါင်မိုးပေါ်သို့ ကိုင်းကျနေပေမယ့် သွားရမှာ အန္တရာယ်တော့ကြီးသည်။

သစ်ပင်အမြင့်မှာ ပေ (၃၀) လောက်ရှိပြီး ပြုတ်ကျလျှင် အောက်က သံမံတလင်းနှင့်ရိုက်ပြီးအသက်ပျောက်နိုင်သည်။

သစ်ပင်ကြီးပေါ်သို့ခက်ခက်ခဲခဲ တက်ခဲ့ကြပြီး

"သတိထားနော်"

"စိတ်ချ"

သစ်ကိုင်းများပေါ်မှ အသက်ပင်မရှူရဲအောင်ဖြတ်ကူးခဲ့ကြပြီးနှစ်ယောက်လုံးအမိုးပေါ်သို့ရောက်ခဲ့ကြလေသည်။

အမိုးပေါ်တွင် ခဏမျှအမောဖြေကြပြီး ခြေသံဖွဖွလေးဖြင့် အောက်မှတွေ့နိုင်သောနေရာဆီသို့ရွေ့ခဲ့ကြလေသည်။

မိုးထားသော အမိုးမှာ အုတ်ကြွပ်ပြားများဖြစ်သောကြောင့် ဓားမြှောင်ဖြင့် တစ်ချပ်ချင်းကိုခွာရတော့သည်။ လူတစ်ကိုယ်စာ အပေါက်လေးဖြစ်မှ အောက်ကိုကြည့်တော့ အခန်းငယ်တစ်ခု ဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြိုးနဲ့ဆင်းကြရအောင်"

အသင့်ယူလာသော ကြိုးကို အမိုးထုတ်တန်းတွင် ချည်နှောင်ပြီး အောက်ကိုဆင်းခဲ့ကြလေသည်။

အခန်းထဲသို့ရောက်တော့ သေတ္တာတွေ အထပ်လိုက် ထပ်ထားသည်ကိုမြင်ရပြီး

"လက်နက်သေတ္တာတွေဖြစ်မယ်"

"ဟုတ်တယ် ရန်နောင်၊ မှောင်ခိုဈေးကွက်ကို ပို့မယ့်လက်နက်တွေလား၊ ဆန့်ကျင်ရေးသူပုန်တွေကို ပေးပို့လားဆိုတာတော့မပြောတတ်ဘူး၊ ဓာတ်ပုံတော့ရိုက်ယူထားရမယ်"

စီစီဇူး လက်နက်သေတ္တာတွေကို ပြည့်ပြည့်စုံစုံဓာတ်ပုံရိုက်ယူလိုက်သည်။

"ကျွိ..."

ပိတ်ထားသော အခန်းတံခါးကိုဖြည်းညှင်းစွာဖွင့်ပြီး အခန်းအပြင်ကိုကြည့်လိုက်တော့ ရန်းမကြီးတစ်ခု ဖြစ်နေသည်။

"ခေါက်...ခေါက်...ခေါက်..."

အပြင်မှ လူသုံးယောက်နှင့် နိုင်ငံခြားသားတစ်ယောက် ရန်းမထဲသို့ဝင်လာသည်ကို လှမ်းပြီးတွေ့နေရသည်။

"တီ..."





"ကျွိ..."

ရန်းမကြီးထဲတွင်ရှိသော ဗုဒ္ဓဆင်းတုတော်ကြီးရှေ့မှ ပန်းအိုးကို မ.လိုက်သည်နှင့် ဗုဒ္ဓရုပ်ပွားတော်ကြီး တစ်ဖက်ကိုလှည့်ကာ နံရံတံခါးပေါက်ကြီးဖြစ်သွားတော့သည်။

လူသုံးယောက်နှင့် နိုင်ငံခြားသား ဝင်သွားပြီးမှ ရုပ်ပွားတော်ကြီးပြန်ပိတ်လေသည်။

ရန်နောင်တို့နှစ်ယောက် ရုပ်ပွားတော်ကြီးနားသို့သွားကာ

"ဝင်ရင်တော့ အဖြေတစ်ခုခုကို သိရမယ်"

"ဝင်မယ် ရန်နောင်"

"ကောင်းပြီ"

"ကျွိ..."

နံရံတံခါးပေါက်ကြီးပွင့်သွားသည်နှင့်အထဲကိုဝင်ခဲ့ကြတော့သည်။ တံခါးပေါက်ကြီးမှ အောက်ကိုဆင်းသည့် လှေကားထစ်တွေပါရှိနေသဖြင့် ဆက်ပြီးဆင်းလာခဲ့တော့သည်။

"ခေါက်...ခေါက်...ခေါက်..."

"ဟင်..."

ခြေသံကိုကြားရသဖြင့် ဘေးနံရံကိုကပ်ပြီး ပုန်းနေလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားသားကို လိုက်ပြီးပို့သော (၃) ယောက်ပြန်ပြီးထွက်လာခြင်းပင်။

ရန်နောင်တို့နှစ်ဦးကို ကျော်ဖြတ်ပြီး ပြန်ထွက်သွားကြ၍ ဆက်ပြီးဝင်ခဲ့သည်။

"ဟိုမှာ..."

မြေအောက်ခန်းမထဲတွင် နိုင်ငံခြားသားနှင့် လားမားစကားပြောနေတာကိုမြင်နေရပေမယ့် စကားသံတော့မကြားရပေ။

"ရန်နောင် ဒီနားကြပ်လေးကိုတပ်ပြီး နားထောင်၊ တို့တစ်ရာလောက်က စကားပြောတာကိုကြားနိုင်တယ်"

စီစီဖူးပေးသော နားကြပ်လေးကို နားမှာတပ်ပြီး နားထောင်နေမိသည်။

"အဲလစ်...ပစ္စည်းတွေက ဘယ်ကိုပို့မှာလဲ"

"ဗီယက်နမ်က သူပုန်အဖွဲ့ဆီကို၊ ဒီကောင်တွေဆီက စိတ်ကြွဆေးပြားတွေကို ပြန်ပြီးယူခဲ့ရမယ်"

"လေယာဉ်လား...သင်္ဘောလား..."

"လေယာဉ်လမ်းကြောင်းက မလွယ်ဘူး။ အစိုးရဘက်က မြေ့ပြေး လေယာဉ်တွေက အချိန်ပြည့် ကင်းလှည့်နေတယ်၊ သင်္ဘောနဲ့ပဲ ပို့ရမယ်"





"သင်္ဘောက ဘာသင်္ဘောလဲ"

"ငါးဖမ်း သင်္ဘောလိုလို ဆိုင်းသင်္ဘော၊ အားလုံးစီစဉ်ပြီးပြီ၊ မစ္စတာကနက်တာဝန်ယူထားတာ ပစ္စည်းတွေကို သူပုန်အဖွဲ့လက်ထဲပို့ပေးပြီးတာနဲ့ ဆေးပြားတွေကို ပြန်ပြီးယူလာပေးဖို့ပဲ"

"ကျုပ်အတွက် အကျိုးခံစားခွင့်က"

"ဒီကို ပစ္စည်းတွေရောက်တာနဲ့ မနစ်နာစေရဘူး၊ ကျုပ်အကြောင်းကို မစ္စတာကနက် သိပြီးသားပါ"

"အိုကေ"

"ဒါဆို ကနက်သွားတော့၊ သင်္ဘောက (× × ×) ဆိပ်ကမ်းမှာ ဆိုက်ထားတယ်"

"ပစ္စည်းတွေက ရောက်ပြီလား"

"ရောက်နေပြီ၊ အစိုးရဘက်က သင်္ဘောထွက်ခွင့်ရက်ကို စောင့်နေတာ"

လားမား... မစ္စတာကနက်ကို လက်ဆွဲနှုတ်ဆက်ပြီး ပြန်ထွက်ခဲ့လေသည်။ စီစီဖူး အသံနှင့် ဓာတ်ပုံတွေကလျှို့ဝှက်ရိုက်ကူးပြီး အပြင်သို့ပြန်ပြီးထွက်ခဲ့ကြလေတော့သည်။

ကျောင်းကြီးအပြင်သို့ အန္တရာယ်ကင်းစွာဖြင့် ပြန်ထွက်နိုင်သည်။

www.burmeseclassic.com



"ဟုး… ရှမ့်ပဲ အသက်ကို ဝအောင်ရှူရတော့တယ်"

"မနက်ကိစ္စကို ဘယ်လိုလုပ်မလဲ"

"အစိုးရကို အသိပေးဖို့ပဲရှိတယ်၊ နောက်တစ်ဆင့်ကတော့"

"ခုရထားတဲ့ ဓာတ်ပုံနဲ့ လားမားကို ဖမ်းဆီးဖို့ပဲရှိတယ်"

"အင်း…တစ်ယောက်တော့ ရှင်းနိုင်ပြီထင်တာပဲ"

"ကျုပ်က လားမားကိုအရင်တွေ့ပြီး ရွှေနင်းဆီ နောက်ဆက်တွဲကို လိုချင်သေးတယ်"

ဒါဆိုလည်း တွေ့ကြတာပေါ့"

လက်နက်မှောင်ခိုသယ်ဆောင်သော သဘော်ကြီးနှင့် အတူ ကနက် ခေါင်းဆောင်သောအဖွဲ့ကို တရုတ်ရဲတပ်ဖွဲ့မှ ဖမ်းဆီးလိုက်သောသတင်းကိုဖတ်ပြီး

"ရန်နောင်… ကျွန်မတို့ လားမားကိုသွားပြီးတွေ့ဖို့ပဲရှိတယ်"

"ကျုပ် ခေါင်းထဲမှာ အကြံတစ်ခုပေါ်တယ်"

"ဘာများလဲ ရန်နောင်"

"လားမားကို ကျုပ်တို့ အရင်ဖမ်းပြီးမှ သက်ဆိုင်ရာကို အပ်မယ်တယ်"

"ရန်နောင့် သဘောက"

"လားမားကို သက်ဆိုင်ရာက ဖမ်းဆီးလည်း ရွှေနင်းဆီ ကားနဲ့ပတ်သက်ပြီး ထုတ်ဖော်မှာတော့မဟုတ်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သေချာတယ်၊ ကိုယ့်ကိုယ်ကို သတ်မသေရင်လုပ်ကြံခံရမှာပဲ၊ လားမားကို ဝင်ပြီးဖမ်းဖို့ဆိုတာ ကျွန်မတို့နှစ်ယောက်တည်းနဲ့မဖြစ်နိုင်သလိုပဲ"

"တစ်ခုခုတော့ ကြံရမှာပေါ့"

"ဟုတ်ပြီ"

"ဘာများလဲ စီစီရှူး"

"လားမားရဲ့ အားနည်းချက်ကို အသုံးချရမယ်"

"သူ့အားနည်းချက်က ဘာလဲ"

"လားမားဟာ မိန်းမကိစ္စနဲ့ပတ်သက်ရင် မရဘူး"

"မင်း စွန့်စားမယ်ပေါ့"

"ဟုတ်တယ်"

"သူ့ဆီကို တိုက်ရိုက်ကတော့ ရမှာမဟုတ်ဘူး"

"လားမားကို ကြားက မိန်းမပွဲစားလုပ်ပေးနေတဲ့ ဝင်ဒါဆိုတဲ့ကောင်ရှိတယ်"

"ဒီကောင်က ဘယ်မှာနေလဲ"

"(×××) နိုက်ကလပ်မှာ ရှိတတ်တယ်"

"အစီအစဉ် ဘယ်တော့စမလဲ စီစီရှူး..."

"ဒီည..."





"နု... ဝင်ဒါဆီကို သွားကြရမှာပေါ့"

"အင်း..."

နှစ်ယောက်သားအပြင်ကိုထွက်လာရင်း

"တစ်ခါတည်း သွားလို့မရဘူး"

"ဘာလို့လဲ"

"ကျွန်မတို့ဓာတ်ပုံတွေက ရွှေနှင်းဆီဂိုဏ်းထဲမှာ ရှိနေပြီး သားဆိုတော့ ရုပ်ဖျက်ရမယ်"

"ကျုပ်ရောလား"

"အင်း...ကျွန်မတို့ ပြည်မကာနေ ရွှေနှင်းဆီဂိုဏ်းအတွက် ဒီဘက်မှာ သတင်းထောက်လှမ်းဖို့ဖွင့်ထားတဲ့ အလှပြင်ဆိုင်ရှိတယ်"

"ဒီမြို့မှာလား"

"ဟုတ်တယ်"

အငှားကားတစ်စီးဖြင့် အလှပြင်ဆိုင်သို့ ထွက်လာခဲ့ကြတော့သည်။ အလှပြင်ဆိုင်တွင် ရဲနောင်တို့နှစ်ယောက်စလုံး ရုပ်ဖျက်ပြီးထွက်ခဲ့လေသည်။ စီစီရှူးကတော့ လားမား စွဲမက်လောက်အောင် ပြင်ဆင်ထားလေသည်။

"မင်းက တကယ်ချောတဲ့မိန်းကလေးပဲ"

"ကျေးဇူးတင်ပါတယ် ရန်နောင်၊ ရှင်လည်းလူချောတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ပါ တကယ်တရုတ်မင်းသားကျနေတာပဲ"

"ဒါက မင်းလက်ရာလေ"

"ရှင်လုပ်ဆောင်ရမှာကို မှတ်မိတယ်နော်"

"ကျုပ်ဘက်က စိတ်ချပါ မင်းအတွက်စိတ်ပူတာ"

"တကယ်လို့လွဲချော်ခဲ့ရင်တောင် ကျွန်မဝမ်းနည်းမှာမဟုတ်ဘူး"

ဝင်းဒါရှိသော နိုက်ကလပ်ကိုရောက်ခဲ့ကြသည်။

နှစ်ယောက်သား စားပွဲတစ်ခုတွင် ဝင်ထိုင်လိုက်ပြီး ဝိုင်တစ်ခွက်စီကို သောက်နေကြသည်။

"ဝင်းဒါဆိုတာ ဟိုစားပွဲကနေ ကျွန်မကိုကြည့်နေတဲ့ကောင်"

"အင်..."

ဝင်းဒါအရက်ခွက်ကိုကိုင်ပြီး ရန်နောင်တို့ဝိုင်းဆီသို့လျှောက်လာကာ

"မိတ်ဆွေ ဘေးက... မိန်းမချောလေးနဲ့ သီချင်းတစ်ပုဒ်လောက်ကချင်တယ်"

"ရပါတယ်....ခင်ဗျားကိုယ်တိုင် ခွင့်တောင်းကြည့်ပါ"

"ဟဲလို...ကျုပ်နဲ့တွဲမကချင်ဘူးလား"

"ကျွန်မ...ဒီကိုလာတာ ကဖို့မဟုတ်ဘူး။ ငွေလာရှာတာ"

"အိုကေ"





စီစီရူးစကားကို ဝင်းဒါသဘောကျသွားလေသည်။

"မင်းအတွက် အကောင်းဆုံးဈေးကွက်ကို ငါဖန်တီး ပေးမယ်၊ ဟဲဟဲ...ဒါပေမယ့်"

"ဘာလဲ ...ရှင့်ပွဲခလား"

"ရက်စ်"

"ရစေရမယ်"

"ဗွတ်...ဒီမှာခကာစောင့်"

ဝင်းဒါ... ဟန်ဆုန်ဖြင့် လားမားဆီသို့ ဖုန်းလှမ်းဆက်ပြီး

"ကဲ... မင်းသမီးလေး... အဆင်ပြေသွားပြီ၊ သွားကြစို့၊ ဒီက ...တ်ဆွေအတွက်...ရော့..."

ငွေစက္ကူတစ်ထပ်ကို ထုတ်ပေးလိုက်သဖြင့် ရန်နောင် ယူ ...းလိုက်သည်။

စီစီရူးဘက်က လုပ်ဆောင်သင့်သည်ကို လုပ်ဆောင်သလို ...ဘက်ကလုပ်ဆောင်ရမှာကို လုပ်ဆောင်ဖို့ ပြင်ရတော့မည်ဖြစ် ...ည်။

ရန်နောင် ပထမဦးဆုံးလုပ်ဆောင်ရမှာက ကားတစ်စီးနှင့် ...ပြန်ထွက်လာချိန်ကို အပြင်ကနေ စောင့်ရမှာဖြစ်သည်။

စီစီရူးနှင့် ဝင်းဒါ ထွက်သွားပြီး သီးသန့်စီစဉ်ထားသော ကား



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် လားမားကျောင်းဆီသို့ မောင်းလာခဲ့တော့သည်။

"ဟင်..."

လမ်းမပေါ်တွင် ယိမ်းထိုးယိမ်းယိုင်ဖြင့် ပြေးလာနေသော လူ တစ်ယောက်ကတွေ့လိုက်ရသဖြင့် ကားကိုရပ်ပေးလိုက်တော့

"ဝင်းအောင်"

"ခင်...ခင်ဗျား..."

ဝင်းအောင်ရင်ဘတ်တွင်သွေးတွေကမြင်မကောင်းအောင်ယ

"ငါဘယ်သူလဲဆိုတာမင်း မမှတ်မိတော့ဘူးလား"

"ဆ...ဆ...ရာ...ရန်...နောင်...ကျွန်တော့်ကိုခွင့်လွှတ်ပါ"

"ငါက ခွင့်လွှတ်လို့ရတဲ့ကိစ္စမဟုတ်ဘူး ဝင်းအောင်၊ ရ မင်းဘာဖြစ်ခဲ့တာလဲ ဆိုတာ ငါ့ကိုပြော"

"ကျွန်တော့်ကို ရွှေနှင်းဆီဂိုဏ်းက လက်စဖျောက်တာ"

"ဟင်..."

"ရော့... ဒီစီဒီအခွေထဲမှာ ရွှေနှင်းဆီဂိုဏ်းရဲ့ ဒေါင်းဆော အလက်ဇန္ဒားလှုပ်ရှားမှုတွေ ပါတယ်... အား...ကျွတ်...ကျွတ်..."

"မင်း ကိုငါဆေးရုံ ပို့ပေးမယ်"

"နေပါစေတော့ ဆရာရန်နောင်၊ ဟို...ဟို... ကျွန်တော့် ချစ်ရ လေးနွယ်ကိုကယ်ပါ"





"သူက ဘယ်မှာလဲ ဝင်းအောင်"

ဝင်းအောင်ထံမှ စကားသံမကြားရတော့ပေ။

ကိုယ့်လူမျိုးတစ်ယောက် ရလို သေဆုံးရသည့်အပေါ်မှာ စိတ်မကောင်းပေမယ့် ရန်နောင် ဘာမှမတတ်နိုင်ပေ။

ဝင်းအောင် သူ့အမိုက်ဖာတ်ကို သူကိုယ်တိုင် သိမ်းခဲ့သည် မဟုတ်လား။

ရန်နောင်...ဝင်းအောင်အလောင်းကိုကောင်းမွန်စွာ သင်္ဂြိုဟ် ခွင့်မရတော့ပေ။

လားမားနှင့် ပတ်သက်သော တာဝန်က ရှိနေသေးသဖြင့် စိတ်မကောင်းစွာနှင့် ထားရစ်ခဲ့ရလေတော့သည်။

ကားကို အမှောင်ရိပ်အောက်တွင်ရပ်ပြီး စီစီရူး ထွက်လာ မည့်အချိန်ကို စောင့်နေလေသည်။

ဘုန်းတော်ကြီးကျောင်းဝန်းတံခါးမှ ကားတစ်စီးမောင်းပြီး ထွက်လာလေသည်။

"ဟင်..."

စီစီရူး သူ့ကို အနီရောင်မီးလေးဖြင့် အချက်ပြလိုက်သော ကြောင့် ကားကိုမောင်းထွက်လာပြီး စီစီရူးပါလာသော ကားနောက်ကို တပ်ပြီးမောင်းလာခဲ့သည်။ ရှေ့ကကား ထိုးရပ်သည်နှင့် သေနတ်ကို



www.burmeseclassic.com

www.burmeseclassic.com



အသင့်ထုတ်ကာ အောက်ကိုဆင်းခဲ့သည်။

စီစီဖူး….လားမားကို ခေါင်းနှင့်ညွှန်ပြီးခေါ်လာသည်။

"ရှင့်- မှုကိုပြန်ခိုင်းလိုက်၊ ဆက်ပြီးလိုက်လာရင်အသက်ရှင်

လျက်နဲ့ ရှင်လူ့ဘဝမှာနေရမှာမဟုတ်ဘူး"

"ဖော့ကောင် ပြန်စမ်း"

"ဝူး…"

ကားပြန်ပြီးမောင်းထွက်သွားလေတော့သည်။

"ရန်နောင် ကားကိုမောင်းတော့"

လားမားကိုကားပေါ်သို့တက်ခိုင်းပြီး ကားပေါ်ရောက်သည်နှင့်

"ဒုတ်…"

"အင့်…"

နောက်မှနေ၍ စီစီဖူး…. ခေါင်းတင်နှင့်ဖမ့်အောင်ရိုက်ချ

လိုက်လေသည်။

နောက်ဘက်ကို ကြည့်တော့ ကားတစ်စီးမှ လိုက်လာခြင်း

မရှိပေ။

"ဘယ်ကိုမောင်းရမလဲ"

"အိမ်ကိုပဲ မောင်းတော့ ရန်နောင်"

❦❦❦



"ပွမ်း"

လားမားမျက်နှာကိုရေခွက်ဖြင့်ပက်လိုက်တော့မှ သတိပြန်

ရလာသည်။

"မင်း…မင်းတို့ဘာတွေလဲ"

"ဖြည်းဖြည်းပေါ့ရှင်… သိရမှာပေါ့"

"ဘာလဲ ငါ့ကိုပြန်ပေးဆွဲတာလား။ ငွေ ဘယ်လောက် လိုချင်

သလဲပြော"

"ခင်ဗျားဆီက ငွေထက်အရေးကြီးတာ ရှင် ခင်ဗျားကိုပြန်

လွှတ်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲပြော"

"ခင်ဗျားတို့ဖမ်းထားတဲ့ ဓာတုဗေဒပညာရှင်တွေ ဘယ်မှာထားလဲ"

"ဘာ...မင်းတို့ဘာတွေပြောနေတာလဲ..ငါမသိဘူး"

"ခင်ဗျားဆက်ပြီးငြင်းနေရင် ခင်ဗျားအတွက် ကံကောင်းမှာမဟုတ်ဖူး"

"ငါက ဘာသာရေးသမားကွ"

"ဟားဟားဟား.... ရှင်တော်တော်ရယ်ဖို့ကောင်းတယ် အဲလစ်"

"ဟင်.."

လားမားအမည်ရင်းကို ခေါ်လိုက်သဖြင့် အံ့အားသင့်သွားသည်။

"မင်းဘယ်သူ့ကိုခေါ်တာလဲ"

"မစ္စတာ အဲလစ်..ရှင် တခြားသူသာ ဟန်ဆောင်လို့ရမယ်ကျွန်မတို့ကိုဟန်ဆောင်လို့မရဘူး။ ရှင့်ကို ရုရှားအစိုးရလက်ထဲပြန်ပို့ရုံပဲ ရှိတယ်"

"မင်းတို့က ငါ့ကို ဘာအထောက်အထားနဲ့ ပို့နိုင်မှာလဲ၊ မိန်းမကိစ္စ တစ်ခုနဲ့ဖမ်းမယ်ဆိုရင် ဖမ်းလေ"





"ရှင့်ကို မိန်းမကိစ္စတစ်ခုနဲ့တော့ အပင်ပန်းခံပြီး ခေါ်မလားရန်နောင်ရေ..ပြလိုက်ပါဦး"

"ကဲ...ဒီမှာကြည့်"

ရန်နောင်တို့ရိုက်ယူထားသော ဓာတ်ပုံတွေကို ထုတ်ပြလိုက်သည်။

"ကနက်က မဖော်ပေမယ့် ကျုပ်တို့က ဒီဓာတ်ပုံနဲ့ ဒီထဲက တေားသံတွေနဲ့ ခင်ဗျားကို ဖမ်းနိုင်းလို့ရတယ်"

လားမားအတော်လေးကို ငြိမ်ကျသွားပြီး

"မင်းတို့ကတိတည်မယ်ဆိုရင်ပြောမယ်"

"စိတ်ချ...ခင်ဗျားဘက်က ပြောမှာသာပြောပါ"

"ပညာရှင်တွေကို ဘယ်မှာ ဖမ်းထားတယ်ဆိုတာ ဒုခေါင်းဆောင် အလက်ဇန္ဒားတစ်ယောက်ပဲသိတယ်"

"ခင်ဗျားညာတာ"

"ကျုပ်တကယ်မညာဘူး ရွှေနှင်းဆီဂိုဏ်းမှာ ကျုပ်တာဝန်တာ ငွေရှာရေးပဲ၊ တီထွင်မှုကိစ္စမှာ အလက်ဇန္ဒားနဲ့ ဂိုဏ်းချုပ်ကြီးက ကိုင်တယ်"

"ကောင်းပြီ...ဂိုဏ်းချုပ်ကြီးဘယ်မှာနေလဲ"

"ခု...ဗီယက်နမ်ကို ရောက်နေတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလက်ဖန္တာ့ကရော..."

"တိဘက်တောင်ပိုင်းဒေသက ( × × × ) မြို့လေးမှာနေတယ်"

"ရုပ်ရော နာမည်ရော ပြောင်းထားမှာပေါ့"

"ဟုတ်တယ်၊ အခု နာမည်က မစ္စတာကောင်း၊ ရှေးဟောင်း ပစ္စည်းတွေကို စုဆောင်းရောင်းဝယ်တဲ့ ကုမ္ပဏီတစ်ခုကိုဖွင့်ထား တယ်၊ ကျုပ်သိတာ ဒါအကုန်ပဲ"

"ခင်ဗျားကို နောက်ဆုံးမေးချင်တယ်"

"မေးပါ"

"မြန်မာပြည်က ဝင်းအောင်ကို ဘာလို့ သတ်ခဲ့ရတာလဲ"

"ဒီကောင်က မြန်မာပြည်ကိုပြန်ပြီးလာစ်ဖို့ကြိုးစားနေလို့ရှင်း ပစ်လိုက်တာ"

"သူ့ဖုန်းကရော"

"တရုတ်ပြည်မကြီးဘက်ကို ပို့ပြီးရောင်းစားထားတယ်"

"စီစီရှုး"

"ရန်နောင်"

"သူ့ဆီက သိချင်တာ ဒီထက်ပိုပြီး ရမှာမဟုတ်တော့ဘူး"

"ဒါဆိုလဲ... သက်ဆိုင်ရာကို အကြောင်းကြားလိုက်ပေါ့"

"မင်းတို့က ကတိမတည်ဘူး"





"စိတ်မကောင်းပါဘူး ဒဲလစ်"

စီစီရှုး ဖုန်းနံပါတ်လေးကို ကောက်နှိပ်ပြီး သက်ဆိုင်ရာကို အကြောင်းကြားလိုက်လေတော့သည်။

www.burmeseclassic.com

ရွှေနှင်းဆီဂိုက်ကြီးအတွက် ဘဏ္ဍာငွေရှာဖွေပေးနေသော အဲလစ်ကို ဖော်ထုတ်ဖမ်းဆီးလိုက်မှုကြောင့် ရွှေနှင်းဆီဂိုက်ကြီး တစ်ခုလုံးတုန်လှုပ်ချောက်ချားသွားသည်။

ထို့ကြောင့် ရန်နောင်နှင့် စီစီဖူးကို မြေလှန်ရှာပြီး အပြတ်ရှင်းရန်အတွက် လုပ်ဆောင်နေလေပြီ။

ရန်နောင်တို့ လုံခြုံရေးအတွက် သက်ဆိုင်ရာမှ အပြည့်အဝ တာဝန်ယူနိုင်ခြင်းမရှိသောကြောင့် ပုံစံမျိုးစုံဖြင့် နေထိုင်နေရလေသည်။



www.burmeseclassic.com



ဝင်းအောင်ဆီမှရခဲ့သော အခွေကို နှစ်ယောက်သား ကြည့်ရင်း ဖန်သားပြင်ပေါ်တွင် မြင်ရသောမြင်ကွင်းကို စိတ်ဝင်စားစွာကြည့်မိသည်။

“ဒါ... ရှီစီမေအီရဲ့ ငယ်ရုပ်ပုံပဲ”

“ဟုတ်မယ်... စီစီဖူး... သူ့ခေါင်းက သူ့ဖခင်ဖြစ်မယ်”

“အင်း...”

စီဒီအခွေမှာ ရုပ်သေဓာတ်ပုံ အခွေတစ်ခုဖြစ်သလို ရွှေနှင်းဆီဂိုက်အဖွဲ့အဓိကခေါင်းဆောင်ဓာတ်ပုံတွေပင်ဖြစ်သည်။

“ဟင်...”

“ဟာ...”

မြင်လိုက်ရသောဓာတ်ပုံကြောင့် နှစ်ယောက်လုံးစိတ်ဝင်စားသွားသည်။

ဓာတ်ပေါင်းဖိုစက်ရုံကြီးတစ်ခု၊ ထို့အပြင် ဓာတုလက်နက်ထုတ်လုပ်ရသည့်လက်နက်မျိုးစုံကို တွေ့မြင်နေရသည်။

“ရန်နောင်... ဟို ဒုံးကျည်ကြီးက ကြီးလိုက်တာ”

“ဟုတ်တယ်၊ ဒါ တစ်ခုခုအတွက် တီထွင်နေတဲ့ ဒုံးကျည်ပဲ ဖြစ်မယ်”

“ရွှေနှင်းဆီဂိုက်မှာ ကြီးမားတဲ့အကြံအစည်တစ်ခုခုတော့



www.burmeseclassic.com

www.burmeseclassic.com



ရှိနေပြီ"

"ဟုတ်မယ် ဓာတုဗေဒပညာရှင်တွေကို ဖမ်းဆီးခေါ်ဆောင်သွားတဲ့ ရည်ရွယ်ချက်က ရွှေနှင်းဆီဂိုဏ်းဟာ ကမ္ဘာကြီးကို ဒုက္ခပေး[...] တစ်ခုခုကို တီထွင်ခိုင်းမှာသေချာတယ်"

"ကျွန်မတို့ အချိန်မီပါ့မလား မသိဘူး"

"ကြိုးစားကြရမှာပေါ့"

"ကျွန်မတို့ တောင်ပိုင်းက အလက်ဇန္ဒြားဆီကို ခရီးထွက်[...] ပြင်ရတော့မယ်"

"ဆံနွယ်တွေ သိပ်ပြီးတော့လို့ တော့မရဘူးနော်၊ ရွှေနှင်းဆီဂိုဏ်းက ကောင်တွေ ကျုပ်တို့နှစ်ယောက်ကို မြေလှန်ပြီးရှာနေကြ[...] အခွင့်ကောင်းကိုစောင့်ပြီးထွက်ကြရမယ်"

"ခုနေတဲ့နေရာကရော စိတ်ချရမှု သိပ်မရှိဘူး"

"ကျုပ်တော့ ဒီညပဲ နေရာရွှေ့ပြီး တောင်ပိုင်းခရီးအတွက် ပြင်ဆင်ချင်တယ်"

"ကောင်းတာပေါ့၊ အိမ်ထဲမှာနေနေရတာထက် အပြင်မှာ လှုပ်ရှားပြီးနေတာကိုပဲနေချင်တော့တယ်"

"ကဲ... ဒါဆို အပြင်ထွက်ပြီး ရွှေနှင်းဆီဂိုဏ်းနဲ့ ကစားကြ[...]အောင်"





"သိပ်ကောင်းတဲ့အစီအစဉ်ပေါ့ရှင်"

ကားတစ်စီးဖြင့် နှစ်ယောက်သား ရုပ်ဖျက်ပြီးထွက်လာကာ

"ရှန်နော်၊ တစ်ခုခု စားရအောင်"

"ဟိုရှေ့က စားသောက်ဆိုင်မှာ စားကြမယ်"

"သဘောပဲ"

စားသောက်ဆိုင်ထဲကိုဝင်လာပြီး စားချင်တာတွေကို မှာစားနေစဉ်....

"ဗီဗီရေ"

"ဘာလဲဟင်"

"သေနတ်ကိုထုတ်ထားလိုက်တော့"

"ဟင်..."

"ကျုပ်တို့ကို ရွှေနှင်းဆီဂိုဏ်းကကောင်တွေ ဝိုင်းထားပြီ"

"မြေလယ်ခေါင်ကြီးမှာ ပစ်ရဲပါ့မလား"

"ဒီကောင်တွေ သေနတ်သုံးမှာမဟုတ်ဘူး၊ အဆိပ်အပ် သေနတ်တွေကို သုံးဖို့များတယ်"

"ရှင်ဘာကြောင့် ပြောနိုင်တာလဲ"

"ခုနက ဆိုင်ထဲကိုဝင်လာတဲ့လူတစ်ယောက် အပ်ဘူးလေးနဲ့ [...]လုံးလေးပြုတ်ကျသွားတာတွေ့လိုက်လား"



www.burmeseclassic.com

www.burmeseclassic.com



"အင်း..."

"အဲဒါ အဆိပ်အပ်နဲ့ ပိုက်လုံးလေးပဲ၊ တိဘက်လူမျိုးတွေ
အများဆုံးအသုံးပြုတဲ့ လူသတ်လက်နက်ပေါ့"

"ဆိုင်ကထွက်လာတာနဲ့ ဆော်လိမ့်မယ်ထင်တယ်"

"သေချာတယ်၊ ကျုပ်တို့ကားနားကိုရောက်မှာ တော
မဟုတ်ဘူး"

"ဘယ်လိုလုပ်မလဲ"

"ဟိုမှာတွေ့လား"

စားသောက်ဆိုင်ထဲမှ မီးချောင်းတွေကိုပြလိုက်သည်။

"ဒါတွေကို သေနတ်နဲ့ပစ်ပြီး ဆိုင်ထဲမှာ လှုပ်ရှုပ်ထွေး
အောင် လုပ်ရမယ်"

"ဒါမှ ဆိုင် ဘေးပေါက်ကနေ ထွက်နိုင်မှာ"

"ကောင်းပြီ"

"ကြရအောင်"

နှစ်ယောက်လုံးသေနတ်ကိုယ်စီထုတ်ကာ

"ဒိုင်း..."

"ချွမ်း..."

"ဟော..."





"ဟင်..."

"အို..."

ဆိုင်ထဲတွင် အော်ဟစ်သံများဆူညံပွက်လောရိုက်ပြီး
ထွေးသွားသောကြောင့်

"စီစီဖူး ဟိုမှန်ချပ်ကြီးကိုကိုယ်နဲ့ဆောင့်ပြီးခွဲထွက်တော့"

"ချွမ်း"

"ဝုန်း..."

နှစ်ယောက်သား မှန်ချပ်ကြီးကို ကိုယ်နှင့်ဆောင့်တွန်းပြီး
လမ်းကြားသို့ထွက်ခဲ့ကြလေတော့သည်။

ရန်နောင်တို့နှစ်ယောက် နောက်သို့ ရှေ့နှင်းဆီဂိုဏ်းသားများ
ကြပ်မကွာလိုက်လာခဲ့ကြသည်။

"ရန်နောင် ရှေ့မှာ"

"ဟင်..."

ရှေ့ဘက်ရှိလမ်းကြားထိပ်မှာလည်း ဝိတ်ဆို့ပြီး စောင့်နေကြ
သည့် လူစုကိုတွေ့လိုက်ရပြန်သည်။ ရန်နောင်တို့နှစ်ယောက် ပြေး
ဘာ ဝိတ်နေပြီဖြစ်သည်။

"စီစီဖူး ဟို တံခါးကို ကျော်တက်နှင့်၊ ကျုပ် ဒီကောင်တွေကို
တားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်ပါ တစ်ခါတည်းတက်ပါ"

"နှစ်ယောက် တစ်ပြိုင်တည်း တက်လို့မရတော့ဘူး ထ...
တော့"

စီစီဖူး စိတ်ထားသော သံတံခါးပေါ်သို့ ကျော်တက်ရှိန်...
ရန်နောင် သေနတ်နှင့်လှမ်းပြီး ဟန့်တားထားလေသည်။

"ရန်နောင် တက်ခဲ့တော့"

ရန်နောင် သံတံခါးပေါ်သို့ လျင်မြန်စွာတက်စဉ်

"ဝို..."

"ဒုတ်..."

"အ"

ရန်နောင့်ခြေထောက်ကို အဆိပ်မြားလေး စူးစိုက်ဝင်...
သည်။ အားခဲပြီးသံတံခါးကိုကျော်ပေမယ့် မျက်လုံးတွေ ကပြာ...
ပြီး ခေါင်းတွေပါ မူးဝေလာတော့သည်။

"ဝုန်း..."

"ဟင်..."

ထိုအချိန်တွင် ပေါက်ကွဲသံနှင့်အတူ မီးနီးလုံး ကြီး...
ဘာမှမမြင်ရအောင် စိတ်မှောင်သွားလေတော့သည်။

"ရန်နောင်ကို တွဲပြီးထွက်ကြရအောင်"





"ဟင်...ခေါင်"

စီစီဖူး လုံးဝ မျှော်လင့်မထားသော ဝုရင်ခေါင်ကိုတွေ့လိုက်ရသည်။ ဝုရင်ခေါင်နှင့် စီစီဖူးတို့ရန်နောင်ကိုတွဲပြီးလမ်းကြားမှ ထွက် လာ

"ဟိုမှာကားရပ်ထားတယ်"

ကားပေါ်သို့ရောက်သည်နှင့်

"ရန်နောင် ပေါင်ကနေ ခါးပတ်နဲ့စည်းထားလိုက် စီစီဖူး"

"အင်း"

ရန်နောင်ပေါင်ရင်းတွင် စီစီဖူး ခါးပတ်နှင့်တင်းကျပ်စွာစည်းထားလိုက်လေသည်။ ရန်နောင်မှာတော့ သတိလစ်လုလုဖြစ်နေပြီး...

"ခေါင် ဆေးရုံကိုမောင်းနေတာလား"

"မဟုတ်ဘူး ဘုန်းတော်ကြီးတစ်ပါးဆီ"

"ဘာလုပ်ဖို့လဲ၊ ရဲနောင်အဆိပ်တက်နေပြီ"

"ခု... သွားမယ့် ဘုန်းတော်ကြီးက အဆိပ်နဲ့ပတ်သက်ရင် ရွှမ်းတယ်"

ဝုရင်ခေါင် ကားကိုအမြန်ဆုံးမောင်းကာ ဘုန်းတော်ကြီးကျောင်းဝင်းတစ်ခုထဲသို့မောင်းဝင်လာခဲ့သည်။

ကျောင်းထဲသို့ ဝုရင်ခေါင် ပွေ့မသွားပြီး ဘုန်းတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဆေးကုခန်းဆီသို့ ခေါ်ဆောင်ခဲ့တော့သည်။

ဘုန်းတော်ကြီးမှ အစိမ်းရောင်ဆေးတစ်ခွက်ကို ရန်နောင်အားတိုက်ပြီး ခြေထောက်ကို ခွဲစိတ်မှုပြုလုပ်လေသည်။

"အကာလေးတို့ရောက်တာ စဉ္စနိုင်းလောက်ပဲ စောလို့နို့ဆိုရင် အကာလေးတို့လူ အသက်ရှင်ဖို့လမ်းမရှိတော့ဘူး"

"ရှင်..."

"ဟင်..."

"ဒီအဆိပ်က တိဘက်ရှေးဟောင်းလူမျိုးတွေ သုံးတဲ့အဆိပ်တစ်မျိုးပဲ၊ သိပ်ပြီး အဆိပ်ပြင်းတယ်၊ ကောင်းသွားမှာပါ။ တစ်နာရီလောက် ဆေးအရှိန်နဲ့ အိပ်ပါစေ"

"ကျေးဇူးတင်ပါတယ် ဘုရား..."

"ရပါတယ်ကွယ်၊ ဘုန်းကြီးတို့က လူတွေရဲ့အသက်ကိုကယ်တင်နေရတဲ့ လူတွေပဲ"

ဘုန်းတော်ကြီးထွက်သွားပြီး ဝှရင်ခေါင်နှင့် စီစီဇူး...ရန်နောင်ခုတင်ဘေးတွင် ထိုင်နေကြသည်။

"ရှင်က ဘယ်လိုလုပ်ပြီးပြန်ရောက်လာတာလဲ"

"ကျုပ် တိဘက်ကိုရောက်နေတာ (၅)ရက်လောက်ရှိသွားပြီ"





"ဟင်..."

"ခု ဘုန်းတော်ကြီးဆီမှာ ဆေးကုခံနေတာ"

"ရှင်အလွတ်လာခဲ့တာလား"

"မဟုတ်ဘူး။ တာဝန်နဲ့လာတာ၊ ကျုပ်အစားလူတစ်ယောက်အစားထိုးဖို့လုပ်တာကို ကျုပ်က လက်မခံဘဲလာခဲ့တာ"

"ကျွန်မတို့ ဒီမှာရှိတာ ဘယ်လိုလုပ်ပြီး သိတာလဲ"

"မထင်မှတ်ဘဲ တွေ့လိုက်တာပါ၊ ဒါကြောင့် နောက်ကနေလိုက်ခဲ့ရင်း မီးနီးဗုံးကို အသုံးပြုလိုက်တာ"

"တော်သေးတာပေါ့ရှင်"

"ဒါမှ ပန်းသုံးပွင့်စစ်ဆင်ရေးက အဓိပ္ပာယ်ရှိတော့မှာပေါ့၊ မဟုတ်ဘူးလား...ဟား...ဟား...ဟား..."

ဝှရင်ခေါင်အားပါးတရရယ်မောလိုက်သည်။

www.burmeseclassic.com

“ကျုပ်တို့ ခုသွားရမယ့်နေရာက တကယ့် သေမင်းပါးစပ်ထဲ

ကို သွားရသလိုပဲ”

“ဘာကြောင့်လဲ ခေါင်”

“တိဘက်တောင်ဘက်ဒေသဟာ ရွှေနှင်းဆီဂိုဏ်းရဲ့အစိ

ခြေကုတ်ယူပြီး လှုပ်ရှားနေတဲ့ဒေသ၊ အဲဒီ နယ်မှာ အာဏာပိုင်တွေ

ဩဇာမရှိဘူး”

“ဩဇာအာဏာ သက်ရောက်တာ ဘယ်သူလဲ”

“အလက်ဇန္ဒား ဆိုတဲ့လူပဲ၊ ဒီဒေသမှာ သူပြီးရင်ပြီးတယ်





သူ့ကို ဆန့်ကျင်တဲ့သူကတော့ နေ့မကူးဘူး”

“ဒီလောက်ထိပဲလား ခေါင်”

“ကျုပ်ပြောတာတောင် နည်းနေသေးတယ်”

“ဘယ်လိုပဲဖြစ်ဖြစ်၊ ကျွန်မတို့ကတော့ သွားရမှာပဲ”

“သွားမယ်ဆိုရင်တော့ ပြင်ဆင်သင့်တာတွေကို ပြင်ဆင်ပြီး

မှ သွားစေချင်တယ်”

“ဘာတွေ ပြင်ဆင်ရမှာလဲ ခေါင်”

“ပထမဦးဆုံး လုံခြုံစိတ်ချရတဲ့ နေရာတစ်ခုကို ကြိုပြီး ရှာရ

မယ်၊ သက်ဆိုင်ရာအဖွဲ့တွေကို အားကိုးယုံကြည်လို့မရဘူး ပြီးရင်

ကျုပ်တို့ရောက်နေတဲ့ ပုံစံက တစ်မျိုးဖြစ်ရမယ်”

“ခင်ဗျားဆိုလိုတဲ့သဘောက ရုပ်ဖျက်ဖို့လား”

“ရုပ်လည်းဖျက်ရမယ်၊ တိုးရစ်ပုံစံနဲ့ ဝင်မှဖြစ်မယ်”

“ကောင်းတဲ့အစီအစဉ်ပဲ၊ လုံခြုံစိတ်ချရတဲ့ နေရာရှာဖို့က

ဘယ်လိုလုပ်မလဲ”

“ဒီအတွက် ကျုပ်တာဝန်ယူတယ်၊ ကျုပ် မိတ်ဆွေတစ်

ယောက်ဆီကို အကူအညီ သွားပြီးတောင်းရမှာပဲ...ခြော်...ရန်နောင်”

“ဘာများလဲ...ခေါင်”

“ခင်ဗျားအခြေနေ...”



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းနေပါပြီ"

"ဒါဆိုရင် အပြင်ကိုသွားကြရအောင်"

"အပြင်သွားရင်သတိကတော့ အမြဲကာစ်နေမှဖြစ်မယ်"

"စိတ်ချ.. သေနတ်ထဲမှာ ကျည်က အပြည့်ပဲဟော့၊ လစ်ကြမယ်"

သုံးယောက်သား ပတ်ဝန်းကျင်အခြေအနေကို လေ့လာပြီး ထွက်ခဲ့ကြသည်။ ကားလမ်းပေါ်ရောက်တော့

"ဒီနေရာက သာယာသလောက်အန္တရာယ်တော့ကြီးတယ်"

ဝရင်ခေါင် ကားကို သတိနှင့်မောင်းနှင်ခဲ့ကြသည်။

"ခင်ဗျား မိတ်ဆွေက ဝေးလား"

"ဝေးတယ်၊ မြို့အစွန်ဘက်ကို သွားရမှာ၊ သူက နို့စားနွားတွေ မွေးတဲ့လူတစ်ယောက်"

"လူမျိုးက..ရော"

"တိဘက်လူမျိုးတစ်ဦးပဲ၊ ကျုပ်နဲ့ ဟောင်ကောင်မှာ ကျောင်းအတူတူတက်ခဲ့တာ၊ ယုံကြည်စိတ်ချရပါတယ်"

"ခုချိန်ထိတော့ ဘာအနှောင့်အယှက်မှ မတွေ့ရသေးဘူး"

စီစီဇူး ကားနောက်ဘက်ကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

ကားလမ်းမပေါ်တွင် သူတို့ကားတစ်စီးမှလွဲပြီး တခြားကားတစ်စီးမှမတွေ့။

"ဒတ်..ဒတ်..ဒတ်.."

မြေပြင်နှင့် အနီးကပ်ဆုံး ပျံသွားတဲ့ ရဟတ်ယာဉ်တစ်စီးကို လှမ်းမြင်းတွေ့လိုက်သဖြင့်

"အစိုးရပိုင် ရဟတ်ယာဉ်လား"

"မဟုတ်ဘူး။ ပုဂ္ဂလိကပိုင် ရဟတ်ယာဉ်ဖြစ်မယ်၊ ဟော ပြန်ပြီး လှည့်လာနေပြီ"

"ကျုပ်တို့ကားဘက်ကို ဦးတည်ပြီးလာနေတာ"

"ဟင်..."

ရန်နောင် စကားပင်မဆုံးသေးခင် ရဟတ်ယာဉ်မှ စက်သေနတ်နှင့်စတင်ပြီးပစ်ခတ်သည်။

"ဒတ်...ဒတ်...ဒတ်..."

"ဝှီး.."

ဝရင်ခေါင် ကားကို ကားလမ်းအတိုင်း ဆက်ပြီးမမောင်းတော့ဘဲ လမ်းဘေး ထင်းရှူးတောထဲသို့မောင်းဝင်ပြီး စိတ်ချရသည့်နေရာတွင် ကားကို ထိုးရပ်လိုက်လေသည်။ ရဟတ်ယာဉ်သည် ထင်းရှူးတောထဲတွင် ကြာရှည်စွာ ရစ်ဝဲပြီးမှပြန်လှည့်သွားလေသည်။

"ခေါင်.. ကားနဲ့ပြန်ပြီးထွက်လို့ဖြစ်ပါ့မလား"




သစ္စာမွန်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကားနဲ့မသွားရင် မလွယ်ဘူး ခရီးကဝေးတယ်"

"ကျွန်မတို့ကားကို စောင့်နေမှာတော့ သေချာတယ်"

"ဟုတ်တယ်၊ ဒီကောင်တွေ ဒီတောအပြင်ဘက်မှာ ခုလောက်ဆို ရောက်နေလောက်ပြီ"

"ဘယ်လိုထွက်မလဲ"

"ကားကို ထားခဲ့ပြီး လူချည်းသက်သက်ထွက်ရမှာပဲ၊ အပြင်ကို ရောက်တော့မှ အကောင်းဆုံးနည်းလမ်းကို ရှာဖွေရတော့မှာပဲ"

ထင်းရှူးတောထဲမှ ရန်နောင်တို့ သုံးယောက်ထွက်လာကြသည်။

"ဟိုမှာတွေ့လား"

"ဟယ်..."

ရွှေနှင်းဆီဂိုဏ်းကလူတွေ သစ်တောထဲသို့ ဝင်လာနေကြသည်။

ရန်နောင်တို့သုံးဦး ချုံကွယ်တွင် ပုန်းလျှိုးပြီး ဝေးသွားတော့မှ ကားလမ်းမဆီသို့ထွက်ကာ အခြေအနေကို ကြည့်မိသည်။

"ဒီကောင်တွေက နေရာစုံပဲဟေ့"

သစ်တောထဲမှ အထွက်လမ်းတွင် ဆိုင်ကယ်များ၊ ကားများနှင့် စောင့်နေကြသည့်သူတွေကို လှမ်းပြီးတွေ့နေရသည်။





"ကားတစ်စီးလာနေတယ် ဒေါင်"

အဝေးဆီမှ သိုးတွေတင်ဆောင်လာသော ကားတစ်စီးကို တွေ့လိုက်ရပြီး

"ရှေ့ကကွေ့ဆိုရင် ကားက အရှိန်လျှော့မှာ ပြေးတက်ကြရအောင်"

"အင်း..."

သုံးယောက်လုံး ကွေ့ဆီသို့ပြေးသွားကြပြီး အရှိန်လျှော့မောင်းလာသော ကားပေါ်သို့နောက်ဘက်မှ တက်ခဲ့ကြလေသည်။

ကားမောင်းသူက ဘာမှ မသိလိုက်ပေ။

ရန်နောင်တို့သုံးယောက် သိုးများကြားတွင် ပုန်းပြီး လိုက်ပါကာ ရွှေနှင်းဆီ လက်ပါးစေတို့ကို ထင်းရှူးတောထဲတွင် ထားရစ်ခဲ့လေတော့သည်။

"နံလိုက်တာကွာ"

"သည်းခံ...ရန်နောင်၊ ဒီလိုမှ မလိုက်ရင် သေမင်းခေါ်ဆောင်ရာနောက်ကို လိုက်ရမယ့်ဘဝကွ"

ကားရပ်သည်နှင့် ဆင်းလိုက်ကြစဉ် ကားဆရာ ရန်နောင်တို့



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..ဟုတ်ကဲ့"

ကားဆရာ အူကြောင်ကြောင်နှင့် ကျန်ရစ်ခဲ့သည်။

"ခရီးက ဆက်ရဦးမှာလား ခေါင်"

"မဝေးတော့ပါဘူး ဟိုရှေ့နားဆိုရင် ရောက်ပြီ"

"ဟိုရောက်ရင်တော့ ရေချိုးမှဖြစ်မယ်၊ လူတစ်ကိုယ်လုံးသိုး ချွေးနံ့တွေကမွှန်ထူနေတာပဲ"

"ချိုးစေရပါ့မယ်"

စကားတပြောပြောနှင့် လျှောက်လာကြရင်း ခြံကြီးတစ်ခြံသို့ ရောက်ခဲ့ကြလေသည်။

"ဟော့...အော်မွန်လူ"

"ဟာ..ဝရင်ခေါင်..လာကြဗျာ.."

သစ်သပ်ရပ်ရပ်လေး ဆောက်ထားသော အိမ်ကလေးဆီသို့ ဝင်ခဲ့ကြလေသည်။

"အလည်သက်သက်ပဲလား"

"ကိစ္စရှိလို့ အော်မွန်လူ"

"ဆို...ကျုပ်ဘာကိစ္စကူညီရမလဲ"





"ခင်ဗျားတို့နေမယ်ဆိုရင် ကျုပ်ခြံတစ်ခြံရှိတယ်"

"လူနေလား"

"မနေကြဘူး"

"ဘာဖြစ်လို့လဲ"

"မသိပါဘူးဗျာ၊ အဲဒီခြံကြီးကိုနံစာတိုက်ထားတဲ့ ခြံကြီး ဆိုပြီး ကျုပ်လည်းမနေရဲဘူး"

"အော်မွန်ရာ အယူမသီးစမ်းပါနဲ့"

"အယူမသီးလို့မရဘူးဗျာ လက်တွေ့ကြုံခဲ့ရတာ"

"ကဲ...လုပ်စမ်းပါဦး နားထောင်ရတာပေါ့"

"ကျုပ်က ဒီခြံကြီးကို ဈေးပေါပေါနဲ့ရလို့ ဝယ်ခဲ့တာ၊ ဝယ်ခါစကတော့ နွားတွေကို မွေးရင်းစားကျက်ကောင်းတယ်ပေါ့...ဝယ်ပြီး (၃)လလောက်ကြာတော့ ကျုပ်ဆီကို အဘိုးကြီးတစ်ဦး ရောက်လာတယ်၊ သူကဘာပြောသလဲ ဆို... အဲဒီခြံကြီးကနေ အမြန်ဆုံး ထွက်သွားပါ၊ မထွက်သွားရင် ဘေးဒုက္ခတွေ တွေ့ရမယ်တဲ့... ကျုပ်လည်းအဘိုးကြီးစကားကို သိပ်ပြီးအလေးမထားခဲ့ဘူး... ဒီလိုနဲ့ တစ်နေ့ ကျုပ်နွားတွေဝမ်းလျှောပြီးသေတာပဲ... ဘယ်အထိ ဖြစ်လာလဲဆို ကျုပ်မိသားစုထဲက ကလေးတွေကိုတောင်ကူးစက်ခဲ့တယ်...ဆေးရုံကိုအရောက်မြန်လို့မှသေခဲ့တာ...နောက်ပတ်ဝန်းကျင်

www.burmeseclassic.com



စကားတွေကို ပြန်ပြီးကြားရတာပဲ ဒီမြို့ကြီးကို ကျိန်စာတိုက်ထား တာတဲ့"

"ကျိန်စာကို ဘယ်သူက တိုက်ခဲ့တာလဲ"

"ဒီမြို့ကြီးကို အရင်ကပိုင်ဆိုင်တဲ့ သူဌေးကြီးလင်မယား ဘယ်သူ ဘယ်ဝါကြောင့် လဲတော့ မသိဘူး... ကြိုးဆွဲချပြီးလင်မယား နှစ်ယောက်စလုံးသေခဲ့ကြတယ်... ဒီလင်မယားကျိန်စာတိုက်ခဲ့တာ ပြောတာပဲကွာ... ငါကတော့ မနေရဲပဲ ဒီဘက်ကိုပြောင်းခဲ့တာ ပြန်ပြီးရောင်းတော့လည်းဝယ်မယ့်သူ မရှိဘူး"

"မြို့ကြီးကအခုတော့ကို ကျယ်သလား"

"ကျယ်တယ် အိမ်ကြီးကလည်းရှေးဟောင်းအိမ်ကြီး မင်းတို့နေမယ်ဆိုရင်သွားနေကြပေါ့"

"ကျေးဇူးတင်တယ် အော်မွန်လူ"

"ဘယ်လိုလဲ စီစီရူး နေရဲလား"

"မနေရဲစရာမရှိပါဘူး ရွှေနှင်းဆီကိုက်ထက်ကြောက် ကောင်းတဲ့အရာဆိုတာ မရှိလောက်ပါဘူး...ဒေါ်"

"ဘာလဲ စီစီရူး ကြောက်သတော့ပေါက်ပြီ၊ အော်မွန်လူ ကျုပ်တို့ကို ရေချိုးခွင့်ပြုပါဦး"

"ချိုးလေ၊ နောက်ဘက်မှာရေကန်ကြီးရှိတယ်"





"ကဲ... စီစီရူး မင်းအရင်သွားပြီးချိုးပေတော့ ပြီးမှကျုပ်နဲ့ ရန်နောင်သွားပြီးချိုးတော့မယ်"

ရန်နောင်တို့က အပြင်ထွက်ရင်အဝတ်အစားအပိုတစ်စုံကတော့ အရေးပေါ်အခြေအနေကြောင့် ယူလာတတ်သဖြင့် အဝတ်အစားလဲရန်အတွက်အဆင်ပြေခဲ့ကြသည်။

"ဝုရင်... မင်းတို့ထမင်းစားပြီးမှ ပြန်ကြကွာ"

"ကောင်းသားပေါ့"

"ဒါဖြင့် ငါစီစဉ်လိုက်ဦးမယ် ဟေ့"

"အေး..."

အော်မွန်လူ စားသောက်ရန် ပြင်ဆင်ချိန်တွင် ရန်နောင် နှင့် ချင်ခေါင် စကားကောင်းနေဆဲပင်။ ရှေ့ဆက်ရမည့် အန္တရာယ် လမ်းအတွက်ပြင်ဆင်ရမည့် ကိစ္စများကို တိုင်ပင်နေခြင်းပင်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

တောင်ဘက်ဒေသသို့သွားသည့်ရထားဘူတာသို့ရန်နောင်တို့သုံးယောက်တို့ရှစ်အသွင်ပုံစံဖြင့် ရောက်ရှိလာကြသည်။

"ရထားက (၆း၀၀) နာရီမှ ထွက်မှာဆိုတော့ အချိန်နည်းနည်းရသေးတယ်"

"ရှိ…"

"ဘာလဲဟာ"

ရထားဘူတာရုံတွင် လူတွေ ရုတ်ရုတ်သဲသဲဖြစ်သွားသည်။

ရထားဘူတာရုံလုံခြုံရေးသမားတွေက လူရှင်းနေသည့်လှမ်းပြီးတွေ့ခဲ့သောကြောင့် စိတ်ဝင်စားစွာကြည့်နေကြသည်။





"ရန်နောင် ..ဟို သူဌေးမကြီး"

"ဟုတ်တယ်"

"ရထားနဲ့ခရီးသွားမလို့နဲ့တူတယ်"

"အထူးရထားတွဲပေါ်သို့ ဘော်ဒီဂတ်အပြည့်နှင့် တက် သွားလေသည်။

"ဝန်ကြီးချုပ်ကတော်ထက်တောင်မြင့်နေပါလား"

"ဟုတ်တယ်…. သူဌေးမကြီးရဲ့ ဩဇာသက်ရောက်မှုကလေးဘူးကွ"

"ဪ…. စီစီဖုး…"

"ဘာလဲ ရန်နောင်"

"သူဌေးမကြီးဓာတ်ပုံကို ကွန်ပျူတာနဲ့ လေ့လာတာအကြောင်းမပြန်သေးဘူးလား"

"တိတိကျကျတော့ အကြောင်းမပြန်သေးဘူး နီးစပ်တာကတော့ သူဌေးမကြီးရဲ့မျက်နှာဟာ အပေါ်အရေပြားပိုင်းကိုအစားထိုးထားတယ်လို့တော့ ယူဆထားတယ်၊ တိကျအောင် ခေတ်မီရှာဖွေရေးကွန်ပျူတာတွေနဲ့တော့ ကြိုးစားနေကြတယ်"

"ဘော်…ဘူ…"

"ဟော…ရထား အချက်ပေးဥဩဆွဲနေပြီ…တက်ကြ၊ ရ



www.burmeseclassic.com

www.burmeseclassic.com



အောင်"

သူဌေးမကြီးတို့ ရထားတွဲနှင့် ရန်နောင်တို့တွဲက ရှေ့နှင့် နောက်ပင်ဖြစ်သည်။

"ရထားက ဘယ်လောက်စီးရမလဲ"

"တစ်ညနဲ့တစ်နေ့လောက်စီးရမှာ"

သိပ်မကြာ ရထားကြီးထွက်ပြီးထွက်သွားလေတော့သည်။

ရန်နောင်တို့က သုံးယောက်ကို တစ်ခန်းတည်း အတူတူ လိုက်ပါခဲ့ကြသည်။

"စီစီရှူး အိပ်ချင်ရင် အပေါ်သာတက်ပြီးအိပ်တော့"

"မအိပ်ချင်သေးပါဘူး"

"ဒေါ်... မင်းမိတ်ဆွေပြောတဲ့ ကျွန်စာကိစ္စတို ဘယ်လိုဖြစ် လဲ"

"ငါတော့ သိပ်ပြီး အယုံအကြည်မရှိဘူး၊ ဟိုရောက်တဲ့အခါ အခြေတစ်ခုတော့ ထွက်မှာပေါ့"

"ဒေါ်... ငါတို့တစ်ခုခုလုပ်ကြရင်ကောင်းမယ်"

"မင်းက ဘာလုပ်ချင်လို့လဲ"

"သူဌေးမကြီးတွဲ ဘက်ကူးပြီး အခြေအနေကိုကြည့်ရ အောင်"





"ကောင်းသားပဲ၊ ခုတော့ စောသေးတယ်၊ မိုးချုပ်မှ ရထား ခေါင်မိုးပေါ်ကနေ ကူးကြမယ်"

"ကျွန်မပါလိုက်ခဲ့ရမလား"

"စီစီရှူး...နေခဲ့ပါ"

ရထားကြီးမှာ အမှောင်ထုထဲကို စတင်ပြီးရောက်ရှိနေလေပြီ ဖြစ်သည်။ ရန်နောင်နှင့် ဝုရင်ဒေါ် ညဝတ်ဝတ်စုံကိုလဲပြီး ပြတင်း ပေါက်မှ ရထားအမိုးပေါ်သို့ ရအောင်တက်ခဲ့ကြသည်။

"ဒေါ် ...သတိထား"

"စိတ်ချ"

ရထားအမိုးပေါ်သို့ရောက်ပြီးရထားကြီးသည် တောင်လိုက် အစ်ခုထဲသို့ ဝင်နေပြီဖြစ်သဖြင့်

"ရန်နောင် ဝင်နေတော့"

"အေး..."

"ဝေါ......"

လိုက်ဂူကြီးထဲမှ ပဲ့တင်သံတွေကို နားအူမတတ် ကြားလိုက် ရ၊ လိုက်ဂူထဲက ထွက်တော့မှ နားသက်သာရတော့သည်။

"ကူးကြရအောင်"

"ဖြေးဖြေးလုပ်ပါစေ"



www.burmeseclassic.com

www.burmeseclassic.com



ရထားအမိုးပေါ်မှ ခြေသံမကြားရအောင် ကူးရုံပြီး အမိုး

အပေါက်မှအောက်ကိုကြည့်မိကြသည်။

သူဌေးမကြီးက သီးသန့်အခန်းတွင် ရှိနေမည့်အသွင်

အခန်းရှေ့တွင်အစောင့်တွေက အပြည့်စောင့်လျက်...

"ဒေါင်...အခန်းဘက်ကိုသွားကြမယ်"

"လျှောက်လို့မရဘူး။ ရထားအမိုးကပျော့တယ်၊ ဝင်ပြီးသွား

မယ်"

ရထားအမိုးပေါ်တွင် ဝပ်လျက် သူဌေးမကြီး လွန်ရှုံးနော်

အခန်းဘက်ဆီကို ရောက်တော့ သေးငယ်သော အပေါက်ကလေး

အောက်ကိုကြည့်မိကြသည်။

"ဟင်..."

"ဟာ..."

သူဌေးမကြီး လွန်ရှုံးနော်ဇာ တစ်ယောက် မျက်နှာ

အရေပြားအတုကို ခွဲခွာပြီးမျက်နှာသန့်စင်နေသည်။

နဂိုမူလမျက်နှာကိုရန်နောင်နှင့်ဝုရင်ဒေါင် ကောင်းစွာမြင်

သားလိုက်လေသည်။

လွန်ရှုံးနော်ဇာ မျက်နှာကို ဆေးကြောပြီး မျက်နှာအရေ

ပြန်ပြီးတဝ်ကာ အခန်းအပြင်သို့ထွက်သွားလေသည်။





"ဒေါင်... ဒါအခွင့်အရေးပဲ၊ ငါ အခန်းထဲကိုဝင်ပြီး ပစ္စည်း

တစ်ခုခုကိုရအောင်ယူရမယ်"

"ကောင်းတယ်...မြန်မြန်လှုပ်ရှားတော့"

ရန်နောင် ပြတင်းပေါက်မှ လွန်ရှုံးနော်ဇာ အခန်းထဲကို

ဝင်ကာလက်ဆွဲသေတ္တာလေးထဲမှ လေဆာပြားလေးတစ်ခုကိုယူကာ

ပြန်ပြီးတက်လာခဲ့တော့သည်။

"သွားကြရအောင် ဒေါင်..."

သူတို့တွဲဘက်သို့ကူးလာကာအခန်းထဲသို့ပြန်ဝင်ခဲ့သည်။

"ဘာတွေ့ထူးလဲ...ရန်နောင်..."

"သူဌေးမကြီး လွန်ရှုံးနော်ဇာဟာ မျက်နှာအတုနဲ့"

"ဟင်..."

"သူ့ရဲ့နဂိုမျက်နှာကိုတော့ မျက်လုံးနဲ့ ကောင်းကောင်းမှတ်

ထားတယ်"

"နောက်ရော ဘာထူးခြားသေးလဲ"

"ရော့...လေဆာပြားလေးတော့ ယူလာတယ်"

စီစီဖူးလေဆာဓာတ်ပြားလေးကို ကိုင်တွယ်ကြည့်ပြီး

"ဒါ...လျှို့ဝှက်ချက် လေဆာဓာတ်ပြားလေးပဲ၊ ရိုးရိုး

ကွန်ပျူတာ နဲ့ရှာဖွေလို့မရဘူး အဆင့်မြင့်တဲ့ကွန်ပျူတာနဲ့ လုပ်ထား



www.burmeseclassic.com

www.burmeseclassic.com



တာ"

"ဒါဆိုရင်နောက်ကအဖွဲ့တွေဆီပို့ပေးပြီး ဖော်ထုတ်မှဖြစ်မှာပေါ့"

"အင်း…ခုလောလောဆယ်တော့ သိမ်းထားရမှာပဲ၊ ဟိုရောက်မှာပဲပို့တော့မယ်"

"ဒီလေဆာပြားပျောက်သွားတာ သိတာနဲ့ တော်တော်လေး ဂယက်ရိုက်မှာတော့ သေချာတယ်"

"သိပ်သေချာတာပေါ့ရှင်၊ ဒီလေဆာပြားလေးဟာ ရွှေနှင်းဆီဂိုဏ်းကြီးရဲ့အသက်သွေးကြောတစ်ခုဖြစ်ဖို့ပဲ လိုတယ်"

"ကဲ… တစ်မှေးလောက်အိပ်ကြတာပေါ့"

"အိုကေ…"

သုံးယောက်သား အသီးသီးနေရာယူလိုက်ပြီး အိပ်ကြလေတော့သည်။

တိဘက်တောင်ပိုင်းဒေသသို့ ရထားကြီးက ခုတ်မောင်းနေလေပြီ။

ခြံကြီးမှာ လူနေခြင်းမရှိသောကြောင့် ခတ်ထားသောသော့မှာ သံချေးများတက်ပြီး နေလေသည်။ ခြံဝန်းထဲသို့ လှမ်းပြီးကြည့်လိုက်တော့ သစ်ပင်ကြီးများ ချုံနွယ်တို့ဖြင့် အုပ်ဆိုင်းနေလေသည်။

အိမ်ကြီးကိုတော့ မမြင်ရသေးပေ။

"ကျွန်မတို့အထဲကို တော်တော်လေးဝင်ရမယ့်ပုံပဲနော်"

"ဟုတ်တယ်"

ဝုရင်ခေါင် သံချေးတက်နေသော သော့ကြီးကိုဖွင့်ပြီး ဝင်ခဲ့ကြတော့သည်။

"လမ်းတွေတောင် မတွေ့ရတော့ဘူး"

ချုံနွယ်မြက်ရိုင်းတွေကြားမှ လျှောက်လာခဲ့ကြရင်း…

အိုဟောင်းဆွေးမြေ့နေသော အိမ်ကြီးကိုလှမ်းပြီး တွေ့လိုက်





www.burmeseclassic.com

www.burmeseclassic.com



ရလေသည်။

"ဒေါင် မိတ်ဆွေပြောသလို ကျောတော့ ချမ်းစရာကောင်းသားပဲ"

"ကျုပ်တို့အတွက် စိတ်ချရမယ့်နေရာက ဒီနေရာပဲရှိတယ်"

အိမ်တံခါးတွေမှာ ပြုပြင်ခြင်းမရှိသောကြောင့် ပျက်စီးနေလေသည်။ ဂုရင်ဒေါင် တံခါးချပ်ကို တွန်းလိုက်သည်နှင့်

"ဂုန်း..."

"ဟာ..."

တံခါးချပ်ကြီးမှာ လဲကျသွားလေသည်။

"တော်တော်ကိုဆွေးနေတာပဲ"

"နေလို့ရော ရပ့်ါမလားမသိဘူး"

"ဘာဖြစ်လို့လဲ စီစီရူး"

"တော်ကြာ အိမ်ကြီးပြိုကျမှဖြင့်"

"ဒီလောက်ထိတော့ မဟုတ်သေးပါဘူး"

အိမ်ထဲကိုရောက်တော့ အပေါ်ထပ်သို့တက်သည့် လှေကားတွေကလည်း မနင်းရဲလောက်အောင် ဆွေးနေရသည်။

"ရန်နောင် အောက်မှာပဲ နေကြရအောင်"

"စီစီရူး သဘော"





"ဒါဖြင့် အခန်းတွေကို ကြည့်ရအောင်"

"ကျွိ..."

ပထမဦးဆုံးအခန်းတံခါးကိုဖွင့်လိုက်တော့

"ရှူး..."

"ဒေါင်...မြွေ...မြွေ..."

"ဝိုး..."

"ခုတ်."

ရန်နောင် လျင်မြန်စွာ ဓားမြှောင်ဖြင့် ပေါက်လိုက်သောကြောင့် မြွေကြီးကို စိုက်ဝင်သွားလေသည်။

"ဟူး...မလွယ်ပါလား"

မြွေကြီးကို ပြတင်းပေါက်မှ အပြင်သို့ပစ်လိုက်ပြီး

"ဒီအခန်းဆို တို့ (၃) ယောက်အတွက် အဆင်ပြေတယ်"

"ဒါဆိုရင် ရှင်းကြတာပေါ့"

အခန်းထဲတွင် ရှုပ်ပွနေသော အမှိုက်များ ဖုံမှုန့်များကို ရှင်းလင်းလိုက်ပြီး တစ်ဖက်ခန်းတွေဆီက ခုတင်တွေကို သယ်ဆောင်လာကြလေသည်။

အားလုံးပြီးဆုံးသည်နှင့်

"ကဲ...အခန်းအတွက်တော့ပြီးပြီ၊ စားသောက်ဖို့ ချက်ပြုတ်ရ



www.burmeseclassic.com

www.burmeseclassic.com



မယ်နေရာနဲ့ ရေချိုးဖို့ကိစ္စ စီစဉ်ပါဦး"

"တဖြည်းဖြည်းတော့ ဖြစ်လာမှာပေါ့"

အိမ်ကြီးထဲမှာရှိသည့်အခန်းအားလုံးကို လျှောက်ကြည့်ပြီး

"ဒီမှာ နောက်ဖေးခန်းကွ၊ ချက်ပြုတ်ဖို့အတွက်တော့ မပူပါနဲ့ဘူး။ ပစ္စည်းက အစုံပဲ"

"ဒေါင်...."

"ဘာလဲ ရန်နောင်"

"မင်း ဒီပစ္စည်းတွေကို ကြည့်စမ်း"

"ဘာဖြစ်လို့လဲ"

"ဒေါင်...ရှင်ကစုံထောက်တစ်ယောက်လုပ်ပြီး ညှို့လိုက်တာ ပစ္စည်းတွေက လူသုံးခဲ့ထားတဲ့ပုံ၊ မတွေ့ဘူးလား"

"ဟာ... ဟုတ်တယ်၊ မီးဖိုကလည်း မကြာခဏ ချက်ပြုတ်ထားတဲ့အနေအထားရှိတယ်၊ တကယ်ဆို ဒီပစ္စည်းတွေပါ ဖုံတက်နေရမှာ၊ ပြီးတော့ မီးဖိုက ရှင်းလင်းနေတယ်"

"ဒါဖြင့် ဒီအိမ်ကြီးမှာ အော်မွန်လူတို့ မိသားစုမရှိတဲ့နောက် ပိုင်း နေတဲ့လူ ရှိနေပြီ"

"ဘယ်လိုလုပ်မလဲ"

"ဘယ်သူဘယ်ဝါဆိုတာကို သိအောင်လုပ်ရမှာပေါ့"





"လောလောဆယ် ရေချိုးဖို့ ရှာကြပါဦး"

"အိမ်ကြီးထဲမှာ ရေချိုးခန်းကတော့ ရှိမှာပဲ၊ ဟိုဘက်က အခန်းလား မသိဘူး"

အခန်းတံခါးကို ဖွင့်မည်အပြု

"စိစိဖူး မဖွင့်နဲ့ဦး"

"ဘာလို့လဲ"

"တံခါးက လူဝင်ထွက်ထားတဲ့တံခါး"

"သေချာသလောက်တော့ရှိနေပြီ"

ဖွင့်လိုက်တော့ ရေချိုးခန်းတစ်ခုဖြစ်နေသည်။

ရေချိုးခန်းထဲတွင် ယောကျ်ားလေးအသုံး အဆောင်ရော မိန်းကလေးအသုံးအဆောင်တွေပါ တွေ့ရသောကြောင့်

"တစ်ယောက်တည်းမဟုတ်ဘူး၊ စုံတွဲဖြစ်ဖို့များတယ်"

"ဒီကိစ္စကို နောက်မှရှင်း..... ရေချိုးတော့မယ်၊ ရှင်တို့နှစ်ယောက်လုံးထွက်"

"ကျိုင်း..."

စိစိဖူး အခန်းတံခါးကိုပိတ်ပြီး ရေချိုးနေလေတော့သည်။

အခန်းအပြင်မှာတော့

"ဒေါင်ရေ... ပထမဦးဆုံးကိစ္စကို အရင်ရှင်းပြီးမှ တို့ကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်ရမယ်"

"ဟုတ်တယ်၊ ဒီမှာ နိုအောင်းနေတဲ့သူက ဘယ်သူတွေလဲ၊ လူကောင်းလား လူဆိုးလား ဆိုတာ အဖြေအရင်ရှာရမယ်"

"နောက်တစ်ခု သတိထားမိတာ ရှိသေးတယ်"

"ဘာလဲ ရန်နောင်"

"သူတို့ အိပ်တဲ့အခန်းကို မတွေ့ရသေးဘူး"

"အပေါ်ထပ်မှာရော မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး။ အပေါ်ထပ်ကိုတက်တဲ့လှေကားက အရမ်းဟောင်းနွမ်းနေပြီ၊ လူတက်ထားတဲ့ အနေအထားတော့ မရှိဘူး"

"အင်း... စိတ်ဝင်စားဖို့တော့ ကောင်းနေပြီ"

"ကဲ... ရှင်တို့ဝင်ပြီးချိုးတော့"

စီစီရူး ရေချိုးပြီးထွက်လာပြီဖြစ်သဖြင့် ရန်နောင်နှင့် ဝှရင်ခေါင် တို့ ရေဝင်ချိုးရတော့သည်။

သူတို့ တိဘက်တောင်ပိုင်းဒေသကို ရောက်ရှိနေကြ ညနေ စောင်းနေပြီး နေထိုင်ဖို့ပြင်ဆင်ခြင်းနှင့် မိုးချုပ်စပြုလေပြီဖြစ်သည်။

အခန်းထဲတွင် ညနေစာအတွက် အဖြင်မှဝယ်လာသော အစားအသောက်များကို စားသောက်ပြီး ပြတင်းတံခါးကို ပိတ်စဉ်

"ရန်နောင်..."





"ဘာလဲ စီစီရူး..."

"ကျွန်မ နားထဲမှာ မြင်းခွာသံလိုလိုကြားတယ်"

"ဟင်..."

"ဟာ..."

အဝေးဆီမှ မြင်းခွာသံက ခပ်လွင့်လွင့်ကလေးကြားနေရလေသည်။

"ကျုပ်တို့ဘက်ကို ဦးတည်ပြီးလာနေတာ"

"ဟုတ်တယ်"

"မီးပိတ်ပြီး အခြေအနေကို စောင့်ကြည့်ရအောင်"

ရှီးဆောင် ဓာတ်ခဲမီးအိမ်လေးကို မှိတ်ပြီး မြင်းခွာသံကြားရသည့်ဘက်ကို စောင့်ကြည့်နေကြသည်။

မြင်းခွာသံက တဖြည်းဖြည်း နီးကပ်လာပြီး ပျောက်ကွယ်သွားသဖြင့်

"မြင်းကိုဆက်ပြီး မစီးတဲ့သဘောဘာပဲ"

"ခေါင်... ခင်ဗျားနဲ့ကျုပ် အပြင်ကိုထွက်ကြရအောင်"

"ကောင်းသားပဲ"

အခန်းအပြင်သို့ထွက်ပြီး နောက်ဖေးဘက်ကို ခြေသံလုံစွာခြင်းထွက်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှမှာ..."

လရောင် စမ်းတဝါးဝါးအောက်တွင် လူသဏ္ဍာန် (၂)ခုကို တွေ့မြင်နေရလေသည်။

"မတိုက်ခိုက်နဲ့ဦး။ သူတို့ဘာလုပ်မလဲဆိုတာကို အစအဆုံး စောင့်ကြည့်ရမယ်"

"အင်း..."

ရန်နောင်တို့လူနှစ်ယောက်ကို အနီးကပ်ထိုးမြင်နေရလေပြီ။ ယောက်ျားတစ်ယောက်နှင့်အမျိုးသမီးတစ်ယောက်မြင်းအ တစ်ကောင်တည်း။ အိမ်ကြီး၏နောက်ဖေး သစ်ပင်တွင် မြင်းကိုချည် နှောင်ကာ အိမ်ကြီးဘက်သို့လျှောက်သွားကြသည်။

"ဒေါင်...နောက်ကနေလိုက်မယ်"

အိမ်ကြီးနောက်ဖေးပေါက်မှ အိမ်ကြီးထဲသို့ဝင်ကာ လက်ထဲ မှာအသင့်ပါလာတဲ့ မီးအိမ်ကို မီးညှိလေသည်။

"လေဒီ..."

"ရှူး..."

"ညွှန်ခန်းက စုံတွေ စားပွဲတွေ တစ်မျိုးဖြစ်နေသလိုပဲ"

"ဟုတ်တယ်၊ ကျွန်တော်ပြောပြီးကျွန်တော်တို့လာပြန်ပြီနဲ့တူတယ်"

"ဟုတ်မှာပေါ့၊ ဒီကောင်တွေ ဒီနေရာကို ဘိန်းအရောင်း





အဝယ်စခန်းလို့ သဘောထားတာ၊ အရေးကြီးတာက ငါတို့နေတဲ့ နေရာကို မသိဖို့ပဲ"

"သိနိုင်စရာတော့ မရှိပါဘူး"

"ကဲ...ဒီနေ့လည်း ပင်ပန်းကြပြီ၊ စောစောအိပ်ကြတာပေါ့"

"ဒီ...ဒီ...ဒီ..."

နံရံထက်မှာ ကပ်ပြီးထားသော ပန်းအိုးကိုလှည့်လိုက်သည် နှင့် မြေအောက်ခန်း အဝင်တံခါးကြီးပွင့်သွားသည်နှင့် နှစ်ယောက် လုံး မြေအောက်ခန်းထဲသို့ ဆင်းသွားကြသည်။

"ဒီ...ဒီ..."

မြေအောက်အဝင်တံခါးကြီး ပြန်ပိတ်သွားတော့မှ ရန်နောင် နှင့် ဝုရင်ဒေါင် မြေအောက်တံခါးနေရာကို ကြည့်မိကြ၏။

"တကယ်သေသေသပ်သပ်ပဲ၊ ခင်ဗျားမိတ်ဆွေက ဒီမြေအောက် တံခါးရှိတာကိုတော့ မပြောလိုက်ဘူးနော်"

"ဟုတ်တယ်၊ သူ သတိလစ်တာလား၊ သူကိုယ်တိုင်က မသိ တာလားတော့ မသိဘူး"

"ဘာလုပ်ကြမလဲ"

"ကျုပ်တို့ အဖြေတစ်ခု သိရအောင် ဝင်ကြည့်မယ်၊ ဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



နေကြရမှာဆိုတော့ ရှင်းစရာရှိတာကို ရှင်းထားရမယ်"

"စီစီဖူးကို ခေါ်ဦး"

"ဟိုမှာ ထွက်လာနေပါပြီ"

"ရှင်တို့နှစ်ယောက် မြေအောက်ခန်းထဲကို ဝင်ကြမလို့လား"

"မင်းလည်းတွေ့တယ်ပေါ့"

"အခန်းတံခါးဝကနေ ကြည့်နေတာလေ"

"ဟုတ်တယ်...အထဲကိုဝင်မယ်၊ ခေါင်ဖွင့်ကွာ"

"ဒီ...ဒီ...ဒီ..."

ခေါင်မှာ ပထမလုပ်ခဲ့သည့် ပုံစံအတိုင်း ဖွင့်လိုက်သည်နှင့် တံခါးကြီးပွင့်သွားလေသည်။

တံခါးကြီးအောက်တွင် လှေကားထစ်တွေပါ ဆက်ပြီးတွေ့ရသဖြင့် ဆင်းခဲ့ကြသည်။

"ဓာတ်မီး မသုံးနဲ့တော့"

အမှောင်ထုကို ကျင့်သားရနေသော မျက်လုံးများဖြစ်သော ကြောင့်မြေအောက်အခန်းရှည်ကြီးထဲသို့ လျှောက်လာရင်း အလင်းရောင်တစ်ခုကို လှမ်းပြီးတွေ့လိုက်ကာ





"အခန်းတစ်ခုပဲကွ"

ကွေ့နံရံမှ လှမ်းပြီးကြည့်လိုက်တော့

"အိမ်တစ်လုံးလိုပဲကွ၊ အားလုံး ပြည့်ပြည့်စုံစုံနဲ့ လူတွေက အခန်းထဲမှာရောက်နေကြပြီထင်တယ်"

"တစ်ယောက်မှမလှုပ်နဲ့နော်"

"ဟင်..."

ရန်နောင်တို့ကိုလူတစ်ယောက်သေနတ်နှင့်ထိုးပြီးချိန်ထား လေသည်။

"လေဒီ...သူတို့လက်ထဲက သေနတ်တွေကိုယူလိုက်"

လေဒီဆိုတဲ့ အမျိုးသမီး ရန်နောင်တို့လက်ထဲမှ သေနတ်တွေကို လှမ်းယူရင်း... စီစီဖူး ဆီမှအယူ

"ဖြောင်း..."

"အင်း..."

"ရော့..."

"ခွပ်..."

စီစီဖူးနှင့်ပြိုင်တူ ရန်နောင် လှုပ်ရှားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စီစီဖူးက လေဒီဆိုသည့်မိန်းမကို တိုက်ရိုက်သလို ရန်နောင်မှ ဘေးတွင်ရှိနေသူကို တိုက်ရိုက်လိုက်လေသည်။

"မင်းတို့ဘယ်သူတွေလဲ၊ ဘာလုပ်ချင်လို့လဲ၊ ရွှေနှင်းဆီဂိုဏ်းက လား"

"ဟင်..."

ရွှေနှင်းဆီဂိုဏ်းအသံကြောင့် (၃) ယောက်စလုံး အံ့သြသွား သည်။

"ကျုပ်တို့ဘယ်သူဆိုတာကို မပြောခင် မင်းတို့ဘယ်သူတွေ လဲဆိုတာကို အရင်ပြော"

"တစ်ခုတော့ရှိတယ်၊ ရွှေနှင်းဆီဂိုဏ်းကတော့ မဟုတ်ဘူး"

"ရွှေနှင်းဆီဂိုဏ်းကမဟုတ်ဘူးဆိုရင် ကျုပ်တို့နဲ့ ခင်ဗျားတို့ ကြားမှာရန်မရှိပါဘူး။ ဘာပြုတိုက်ချင်တယ်ဆိုလိုချင်တာအကုန်ယူသွား"

"ခင်ဗျားပြောတာတွေ တစ်ခုမှမဟုတ်ဘူး။ ကျုပ်တို့က ဒီအိမ် ကြီးပိုင်ရှင်ရဲ့မိတ်ဆွေတွေပဲ"

"ဪ.. ဒါဖြင့်ရင် အေးအေးဆေးဆေး ဆက်ဆံလို့ ပါတယ်"





ရန်နောင်တို့နှင့်အတူ ဝိုင်းထိုင်လိုက်ပြီး

"ခင်ဗျားတို့က ရွှေနှင်းဆီဂိုဏ်းကြီးကို ကြောက်နေတဲ့ပုံပဲ"

"ကျုပ်တို့နှစ်ယောက် အကြောက်ရဆုံးဂိုဏ်းပါ"

"ဘာကြောင့်လဲ"

"ရွှေနှင်းဆီဂိုဏ်းက ထွက်ပြေးခဲ့ကြလို့"

"ဟင်..."

"ခင်ဗျားတို့က ဒီအိမ်ကြီးကို အလည်လာတာလား"

"ဟုတ်တယ်လို့ပဲ ဆိုရမှာပေါ့၊ ကဲပါလေ၊ ရွှေနှင်းဆီ ဂိုဏ်း ကြီးကဘယ်လိုကြောင့် ထွက်ပြေးခဲ့ရတယ်ဆိုတာကို ပြောပြပါလား"

"ခင်ဗျားစကားကို နားထောင်ရတာ ရွှေနှင်းဆီဂိုဏ်းကြီးကို စိတ်ဝင်စားတဲ့သဘောမျိုးရှိတယ်"

"ဟုတ်တယ်"

"ရှင်တို့နှစ်ယောက် အဖြစ်မှန်ကိုပြောမယ်ဆိုရင် ရှင်တို့ နှစ် ယောက်အတွက် အကျိုးရှိမယ်"

"ရှင်တို့က သာမန်လူတွေ မဟုတ်ဘူးထင်တယ်၊ အစိုးရအဖွဲ့ တလား"



www.burmeseclassic.com

www.burmeseclassic.com



“မင်းပြောတာ မမှားပါဘူး၊ ကျုပ်တို့က ရွှေနန်းဆီဂိုဏ်း နောက်ကိုလိုက်နေကြတဲ့ နိုင်ငံသုံးခုကထောက်လှမ်းရေးတွေပါ”

“ဟာ..”

“ဟင်..”

“မင်းတို့ဘက်က ငါတို့နဲ့ပူးပေါင်းရင် မင်းတို့အတွက် ငါတို့ ကူညီမယ်”

“ဒီစကားကြားရတာ အရမ်းကိုကျေးဇူးတင်တယ်ဗျာ ပြောပြ ပါ့မယ်၊ ကျုပ်နာမည်က ဂျော့လူးစတား၊ ဗီယက်နမ်လူမျိုး သူက လေဒီဘတ်လို့ခေါ်တယ်၊ ဗီယက်နမ်ကပါပဲ၊ ပြီးတော့ ချစ်သူ တွေပါ”

“ရွှေနန်းဆီဂိုဏ်းထဲကို ဘယ်လိုလုပ်ပြီးရောက်တာလဲ”

“ကျုပ်တို့နှစ်ယောက်လုံး ရွှေနန်းဆီဂိုဏ်းရဲ့အမည်ခံကုမ္ပဏီ တစ်ခုမှာ ဝင်လုပ်ရင်း ငွေအမြောက်အမြားနဲ့ စည်းရုံးခြင်းကို ခံခဲ့ရ တာပါ...”

“ကျွန်မက ကွန်ပျူတာနဲ့ ဂျပန်ပြည်မှာ ကျောင်းပြီးခဲ့တဲ့သူ တော့ သူတို့က ကျွန်မကို အရမ်းလိုချင်ကြတယ်လေ၊ ငွေတွေပုံအော





ပြီး ပေးတာနဲ့ သူတို့ဂိုဏ်းထဲကို ရောက်ခဲ့တာပါ”

“သူတို့ဂိုဏ်းထဲမှာ မင်းတာဝန်ကဘာလဲ”

“ခေတ်ပေါင်းဖိုကြီးရဲ့ အဓိကကျတဲ့ ကွန်ပျူတာပိုင်းကို တာဝန်ယူခဲ့ရတယ်”

“ဂျော့လူးစတားကရော”

“ကျုပ်က အလက်ဖနွားရဲ့ကားကိုမောင်းရတဲ့သူပါ”

“ရှင်တို့ ငွေဒီလောက်ရနေတာတောင် ဘာလို့ထွက်ပြေးရ တာလဲ”

“သူတို့လုပ်ရပ်တွေကို စိတ်မသန့်တော့ဘူးဗျာ”

“ခင်ဗျားဘာတွေ စိတ်မသန့်စရာတွေနဲ့လို့လဲ”

“ရွှေနန်းဆီဂိုဏ်းက မူးယစ်ဆေးဝါး လက်နက်မှောင်ခို အလုပ်တွေကိုလုပ်တဲ့အပြင် လူသတ်ရမှာကို ကြက်ကလေး၊ ငှက် ကလေးတွေလို သဘောထားပြီး သတ်ဖြတ်နေတာတွေကို လက်ခံလို့ မရတာနဲ့ နှစ်ယောက်တိုင်ပင်ပြီး ထွက်ပြေးခဲ့ကြရင်း ဒီအိမ်ကြီးကို ရောက်ခဲ့တာပါ”

“ခင်ဗျားတို့နှစ်ယောက်ရောက်တာ ဘယ်လောက်ကြာပြီလဲ”



www.burmeseclassic.com

www.burmeseclassic.com



"တစ်လလောက်ပဲရှိသေးတယ်"

ဝုရင်ခေါင် မိတ်ဆွေကိုမကောင်းကြံသူတွေတော့မဖြစ်နိုင်ပေ။

"ဒီအိမ်ကြီးမှာ ခင်ဗျားတို့ထက်အရင် ဘယ်သူတွေ ရှိနေကြသေးလဲ"

"တောကျော်ဆိုတဲ့ အင်ဒိုနီးရှားလူမျိုးအဖွဲ့"

"သူတို့က ဒီမှာနေပြီး ဘာလုပ်တာလဲ"

"နေတာကတော့ မနေကြဘူး၊ မူးယစ်ဆေးဝါး ရောင်းဝယ်တဲ့အခါမျိုး တချို့ပစ္စည်းတွေကို သိမ်းတဲ့အခါမှ နေကြတာပါ"

"မင်းတို့နှစ်ယောက်နဲ့ ဆုံစွင့်ရတာ ကမ္ဘာကြီးအတွက် ကယ်တင်နိုင်ဖို့အတွက် အခွင့်အရေးတစ်ခု ရတာပဲ"

"ကျွန်မ သိခဲ့တာတွေကို ပြောပြပါ့မယ်"

"ကျေးဇူးတင်ပါတယ် လေဒီဘာတ်"

လေဒီဘာတ်က သူမတာတ်ပေါင်းဖိုကြီးမှာ တာဝန်ယူခဲ့ကြသည့် အခြေအနေများကို ပြောပြလေတော့သည်။ ထို့အတူ ကျော့လူး စတားကလည်း အလက်ဇန္ဒားနှင့် ပတ်သက်ပြီး ပြောပြလေသည်။

❀ ❀ ❀



အလက်ဇန္ဒားဖွင့်လှစ်ထားသော ရှေးဟောင်းပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီကြီးထဲသို့ ရန်နောင်တို့သုံးယောက် ဝင်ခဲ့လေသည်။

"ဘာပစ္စည်းများ လိုချင်ပါသလဲ"

"ရောမပြည်က ပစ္စည်းတချို့ကို ကြည့်ချင်လို့၊ ပြီးတော့ ရောင်းစရာလည်း ပါတယ်"

"ရောမပြည်က ပစ္စည်းတွေကို ကြည့်ချင်ရင် ကျွန်မနောက်လိုက်ခဲ့ပါ၊ ပစ္စည်းရောင်းချင်ရင်တော့ ဘော့(စ်)ကိုစောင့်ပါ"

"သူက ဘယ်အချိန်မှာ ရောက်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူက နောက်တစ်နာရီလောက်ဆိုရင် ရောက်ပါလိမ့်မယ်"

"လောလောဆယ် မင်းပြတဲ့ ပစ္စည်းတွေနောက်ကို လိုက်ကြည့်ကြတာပေါ့"

"ကောင်းပါပြီ လိုက်ခဲ့ပါ"

တိဘက်အမျိုးသမီးလေးနောက်ကို လိုက်ခဲ့ကြလေသည်။

ရှေးဟောင်းပစ္စည်းအမျိုးအစားများကို သူ့နိုင်ငံအလိုက်ထား၍ အခန်းလိုက်ပြထားလေသည်။

"ဒါလေးက ရောမပြည်ရဲ့ ပထမဆုံး ဘုရင်ရဲ့လည်ဆွဲလေးပါ"

အမျိုးသမီးလေးပြသော လည်ဆွဲလေးကို သေချာကိုင်ကြည့်ပြီး စိန်တွေနဲ့ စီထားသော လည်ဆွဲလေးမှာ တန်ဖိုးက မနည်းပေ။

ရန်နောင်တို့ တစ်ခန်းဝင်တစ်ခန်းထွက် ကြည့်နေရင်းအချိန်ကို ဖြုန်းနေလိုက်ကြသည်။

"ဘော့(စ်)လာပြီ"

ကုမ္ပဏီ ဝန်ထမ်းအားလုံး စကားသံပင်မကြားရအောင် ငြိမ်သက်သွားပြီး ကုမ္ပဏီထဲသို့ အလက်ဇန္ဒားတစ်ယောက် ခန့်ညားစွာဖြင့် ဝင်ရောက်လာသည်။ ဘေးတွင် ဘော်ဒီဂတ်(၅) ယောက်ခြံရံလျက်

"ဘော့(စ်)...နိုင်ငံခြားသားဧည့်သည်တွေက ပစ္စည်းပြချင်လို့တဲ့"





"အိုကေ... ငါ့အခန်းကိုခေါ်ခဲ့"

"ဟုတ်ကဲ့"

တိဘက်အမျိုးသမီးလေးက ရန်နောင်တို့ကို အလက်ဇန္ဒား အခန်းဆီသို့ခေါ်ဆောင်သွားပြီး

"ကဲ...ထိုင်ကြပါဧည့်သည်တော်တွေ၊ ဘယ်လိုပစ္စည်းများပြချင်တာလဲ"

"အေးအေးဆေးဆေးပေါ့ဗျာ၊ ကျုပ်တို့ပစ္စည်းက တခြားသူတွေ မသိစေချင်ဘူး"

"အိုကေ...ဟေ့ကောင်တွေ မင်းတို့ထွက်သွားကြစမ်း"

အလက်ဇန္ဒားက သူ့တပည့်တွေကို အပြင်ထွက်ခိုင်းလိုက်ပြီးနောက် စီစီဖွူးက သူ့ဘေးလွယ်အိတ်ထဲမှ လေဆာပြားလေးကို ထုတ်ပြလိုက်သည်နှင့်

"ဟင်..."

အလက်ဇန္ဒား မျက်လုံးကျွတ်မတတ်ဖြစ်သွားပြီး ရန်နောင်တို့သုံးယောက်ကို စူးစူးရဲရဲဖြင့်ကြည့်နေလေသည်။

"ဒီလေဆာခတ်ပြားလေးဟာ ရှေးနှင်းဆီဂိုဏ်းရဲ့ အသက်သွေးကြောတစ်ခုလို့ထင်ပါတယ်"

"မင်းတို့ ဘယ်သူတွေလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်တို့ ဘယ်သူဆိုတာက အဓိက မကျပါဘူး ဒီလေဆာ ပြားလေးကို သက်ဆိုင်ရာလက်ထဲကို ပို့လိုက်ရင် ရွှေနှင်းဆီဂိုဏ်း အတွက် ဘာတွေဖြစ်နိုင်တယ်ဆိုတာကို သဘောပေါက်မှာပါ"

"မင်းတို့စကားပလ္လင်မခံနေနဲ့ မင်းတို့ဘာလိုချင်လဲ ငွေလား"

"ဟုတ်တယ်....ငွေအတွက်လာခဲ့ကြတာ"

"ဘယ်လောက်လဲ"

"ဒေါ်လာ သန်း (၂၀)"

"များလှချည်လား"

"များတယ်ထင်ရင် ရတယ်လေ၊ ပြန်ကြရတာပေါ့"

"ဟေ့... နေကြဦး"

"ဘာလဲ...ကျုပ်တို့ပြောတာကို သဘောတူတယ်ပေါ့"

"အေး...သဘောတူတယ်၊ လောလောဆယ်တော့ ငွေက ငါ့ဆီမှာ မရှိသေးဘူး တစ်နာရီလောက်စောင့်"

"ကောင်းပြီ"

"ခင်ဗျား ကုမ္ပဏီထဲက မစောင့်ချင်ဘူး"

"မင်းတို့ ဘယ်နေရာကစောင့်မလဲ ပြောပါ"

"(×××)ဆိုင်ကစောင့်မယ်"

"ကောင်းပြီ...တစ်နာရီအတွင်း လာခဲ့မယ်"





ရန်နောင်တို့ပြန်ပြီးထွက်ခဲ့ကြတော့သည်။

"ဒေါင်... ငါတို့ပြင်ဆင်ထားတာတွေ ပြင်ပြီးပြီလား"

"ပြင်ပြီးပြီ... စိတ်ချ... ဒီကောင်ကြီးကိုဖမ်းဖို့ပဲရှိတယ်"

အလက်ဇန္ဒားကို ချိန်းဆိုထားသော နေရာကို ထွက်အလာ

"ရန်နောင်...နောက်မှာလိုက်လာကြပြီ"

"ငါတို့သုံးယောက် လှုပ်ရှားကြစို့"

"အေး.."

"စီစီရှုး...မင်း သတိတော့ မလစ်စေနဲ့"

"စိတ်ချ..."

ရန်နောင်နှင့်ဝဂျင်ဒေါင်က နောက်မှလိုက်ကြသူတွေကို အယောင်ပြပြီးခေါ်သွားချိန်တွင် စီစီရှုးက အလက်ဇန္ဒားရှိရာသို့ပြန်ပြီး လှည့်သွားလေသည်။

ကုမ္ပဏီနှင့်ပတ်သက်၍ လျှို့ဝှက်အပေါက်ကို ကျောလှစတား ဆီက သိထားပြီးဖြစ်၍ စီစီရှုးအလွယ်တကူ ဝင်ရောက်နိုင်လေသည်။

ကုမ္ပဏီ၏ အထူးလျှို့ဝှက်ခန်းတွင် အလက်ဇန္ဒားတစ် ယောက်လေဆာဓာတ်ပြားလေးအတွက် စိတ်ပူပန်နေသည်။

အလက်ဇန္ဒား ကိုယ်ရေးအရာရှိမိန်းကလေးက မိမိအခန်း ထဲ သို့ ဝင်မည်အပြုတွင် စီစီရှုးမှ



www.burmeseclassic.com

www.burmeseclassic.com



"ဟင်..."

"မင်း...မလှုပ်နဲ့နော်၊ ကျွန်မလက်ထဲက သေနတ်က စကား သိပ် မပြောဘူး"

"ရှင် ဘာဖြစ်ချင်တာလဲ"

"မင်းတို့ဘော့(စ်)အခန်းတံခါးကိုဖွင့်တဲ့ တံခါးနံပါတ်ကို ပြောပါ"

"ကောင်းပြီ...(××××××)ပါ"

"ဒုတ်..."

"အင့်"

စီစီရူး မလွဲသာသဖြင့် အမျိုးသမီး ဇက်ပိုးကို ရိုက်ချလိုက်ရလေသည်။

"ကျွီ..."

အလက်ဇန္ဒား၏ အခန်းတံခါးပွင့်သွားပြီး အထဲကိုဝင်လိုက်သည်နှင့်

"အလက်ဇန္ဒား...ရှင့်လက်တွေ ခြေတွေအားလုံးငြိမ်နေနော်၊ ရှင့်အခန်းထဲမှာ လျှို့ဝှက်လက်နက်တပ်ဆင်ထားတာတွေကို ကျွန်မသိထားတယ်"

အလက်ဇန္ဒား အေးဆေးစွာပင် ထရပ်ပြီး





"မင်းငွေအတွက်ရောက်လာတာမဟုတ်လား"

"မဟုတ်ဘူး"

"ဘာ...ဖြင့်"

"ရှင့်ကို ဖမ်းမလို့"

"ဟားဟားဟား... ငါ့ကို မင်းလို မိန်းကလေးက ဖမ်းမလို့... ရယ်စရာစကားတွေပြောနေတာလား"

"ဒုတ်..."

"အင့်..."

အလက်ဇန္ဒားတစ်ယောက် စားပွဲပေါ်က ခလုတ်တစ်ခုကို နှိပ်ညီအပြု စီစီရူး မေ့ဆေးသေနတ်ကို အသုံးပြုလိုက်ရတော့သည်။

အလက်ဇန္ဒား စားပွဲပေါ်တွင် မှောက်လျက် ကျသွားလေသည်။

စီစီရူးလက်က နာရီကိုကြည့်ပြီး ရန်နောင်နှင့် ဗုရင်ခေါင် တို့လာမည့်အချိန်ကိုစောင့်နေမိသည်။

ရှေ့နင်းဆိုင်ကာသားတွေ လက်က လွတ်ပုံမလားဟု စိတ်ထဲ ရှုန်မိလေသည်။

"စီစီရူး..."

"ရန်နောင်...ခေါင် ရော"



www.burmeseclassic.com

www.burmeseclassic.com



"အောက်မှာစောင့်နေတယ်"

"သွားကြမယ်"

ဖမ့်နေသော အလက်ဖန္နားကို ပခုံးပေါ်တွင် ရဲနောင် ထမ်းတင်ပြီး လျှို့ဝှက်တံခါးပေါက်မှ အောက်ကိုဆင်းလာခဲ့ကြတော့သည်။

"လက်ပါးစေတွေကို ရှောင်နိုင်ရဲ့လား"

"ရှောင်နိုင်တယ်...ဂျော့လူးစတားနဲ့ လေဒီဘာတ်တို့က လမ်းကနေ ဖြတ်ပြီးတားထားနိုင်တယ်"

"တော်သေးတာပေါ့"

ကုမ္ပဏီကြီး၏ လျှို့ဝှက်တံခါးပေါက်မှ အောက်ကိုရောင်သည်နှင့် အသင့်စောင့်နေသော ဂုရင်ခေါင် ကားပေါ်သို့တင်ကာ မောင်းထွက်ခဲ့လေသည်။

"ဂျော့လူးစတားနဲ့ လေဒီဘာတ်တို့ရော လွတ်မြောက်ရဲ့လား"

"လွတ်မြောက်မှာပါ။ သူတို့လမ်းကနေ ထောင်ချောက်ရိုက်တွေ ဂျုပ်ခဲ့တာကို ဒီကောင်တွေ သိမှာတောင်မဟုတ်ဘူး"

"သူတို့အတွက် နိုင်ငံကူးလက်မှတ်တွေရော"

"အားလုံး သံရုံးကနေ တစ်ဆင့်လုပ်ပြီးပါပြီ"

"ခေါင်..."

"ရန်နောင်"





"ရွှေနှင်းဆီဝိုက်ကြီးရဲ့ဇာတ်သိမ်းကို နောက်ဆုံး ရင်ဆိုင်ရတော့မယ်ဟေ့"

သုံးယောက်သား အမိပွာယ်ရှိစွာပြုံးလိုက်ကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

# ဇာတ်သိမ်းခန်း

"ဝုန်း..."

"ဟင်..."

ရန်နောင်တို့စီးလာသောရဟတ်ယာဉ်ကိုမြေပြင်မှ… ပစ် ဒုံးကျည်ကနောက်ပိုင်းပန်ကာကို ထိမှန်ပြီး ရဟတ်ယာဉ်… အောက်သို့ထိုးစိုက်သွားလေပြီးရဟတ်ယာဉ်မှူးကပ္ပတိန်မှအတတ်… နိုင်ဆုံးကြိုးစားပြီး ရဟတ်ယာဉ်ကို ထိန်းကာ မြစ်ထဲသို့ ထိုးချလိုက်… သည်။

"ဝုန်း..."

ရန်နောင်၊ ဝုရင်ခေါင်၊ စီစီဖူးတို့သုံးဦးနှင့် ကွန်မန်ဒိုစစ်သည်… (၂)ဦးတို့ ရေပြင်ပေါ်သို့တက်ခဲ့ပေမယ့်ရဟတ်ယာဉ်ကပ္ပတိန်ကတော့… ပြန်ပြီးတက်နိုင်ခြင်းမရှိတော့ပေ။





"ဘုတ်...ဘုတ်...ဘုတ်..."

"ဟာ..."

စပီဘုတ်(၃)စင်းနှင့်လက်နက်ကိုင်ဆောင်ထားသောမျက်နှာဖုံးစွပ်လူဆိုးတွေ ရန်နောင်တို့ (၅)ဦးကို ဝိုင်းရံထားလိုက်တော့သည်။

ဘယ်လိုမှ လွတ်လမ်းမရှိသောကြောင့် လူဆိုးအဖွဲ့ခေါ်ဆောင်ရာနောက်သို့လိုက်ပါသွားခဲ့ကြတော့သည်။

စပီဘုတ်ပေါ်မှ ကမ်းပေါ်သို့ရောက်သည်နှင့် သံတိုင်များ…ကာရံထားသော ကားတစ်စီးပေါ်သို့ တက်စေကာ ဆက်ပြီး ခေါ်ဆောင်လာခဲ့သည်။

"ရန်နောင်"

"ဘာလဲ ခေါင်"

"ဒီ တရုတ်နဲ့ ရုရှားကြားမှာရှိတဲ့ ကန္တာရနယ်မြေတစ်ခုပဲ၊ …မြေက ပြည်နယ်ခွဲထွက်ရေးသမားတွေ စိုးအောင်းတဲ့ အမည်း…နယ်မြေတစ်ခုပဲ"

"ကျုပ်တို့လိုက်နေတဲ့အဖွဲ့က ခွဲထွက်ရေးသမားတွေနဲ့ ပတ်…နေသလားမသိဘူး"

"ပြောလို့တော့ မရဘူး ဖြစ်ဖို့က များတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကန္တာရထဲတွင် တစ်နာရီလောက်မောင်းခဲ့ပြီး တောင်ကြီး တစ်ခုသို့ရောက်ခဲ့ကြသည်။

"ကဲ...ဆင်းကြ"

ရန်နောင်တို့ကို ကားပေါ်မှ ဆင်းခိုင်းပြီး တောင်ကြီးနား ခေါ်ဆောင်လာ၏။

"ကျို...ကျို..."

"ဟင်..."

တောင်ကြီးအောက်ခြေမှ ကျောက်တံခါးချပ်ကြီး ပွင့်ထ သွားတော့သည်။

"ဒါ..တောင်ပုံသဏ္ဌာန်လုပ်ထားတဲ့ ဓာတ်ပေါင်းဖိုကြီးပဲ"

"ဟုတ်တယ် ရန်နောင်"

ဓာတ်ပေါင်းဖိုကြီးထဲသို့ ခေါ်ဆောင်လာစဉ် တွေ့မြင်နေရ မြင်ကွင်းတွေကြောင့် ထိတ်လန့်မိသည်။

ကမ္ဘာ့သိပ္ပံပညာရှင်ကြီးတွေကိုဖမ်းဆီးပြီး ဓာတ်ပေါင်းဖို တွင် အသုံးချခိုင်းစေနေခြင်းဖြစ်သည်။

မှန်ချပ်ကြီးဖြင့်တီထွင်ထားသော ဒုံးပျံကြီး...ခုကိုတွေ့ လိုက်ရသည်။

"မင်္ဂလာပါ...ခုထောက်မင်းတို့"





ပြောက်ကျားဝတ်စုံကို မာန်အပြည့်ဖြင့် ဝတ်ဆင်ထားသော အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရ၏။

"ငါဘယ်သူလဲဆိုတာ သိပ်ပြီးသိချင်နေမှာပေါ့၊ သိစေရမယ်၊ ပြီးတော့ ငါဘာလုပ်တော့မယ်ဆိုတာကိုပါ သိစေရမယ်၊ ကဲဟော့... ညှိသည်တော်တွေကို နေရာပေးလိုက်ပါ"

ရန်နောင်တို့ကို စတီးခုံငါးလုံးပေါ်တွင် ထိုင်ခိုင်းပြီးမှ

"ငါ့ရဲ့ရုပ်လွှာအမှန်ကို ဘယ်သူမှ မတွေ့ဘူးကြတဲ့အထဲမှာ မင်းတို့ဟာ ထူးခြားစွာတွေ့လိုက်ရတာပဲ၊ ဒီမှာကြည့်"

မျက်နှာမှ အရည်အလွှာတွေကို တစ်လွှာချင်းလွှာကာ (၇)လွှာပြောက်တော့မှ

"ဒီမျက်နှာဟာ ငါ့မျက်နှာစစ်စစ်ပဲ"

ရန်နောင်တို့မှာရှိုစီမေဒီဆိုတာကို သိလိုက်ရတော့သည်။

"ရှိုစီမေဒီဆိုတာ ငါပဲ၊ ငါ့ရဲ့အနာဂတ်လုပ်ငန်းကြီးက ဘာလဲ ဆိုတာဟိုမှာတွေ့လား၊ ဖန်ပြွန်ဒုံးကျည်..ဒါဟာ ကမ္ဘာကြီးကိုခြောက် ရာအကောင်းဆုံးအဆိပ်ငွေ့ဖန်ပြွန်ဒုံးကျည်နဲ့ ခြိမ်းခြောက်မလို့ပဲ"

"ခင်ဗျား ရည်ရွယ်ချက်က ခြိမ်းခြောက်ဖို့တ..ခုတည်းပဲ လား"

"နိုး...နိုး... ပြောပြရမှာပေါ့၊ ပြည်နယ်ခွဲထွက်ရေးအတွက်ပါ



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားနေတာ၊ ငါ့ဝမ်းသာပ်မှုကြီး အောင်မြင်ရင် ဒါနဲ့ အစိုးရကို အကျပ်ကိုင်မယ်၊ ပြီးရင် လွတ်လပ်တဲ့တိုင်းပြည်ထူထောင်မယ်၊ ပြီးရင် ငါက သမ္မတ ဖြစ်မယ်လေ…ဟားဟားဟား…"

ရှိစိမေဒီရဲ့ ရူးသွပ်သော စိတ်ကူးတွေကြောင့် အဓိပ္ပာယ်မဲ့စွာဖြင့် လူ့အသက်ပေါင်းများစွာ သေဆုံးရတော့မည်ဖြစ်သည်။

"ဒီလောက်ဆိုမင်းတို့လည်း သဘောပေါက်ကြပြီပေါ့၊ သူတို့ကိုခေါ်သွားလို့ရပြီ"

"ဂျောက်…ဂျောက်…ဂျောက်…"

"ဟင်…"

"ဟာ…"

ရန်နောင်တို့ ခါးကိုနံမှ စတီးခါးပတ်ကြီးတွေနှင့်ပတ်ပြီး ချုပ်ထားလိုက်သည်။

"တွီ…"

စတီးခုံကြီးမှာ မြေအောက်သို့ ကျသွားပြီး မြေအောက် အကျဉ်းစခန်းကြီးတစ်ခုကိုတွေ့လိုက်ရသည်။

အကျဉ်းစခန်းထဲတွင် သေအံ့ဆဲဆဲ ပညာရှင်ကြီးတွေနှင့် နှိပ်စက်ညှဉ်းပန်းခံထားရသော ပညာရှင်ကြီးတွေကိုတွေ့လိုက်ရသည်။

"မင်းတို့ကိုပထမဦးဆုံးစမ်းသပ်ထားတဲ့ ဓာတ်ငွေ့ရဲ့အစွမ်းနဲ့





သတ်မှာကွ"

"ဂျိုင်း"

ဖန်ပေါင်းအိုးကြီးတစ်ခုစီကို တစ်ယောက်ချင်းအုပ်လိုက်ပြီး အဆိပ်ငွေ့ဖြင့် သတ်ပစ်ရန် ပြင်ဆင်နေသည်။

"ဒီ…ဒီ…ဒီ…"

မြေအောက်အခန်းတစ်ခုလုံးရှိ အရောက်ပေးမီးနီတွေ ပြသည်နှင့် မြေအောက်ခန်းရှိလူတွေ ရုတ်ရုတ်သဲသဲဖြစ်ကုန်တော့သည်။

ရန်နောင်တို့ ဖန်ပေါင်းအိုးကြီးထဲမှ လွတ်မြောက်ရန် နည်းလမ်းကိုရှာနေသည်။ ကုတ်အဖြူကြီးနှင့်လူတစ်ယောက် ရောက်လာတာကြောင့်

"ဟင်…ဦးမင်းကျော်ဇော…"

မြန်မာပြည်မှ ဖမ်းဆီးခြင်းခံခဲ့ရသော ဦးမင်းကျော်ဇောဖြစ်နေသည်။

စက်ခုံကြီးပေါ်မှ ခလုတ်တွေကို နှိပ်လိုက်သည်နှင့် ရန်နောင်တို့ကို အုပ်ဆိုင်းထားသော ဖန်ပေါင်းအိုးကြီးတွေနှင့် စတီးခါးပတ်တွေ ပြုတ်ထွက်သွားလေသည်။

"ဒီကနေ အမြန်ဆုံးထွက်ဖို့ပြင်တော့၊ ဖန်ပြွန်ဒုံးကျည်ကြီး ပေါက်ကွဲတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ..."

"ဟင်..."

"ဒီဒုံးကျည်ကို ပညာရှင်တွေက နည်းပညာတစ်မျိုးနဲ့ ပေါက်ကွဲအောင် လုပ်ခဲ့ကြတာ၊ ကမ္ဘာ့လူသားတွေ ဒုက္ခမရောက်အောင်ရှိ-ရော့သော့...အချုပ်ခန်းထဲက ပညာရှင်တွေကို ခေါ်ထုတ်သွားကြတော့"

ရန်နောင်...ခေါင်...စီစီဖူးနှင့် ကွန်မန်ဒိုရဲဘော်(၂)ဦး အချုပ်ခန်းတံခါးတွေကို ဖွင့်ပြီး ပညာရှင်တွေကို ကယ်ထုတ်ရတော့သည်။

"အားလုံးစုံရင် ဟိုအခန်းမှာ ရဟတ်ယာဉ်ရှိတယ်၊ သွားကြမယ်"

"ဟိုကောင်တွေ လွတ်ကုန်ပြီ၊ ပစ်ကြစမ်း"

ရှီစီမေဒီ ထွက်ပြီးအော်ဟစ်ကာ ပစ်ခိုင်းပေမဲ့ သူ့အမိန့်ကို ဘယ်သူမှ မနာခံတော့ပေ။ အားလုံးတာ ကိုယ့်အသက်ရှင်လမ်းအတွက် ထွက်ပေါက်ဆီသို့သာပြေးနေရလေသည်။

"နင်တို့အားလုံးကို သတ်မယ်"

"ဟာ...ဒါတောင်ကြီးကို ဖောက်ခွဲမယ့်ခလုတ်"

တောင်ကြီးကို ပေါက်ကွဲစေမယ့်ခလုတ်ဆီကိုပြေးသွားနေသောကြောင့် ရန်နောင် ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်ကာ





"ခေါင်နဲ့ စီစီဖူး..."

"ရန်နောင်..."

"မင်းတို့သူတို့အားလုံးကိုခေါ်သွားကြတော့၊ ငါ ရှီစီမေဒီကို တားမယ်"

ရန်နောင်က ကျောခိုင်းပြီး ရှီစီမေဒီ ပြေးသွားတဲ့ စက်ခန်းဆီသို့လိုက်ကာ

"ကဲ...ဟာ..."

"ဒိုင်း..."

ရှီစီမေဒီသေနတ်နှင့်လှမ်းပစ်သဖြင့် ဘေးနံရံတွင် ကွယ်ကာ ခါးကြားမှ ဓားမြှောင်ထုတ်ပြီး အသင့်အနေထားမျိုးပြင်ထားပေမယ့် ရှီစီမေဒီကို တုံ့ပြန်ရန် စောင့်နေသေးသည်။

"ဒိုင်း..."

ရှီစီမေဒီ ၏သေနတ်ကျည်ဆံတွေကို ရှောင်တိမ်းပြီး အနီးဆုံးနေရာတွင် နေရာယူချိန်မှာတော့ ရှီစီမေဒီ စက်ခလုတ်ခန်းထဲသို့လှမ်းပြီးအဝင်တွင် ရန်နောင် အသက်ကိုစွန့်ပြီး ရှီစီမေဒီကို ဓားမြှောင်နှင့်ပစ်ပေါက်လိုက်သည်။

"ဒိုင်း..."

"အွတ်..."



www.burmeseclassic.com

www.burmeseclassic.com



"အား..."

"ဟာ..."

ဝက်ခလုတ်ထားတဲ့ အခန်းတစ်ခုလုံး လျှပ်စစ်တွေ ရိုက်ခတ်ပြီး မီးခိုးတွေ ထွက်ပေါ်လာတော့သည်။

ရှိစီမေဒီတတော့ ရင်ဘတ်မှာ စိုက်ဝင်နေသော ဓားကို နုတ်ယူပြီး အထဲသို့ဝင်ရန် ကြိုးစားပေမဲ့ ဘယ်လိုမှ မရတော့ဘဲ လဲကျသွားလေတော့သည်။

"ဝုန်း..."

မြေအောက်ခန်းကြီးတစ်ခုလုံး တုန်လှုပ်သွားပြီး ပြိုကျနေလေတော့သည်။

ရန်နောင်အတွက် ထွက်ပေါက်ကို ရှာလို့မရတော့ပေ။

"ရန်နောင်..."

"စီစီရှူး..."

"လာ...ဒီဘက်ကိုလာ"

စီစီရှူး လှမ်းပြီးခေါ်တဲ့ အသံလာရာဘက်ကို အပြေးကလေး သွားလိုက်ရသည်။ စီစီရှူး ပွင့်နေသော ကျောက်တံခါးကြီးပေါက်မှ ခေါ်လာတော့ ရဟတ်ယာဉ်ကြီးတစ်စင်းကို တွေ့လိုက်ရသည်။

ရဟတ်ယာဉ်ပေါ်တွင် အားလုံးစုံညီစွာ ရှိနေပြီဖြစ်တာ





ကြောင့် အပေါ်တွင် တောင်နံရံသဖွယ် ရှိနေသော ဂူကြီးကို ဦးမင်းကျော်ဇော ကျောက်နံရံမှ ခလုတ်တစ်ခုကို နှိပ်လိုက်သည်။

"ကျွီ..."

အပေါ်ကျောက်တံခါးချပ်ကြီး ပွင့်သွားတော့မှ ဦးမင်းကျော်ဇော ရဟတ်ယာဉ်ကြီးပေါ်သို့ တက်လာလေသည်။

"ဒီ...ဒီ...ဒီ..."

"ဒတ်...ဒတ်...ဒတ်..."

ရဟတ်ယာဉ်ကြီး ကောင်းကင်သို့ ဝတင်ပြီး ပျံတက်သွားလေပြီ။

ကောင်းကင်ထက်ဆီသို့ ရောက်ပြီး သိပ်မကြာ

"ဝုန်း..."

ကြောက်မက်ဖွယ်ကောင်းသော ပေါက်ကွဲသံကြီးကို ကြားလိုက်ရပြီး မီးခိုးလုံးကြီးတွေမှာ တောင်ကြီးတစ်ခုလုံးကို လွှမ်းသွားလေတော့သည်။

"တကယ့် သေမင်းနေရာက လွတ်ခဲ့ပြီပေါ့၊ ငါတို့တစ်တွေ ဒုလို လွတ်မြောက်ခဲ့တာဟာ မင်းတို့ကြောင့်ပါပဲကွာ"

"အန်ကယ်... တို့ရဲ့ကြိုးစားမှုတွေလည်း ပါပါတယ်"

"တကယ်တော့ ရှိစီမေဒီဟာ ရူးသွပ်နေတဲ့ မိန်းမတစ်ဦးပဲပါ

www.burmeseclassic.com



ပဲ၊ သူ့တီထွင်နိုင်းတဲ့စိတ်ကူးဟာ သူ့ဘဝကို ပြန်ပြီးအဆုံးသတ်လိုက်ပါပြီ"

"ရန်နောင်..."

"ခေါင်..."

"စီစီရှား..."

တစ်ယောက်မျက်နှာကို တစ်ယောက်ကြည့်ကာ ပြုံးမိလိုက်လေတော့သည်။

ထိုအပြုံးသည် နှင်းဆီမှန်တိုင်းကြားမှ လွတ်မြောက်ခဲ့သော အပြုံးတို့ပင် ဖြစ်တော့သည်။

နိုင်းမဟာ

BURMESE CLASSIC

www.burmeseclassic.com